မြန်မာ့အလင်း

၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၉ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်၊ ၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်၊ ကြာသပတေးနေ့၊ အတွဲ (၄၆)၊ အမှတ် (၂၈၇)

ခေတ်ဟောင်း၊ စနစ်ဟောင်း တစ်ခုကနေ ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းတော့မယ်ဆိုရင် ပထမဆုံးလိုအပ်ချက်ဟာ ခေတ်သစ်၊စနစ်သစ်နဲ့ ကိုက်ညီမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပဲဖြစ်၏။

အမျိုးသားညီလာခံကြီး၏ အနှစ်သာရကို သေးသိမ်ပျက်ပြားစေလိုသူတချို့ ညီလာခံကို ဆက်လက်တက်ရောက်ခြင်းမပြုသယောင် အသံပေးနေကြ ညီလာခံလုပ်ငန်းများ အောင်မြင်စွာဆောင်ရွက်ရေး ကာကွယ်သည့်ဥပဒေနှင့် ဖြီစွန်းအဆိုးမြင်ဝါဒီများမှာ လူတစ်စုသာဖြစ်ပြီး လိုလားထောက်ခံသူများက တစ်ပြည်လုံးရှိ

အမျိုးသားညီလာခံကြီး၏ အနှစ်သာရနှင့် ကိုယ်စားလှယ်များ၏ ကြိုးပမ်းချက် နိုင်ငံတစ်ဝန်းရှိ နိုင်ငံသားများသာမက ပြည်ပနိုင်ငံများကပါ လေ့လာသိရှိခဲ့ပြည်သူတစ်ရပ်လုံး အသေးစိတ်အခြေခံရမည့်မူများ သိရှိပြီး ယုံကြည်လက်ခံ

အမျိုးသား ညီလာခံ စုံညီ အစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အဖွင့်မိန့်ခွန်း ပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၈

ယနေ့ပြန်လည်စတင်ကျင်းပသည့် အမျိုးသားညီလာခံစုံညီအစည်းအဝေးတွင် သဘာပတိ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်း အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

ချစ်ကြည်လေးစားအပ်ပါသော အမျိုးသားညီလာခံကိုယ်စားလှယ်များခင်ဗျား–

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်အဖြစ်သို့ ကူးပြောင်းတည်ဆောက်ရမယ့် စနစ်ပြောင်း၊ ခေတ်ပြောင်းတာဝန်ကြီးကို ညင်သာချောမွေ့စွာ ဖော်ဆောင်နိုင်ရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမယ့် မူဝါဒလမ်းစဉ်(၇)ရပ် ချမှတ်ဆောင်ရွက်လျက်ရှိပါတယ်။ ပထမဆုံးနဲ့ အရေးအကြီးဆုံးအဆင့်ဖြစ်တဲ့ “၁၉၉၆ ခုနှစ်ကစတင်၍ ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိသော အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခြင်း”ဆိုတဲ့ လမ်းစဉ်တစ်ရပ်မှာ အင်တိုက်အားတိုက်၊ တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြတဲ့ ကိုယ်စားလှယ်တော်ကြီးများနဲ့ ယခုလို စုံစုံညီညီပြန်လည်တွေ့ဆုံရတဲ့အတွက် လှိုက်လှဲစွာဝမ်းမြောက်ပါကြောင်း ပြောကြားရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

စာမျက်နှာ ၃ ကော်လံ ၁ ✻

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပေါ်ပေါက်ရေးသည်မြန်မာနိုင်ငံသားအားလုံး၏တာဝန်ဖြစ်သည်။

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်ကတည်ထောင်သည်။
Established 1914

အယ်ဒီတာ့ အာဘော်

(၂၀၀၇ ခုနှစ်၊ ဇူလိုင် ၁၉ ရက်)

စားသုံးဆီဖူလုံရေး ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုး ကျန်းမာရေးနှင့်ညီညွတ်စေရန် လျှော့ချသုံးစွဲ

နိုင်ငံတော်တွင် အဓိကစားသုံးသီးနှံဖြစ်သည့် စပါးပြီးလျှင် ဆီထွက်သီးနှံသည် ဒုတိယအရေးပါသော သီးနှံဖြစ်သည်။ ပြည်တွင်းဆီစားသုံးမှုမှာ တစ်ဦးလျှင် တစ်နှစ်ပျမ်းမျှ ခြောက်ပိဿာခန့်ရှိရာ နိုင်ငံလူဦးရေအတွက် စားသုံးဆီပိဿာ ၃၂၄ သန်းခန့် လိုအပ်သည်။

ပြည်တွင်းစားသုံးဆီ ဖူလုံမှုမရှိသဖြင့် စားအုန်းဆီများကို ပြည်ပမှတစ်နှစ်လျှင် အမေရိကန်ဒေါ်လာသန်း ၇၀ ဖိုးခန့် တင်သွင်းနေရသည်။ စားအုန်းဆီတင်သွင်းရန် နှစ်စဉ်ကုန်ကျငွေဖြင့် မြစ်ကူးတံတားကြီး လေးငါးခြောက်စင်းမျှ တည်ဆောက်နိုင်သော အနေအထား တွင်ရှိသည်။

ယခင်က နိုင်ငံ့လူဦးရေ နည်းပါးသဖြင့် မကွေးတိုင်းမှ ထွက်ရှိသည့် စားသုံးဆီများဖြင့် လုံလောက်မှုရှိခဲ့သည်။ ယခုအခါ လူဦးရေတိုးတက်လာခဲ့သဖြင့် စားသုံးဆီကို ပြည်ပမှ တင်သွင်းနေရသည်။

စားသုံးဆီများကို နှမ်း၊ မြေပဲ၊ နေကြာ၊ ပန်းနှမ်းစသော ရာသီသီးနှံများမှ ရရှိသော်လည်း တစ်ဧကအထွက်နှုန်း ပိုမိုမြင့်မားသော ဆီအုန်းပင်များ တိုးချဲ့စိုက်ပျိုးခြင်းဖြင့် ပြည်တွင်းစားသုံးမှုဖူလုံပြီး ပြည်ပသွင်းကုန် အစားထိုးနိုင်မည် ဖြစ်သည်။

ယခုအခါ စားအုန်းဆီထုတ်လုပ်မှု တိုးတက်လာသည်နှင့်အမျှ စားအုန်းဆီ ဝယ်ယူမှု အတွက်နိုင်ငံခြားသုံးငွေ လျှော့နည်းသက်သာရေး၊ သွင်းကုန်အစားထိုးနိုင်ရေး၊ စားသုံးဆီ ဖူလုံစေရေးအတွက် ရေ၊ မြေ၊ ရာသီဥတုအခြေအနေပေးသည့် တနင်္သာရီတိုင်းတွင် ဆီအုန်းတိုးချဲ့စိုက်ပျိုးရန် နိုင်ငံတော်က တိုင်းရင်းသား လုပ်ငန်းရှင်များအား မြေလွတ်မြေရိုင်းများကို လုပ်ကိုင်ခွင့်ပြုထားသည်။

နိုင်ငံတော်က ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် တနင်္သာရီတိုင်းတွင် ဆီအုန်းဧကငါးသိန်းစိုက်ပျိုးနိုင်ရေး ရည်မှန်းဖော်ဆောင်လျက်ရှိရာ တိုင်းရင်းသားလုပ်ငန်းရှင်များ၏ ကုမ္ပဏီ ၃၅ ခုတို့က ပါဝင်စိုက်ပျိုးလျက်ရှိကြသည်။ အချို့ကုမ္ပဏီများဆိုပါက ဆီအုန်းဆီကြိတ် စက်ရုံများပင် တည်ဆောက်၍ လုပ်ငန်းလည်ပတ်လျက် ရှိနေပြီဖြစ်သည်။

သို့ဖြစ်ရာ ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် တိုင်းရင်းသားလုပ်ငန်းရှင်များ၊ တောင်သူလယ်သမားများက ဆီထွက်သီးနှံများကို တိုးချဲ့စိုက်ပျိုးသွားကြရမည်ဖြစ်သကဲ့သို့ တိုင်းရင်းသားပြည်သူများအနေဖြင့် စားသုံးဆီဈေးနှုန်းတည်ငြိမ်ရေး၊ ကျန်းမာရေးနှင့်ညီညွတ်စေရေးနှင့် နိုင်ငံခြားသုံးငွေ ခြိုးခြံချွေတာရေးတို့အတွက် စားသုံးဆီကိုလျှော့ချသုံးစွဲသွားကြရမည် ဖြစ်ပေသည်။ ။

ပြည်သူ့သဘောထား

- ✳ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✳ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ✳ ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ဦးချစ်ခိုင်၊ဒေါ်ညွန့်စိန်နှင့် ဦးစိန်အေး၊ ဒေါ်စောကြည်တို့အား ရည်စူး၍ ရန်ကုန်တိုင်း အလုံမြို့နယ် ငုဝါလမ်း အမှတ် ၁၇၀နေ ဦးညဏ်ဝင်း-ဒေါ်စုစုမာ၊ သမီး မမြတ်မြတ်သင်း၊ သား မောင်သုထူး၏ မိသားစုက ဒဂုံမြို့နယ် အမှတ် ၁၆ စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ် ကျောင်းတော်ကြီးအတွက် အလှူငွေကျပ်တစ်သိန်းကို ပိဋကတစ်ပုံအောင် ဆရာတော် ဘဒ္ဒန္တအဂ္ဂသာရာလင်္ကာရထံ ရေစက်ချ အနုမောဒနာတရားနာယူပြီး တိ=နိ(ရန်ကုန်ဌာန) အတွင်းရေးမှူး ဦးကျော်စိန်ထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

တောင်ဥက္ကလာပမြို့နယ်(၄)ရပ်ကွက် ကေတုမာလာရိပ်သာ ၁လမ်း အမှတ်၅၆နေ ကိုတင်မောင်ဆွေအား ရည်စူး၍ ဦးချစ်ဆွေ -ဒေါ်တင်တင်ဝင်း၊သမီးမမာလာဆွေ မိသားစုကစစ်ကိုင်း မင်းကွန်း လမ်းမြေဖို့လုပ်ငန်း အတွက် ငွေကျပ်တစ်သိန်းလှူဒါန်းရာ (သီတဂူ ကြာတစ်ပွင့်)ရွှေပြည်ဟိန်း ဆရာတော် အရှင်ခေမာသိရီလင်္ကာရက ဂုဏ်ပြုလွှာ ပြန်လည်ချီးမြှင့်တော်မူစဉ်။ (က-ပ)

ကျန်းမာရေးအသိပညာပေး၊ ကွင်းဆင်းကုသ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင် ဒေါက်တာသန်းဦး ဦးဆောင်၍ အသင်းပိုင် ရောဂါရှာဖွေရေးဆေးခန်းမှ တာဝန်ခံဆရာဝန် ဒေါက်တာ ဒေါ်ခင်သန်းနွယ်နှင့် အဖွဲ့ဝင်များသည် ရန်ကုန်တိုင်း မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဝင် ဒေါက်တာဒေါ်ခင်သက်မြိုင်နှင့်အတူ ရန်ကုန်တိုင်း မြောက်ဥက္ကလာပ မြို့နယ်(၅)ရပ်ကွက် မိခင်နှင့်ကလေးစောင့်ရှောက်ရေး အသင်းခွဲသို့ ဇူလိုင်၁၄ရက်က ရောက်ရှိပြီး ရှေးဦးစွာ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက အသိပညာပေးရခြင်း အကြောင်းရင်း၊ လုံခြုံစိတ်ချမိခင်ဘဝနှင့် အမျိုးသမီးများ မျိုးပွားအင်္ဂါ ကင်ဆာအကြောင်းတို့ကို အသိပညာပေး ဆွေးနွေးကြသည်။

ဆက်လက်၍ ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်က ငွေကျပ် တစ်ဆယ့်ငါးသိန်းတန်ဖိုးရှိ သားဖွားခန်းသုံး ဆေးနှင့်ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ **(အောက်ပုံ)** ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌက လက်ခံယူသည်။

အပြန်အလှန်

ထို့နောက် အသင်းခွဲကို အခြေပြု၍ အဖွဲ့ငယ်များဖွဲ့ကာ ကိုယ်ဝန်ဆောင် အမျိုးသမီး ၁၁၂ဦးတို့အား ကိုယ်ဝန်စမ်းသပ်ပေးခြင်း၊ ဆီးစစ်ပေးခြင်း၊ အထွေထွေသွေးစစ်ပေးခြင်း၊ (PMCT) စီမံချက်အရ မိခင်မှသန္ဓေသားသို့ (အိတ်ချ်အိုင်ဗွီ)ရောဂါပိုး ကူးစက်မှု တားဆီးကာကွယ်ပေးရေးအတွက် နှစ်သိမ့်ဆွေးနွေးပေးခြင်းနှင့် ကိုယ်ဝန်ဆောင် ၅၆ဦးတို့အား သွေးဖောက် စစ်ဆေးပေးခြင်း၊ အိမ်ထောင်သည် အမျိုးသမီး ၅၆ဦးတို့အား သားအိမ်ခေါင်းကင်ဆာ ကြိုတင်သိရှိကာကွယ် ကုသနိုင်ရေးအတွက် Pap Smear စမ်းသပ်ပေးခြင်း၊ အမျိုးသမီးများအား ရင်သားစမ်းသပ်ပေးခြင်း၊ လိုအပ်သူများအား သက်ဆိုင်ရာဆေးရုံများသို့ ညွှန်းပို့ပေးခြင်းနှင့် အမျိုးသား ၈၅ဦးတို့အား ကွန်ဒုံးအသုံးပြုမှု လက်တွေ့ရှင်းပြခြင်းနှင့် အပြန်အလှန်ဆွေးနွေးခြင်းတို့ကို ပြုလုပ်ပြီး ကွန်ဒုံး ၇၂၀ကို ပေးဝေခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြဝတီရုပ်မြင်သံကြား

၁၉-၇-၂၀၀၇
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၅ ၂။ အဖွင့်သီချင်း
၇း၁၀ ၃။ မျိုးချစ်တပ်မတော်
၇း၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇း၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀ ၇။ သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၅ ၂။ အဖွင့်သီချင်း
၄း၁၀ ၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၁၅ ၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၅ ၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၅၅ ၆။ မျိုးချစ်တပ်မတော်
၅း၂၅ ၇။ မြန်မာသံစဉ်ချိုနှားဝင်
၅း၃၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၅း၃၅ ၉။ ရွှင်ကြည်ပြုံးစရာတေးကဗျာ
၅း၄၀ ၁၀။ သာယာသီကြွေး ခေတ်ဆန်းတေး
၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၂။ နိုင်ငံတကာသတင်း
၆း၂၅ ၁၃။ လျှပ်တစ်ပြက်
၆း၅၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
၇း၀၀ ၁၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မြင်မြင်ချင်းပဲကွယ်** (အပိုင်း-၁၃)
၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ကုန်သွယ်သုတ
၂၀။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သိုင်းလောကမုန်တိုင်း** (ဒုတိယတွဲ) (အပိုင်း-၁၆)

ရေးမြို့နယ်အသင်း (ရန်ကုန်) ဝါဆိုသင်္ကန်းကပ်လှူမည်

ရန်ကုန် ဇူလိုင် ၁၈

ရေးမြို့နယ်အသင်း (ရန်ကုန်)၏ ဆဋ္ဌမအကြိမ် ဝါဆိုသင်္ကန်းကပ်လှူပွဲကို (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလဆန်း၈ရက်) ဇူလိုင် ၂၂ရက်(တနင်္ဂနွေနေ့)နံနက်၉နာရီတွင် သာကေတမြို့နယ် ၇ရပ်ကွက် နေလကမ္ဘာ သာသနာ့ဗိမာန် ဘုန်းတော်ကြီးကျောင်းတွင် ကျင်းပမည်ဖြစ်ရာ ဝါဆိုသင်္ကန်း၊ ပရိက္ခရာ၊ လှူဖွယ် ဝတ္ထုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းပူဇော်လိုသူများသည် ဥက္ကဋ္ဌဦးဝမ်ရှိန် ဖုန်း-၂၅၀၃၃၂၊ အတွင်းရေးမှူး ဦးဖေအောင် ဖုန်း-၅၇၀၀၆၂၊ ဦးဝင်းတင် ဖုန်း-၅၇၂၅၄၂၊ ဦးသက်ဝေ ဖုန်း- ၅၄၈၃၅၇၊ ဒေါ်မိမိစန်း ဖုန်း-၀၉-၉၉-၂၀၃၁၈နှင့် နီးစပ်ရာအမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

နိုင်ငံတော်က ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ်ပေါ်ပေါက်ရေး အမျိုးသားရေးတာဝန်အဖြစ်သတ်မှတ်ပြီး တစိုက်မတ်မတ်ကြိုးပမ်းဆောင်ရွက်ခဲ့ အတိတ်၊ ပစ္စုပ္ပန်နှင့်အနာဂတ်ကိုနှိုင်းယှဉ်ပြီး လွတ်လပ်ပွင့်လင်းစွာဆွေးနွေးတိုင်ပင်

* ရှေ့ဖုံးမှ

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

ဖွဲ့စည်းပုံအခြေခံဥပဒေဆိုတာ နိုင်ငံတစ်နိုင်ငံကကျင့်သုံးတဲ့ နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်နဲ့ လူမှုရေးစနစ်တို့ကို ထိန်းကျောင်းပေးတဲ့ ပင်မဥပဒေကြီးပဲ ဖြစ်ပါတယ်။ ဒါကြောင့် ခေတ်ဟောင်း၊ စနစ်ဟောင်း တစ်ခုကနေ ခေတ်သစ်၊ စနစ်သစ်တစ်ခုကို ကူးပြောင်းတော့မယ်ဆိုရင် ပထမဆုံးလိုအပ်ချက်ဟာ ခေတ်သစ်၊ စနစ်သစ်နဲ့ကိုက်ညီမယ့် ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ရပ်ပဲ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေမရှိသေးဘဲ ခေတ်သစ်၊ စနစ်သစ်ဆီကို အလျင်စလို ကူးပြောင်းရင် ကြီးမားတဲ့ ချွတ်ချော်လွဲမှားမှုတွေ ဖြစ်ပေါ်ပြီး နိုင်ငံတော်အတွက် ထိခိုက်နစ်နာတတ်ပါတယ်။

ရာခိုင်နှုန်းပြည့်

ဒါကြောင့်လဲ တပ်မတော်အစိုးရဟာ ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်တစ်ရပ် ပေါ်ပေါက်ရေးကို အမျိုးသားရေး တာဝန်အဖြစ် သတ်မှတ်ပြီး တစိုက်မတ်မတ် ကြိုးပမ်းဆောင်ရွက်ခဲ့ပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်ဟာ မိမိနိုင်ငံ၊ မိမိလူမျိုးနဲ့ အံဝင်ခွင်ကျဖြစ်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့် ပြည်သူတွေလိုလားတဲ့ စနစ်နဲ့ကိုက်ညီတဲ့ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ပေါ်ထွန်းလာရေးအတွက် တစ်ဖက်က ကြိုးပမ်းခဲ့သလို အခြားတစ်ဖက်က မိမိနိုင်ငံနဲ့ မိမိလူမျိုးကို ခေတ်သစ်၊ စနစ်သစ်အတွက် အဆင်သင့်ဖြစ်အောင် အချိန်နဲ့အမျှ မနားတမ်း အားသွန်ကြိုးပမ်းဖော်ဆောင်ခဲ့ပါတယ်။ တစ်ချိန်တည်းမှာပဲ ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့မှာ အမျိုးသားညီလာခံကြီးကို ပြန်လည်ကျင်းပခဲ့ပြီး ကိုယ်စားလှယ်တော်ကြီးများကိုယ်တိုင် အသေးစိတ်အခြေခံရမယ့်မူတွေကို ကြိုးပမ်းညှိနှိုင်းချမှတ်ခဲ့လို့ တစ်ဆင့်ပြီးတစ်ဆင့် ပြည့်စုံပြီးမြောက်လာခဲ့တာဟာ ယခုဆိုရင် ရာခိုင်နှုန်းပြည့် ပြီးမြောက်တော့မယ့် အချိန်ကို ရောက်ရှိလာပြီဖြစ်တဲ့အတွက် အလွန်ဝမ်းမြောက်ဂုဏ်ယူဖွယ်ရာ ဖြစ်ကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

၁၉၉၆ခုနှစ်ကစတင်ပြီး ယာယီအားဖြင့် ဆိုင်းငံ့ထားလျက်ရှိတဲ့ အမျိုးသားညီလာခံကြီးကို ပထမအကြိမ်အဖြစ် ၂၀၀၄ခုနှစ် မေလ၁၇ရက်နေ့မှ ဇူလိုင်လ ၉ရက်နေ့အထိလည်းကောင်း၊ ဒုတိယအကြိမ်အဖြစ် ၂၀၀၅ခုနှစ် ဖေဖော်ဝါရီလ ၁၇ရက်နေ့မှ မတ်လ၃၁ရက်နေ့အထိလည်းကောင်း၊ တတိယအကြိမ်အဖြစ် ၂၀၀၅ခုနှစ် ဒီဇင်ဘာလ ၅ ရက်နေ့မှ ၂၀၀၆ခုနှစ် ဇန်နဝါရီလ၃၁ရက်နေ့အထိလည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၀၀၆ခုနှစ် အောက်တိုဘာလ ၁၀ ရက်နေ့မှ ဒီဇင်ဘာလ ၂၉ ရက်နေ့အထိလည်းကောင်း ပြန်လည်ကျင်းပခဲ့ရာမှာ ကိုယ်စားလှယ်တော်ကြီးများဟာ အတိတ်၊ ပစ္စုပ္ပန်နဲ့ အနာဂတ်ကိုနှိုင်းချိန်ပြီး မိမိတို့ရဲ့ အတွေ့အကြုံ၊ ဗဟုသုတ၊ အတွေးအခေါ်အသီးသီးကို အားလုံးရဲ့ သဘောတူညီမှုရသည်အထိ လွတ်လပ်ပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းတိုင်ပင် နိုင်ခဲ့ကြပါတယ်။ ကိုယ်စားလှယ်တော်ကြီးများရဲ့ နိုင်ငံနဲ့လူမျိုးအပေါ် သစ္စာစောင့်သိမှု၊ ပြည်ထောင်စုစိတ်ဓာတ်ခိုင်မာမှု၊ အမြော်အမြင်ကြီးမားမှုတွေကြောင့် ရရှိလာတဲ့ရလဒ်တွေဟာ သမိုင်းဝင်စာမျက်နှာများဖြစ်လာတော့မှာ ဖြစ်ပါတယ်။

ပြန်လည်ဆွေးနွေး

ယခုတစ်ကြိမ်မှာ ရွေးကောက်တင်မြှောက်ခြင်းအခန်း၊ နိုင်ငံရေးပါတီများအခန်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအခန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းအခန်း၊ နိုင်ငံတော်အလံ အထိမ်းအမှတ်တံဆိပ်သီချင်းနှင့်မြို့တော်အခန်း၊ ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များအခန်းနဲ့ အထွေထွေပြဋ္ဌာန်းချက်များအခန်းတို့အတွက် ယခင်တစ်ကြိမ်က ကိုယ်စားလှယ်တော်ကြီးများ အကြံပြုခဲ့တဲ့အချက်တွေကိုစုစည်းပြီး ပြန်လည်ဆွေးနွေးကာ အသေးစိတ်အခြေခံရမယ့်မူများအဖြစ် ညှိနှိုင်းတိုင်ပင် ချမှတ်ကြရမှာဖြစ်ပါတယ်။

အင်အားနည်းပါး

အမျိုးသားညီလာခံစတင်သည့်မှ နောက်ဆုံးအချိန်အထိ ကိုယ်စားလှယ်တော်ကြီးများ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ခိုင်မာရေးအတွက် ဘက်စုံထောင့်စုံက ဆွေးနွေးသုံးသပ်ပြီး တညီတညွတ်တည်း ချမှတ်ထားခဲ့ကြတာဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲတဲ့အခါ မလွဲမသွေအခြေခံရမယ့် အချက်တွေဖြစ်ပါတယ်။ အမျိုးသားညီလာခံကြီးရဲ့ အနှစ်သာရကို သေးသိမ် ပျက်ပြားစေလိုသူတချို့က အခြေခံ ဥပဒေအသစ်ကို ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူတွေက ချည်နှောင်ထားမှာကို လက်မခံနိုင်လို့ အမျိုးသားညီလာခံကို ဆက်လက်တက်ရောက်ခြင်းမပြုသယောင် အသံပေးနေကြပါတယ်။ အမှန်တော့ ချမှတ်ထားပြီးဖြစ်တဲ့ အခြေခံမူတွေကို မျက်ကွယ်ပြုခြင်းအားဖြင့် ကျင်းပပြီးစီးခဲ့တဲ့ အမျိုးသား ညီလာခံကြီးရဲ့ လုပ်ငန်းစဉ်တစ်ရပ်လုံးကို ပယ်ဖျက်လိုက်လိုခြင်းပဲဖြစ်ပါတယ်။ ဒီလို ဖျက်လိုဖျက်ဆီးပြောကြားခြင်းဟာ ခိုင်မာတဲ့ဖွဲ့စည်းပုံ အခြေခံဥပဒေဖြစ်ပေါ်လာရေးကို ရှေးရှုပြီး အမျိုးသားညီလာခံက ဆောင်ရွက်လျက်ရှိတဲ့ လုပ်ငန်းတွေကို ထိခိုက်ပျက်ပြားစေရန်ဖြစ်စေ၊ သေးသိမ်စေရန်ဖြစ်စေ၊ ပြည်သူများ အထင်အမြင်လွဲမှားစေရန်ဖြစ်စေ၊ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း၊ လှုံ့ဆော်ခြင်း၊ ဟောပြောခြင်း၊ ပြောဆိုခြင်း၊ ရေးသားဖြန့်ဝေခြင်း၊ တရားဝင်ဆောင်ရွက်ပိုင်ခွင့်မရှိဘဲ အမျိုးသားညီလာခံရဲ့လုပ်ငန်းများကို ဆောင်ရွက်ခြင်း(သို့မဟုတ်)နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲခြင်း(သို့မဟုတ်)ရေးဆွဲဖြန့်ဝေခြင်းစတဲ့ အဖျက်လုပ်ငန်းများနဲ့ အကျုံးဝင်တာကြောင့် နိုင်ငံတော်တာဝန်ကို တည်ငြိမ် အေးချမ်းစွာ စနစ်တကျလွှဲပြောင်းပေးရေးနှင့် အမျိုးသားညီလာခံလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရေးတို့ကို နှောင့်ယှက်ဆန့်ကျင်ခြင်းမှ ကာကွယ်သည့် ဥပဒေနဲ့ ငြိစွန်းလျက်ရှိပါတယ်။ သို့သော် အဆိုးမြင်ဝါဒီများဟာ အလွန်အင်အားနည်းပါးတဲ့ လူတစ်စုသာဖြစ်ပြီး အမျိုးသားညီလာခံကြီးကို လိုလားထောက်ခံသူတွေကတော့ တစ်ပြည်လုံး အတိုင်းအတာနဲ့ရှိနေကြောင်း ပြောကြားလိုပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

အမျိုးသားညီလာခံကျင်းပစဉ် ကာလတစ်လျှောက်လုံး ကိုယ်စားလှယ်တော်ကြီးများရဲ့ အကြံပြုတင်ပြချက်များ၊ သဘာပတိအဖွဲ့ရဲ့ စုစည်းသုံးသပ်ချက်များ၊ ကိုယ်စားလှယ်တော်ကြီးများက ပြန်လည်ဆွေးနွေးပြီး အသေးစိတ်အခြေခံရမယ့် မူတွေအဖြစ် ချမှတ်မှုများကို ရုပ်မြင်သံကြားများနဲ့ သတင်းစာများမှာ တစ်လုံးတစ်ပါဒမျှ မကျန်ရအောင် ထုတ်လွှင့်ဖော်ပြခဲ့ပြီးဖြစ်တဲ့အတွက် အမျိုးသားညီလာခံကြီးရဲ့ အနှစ်သာရနဲ့ ကိုယ်စားလှယ်တော်ကြီးများရဲ့ ကြိုးပမ်းချက်များကို နိုင်ငံတစ်ဝန်းလုံးမှာရှိတဲ့ နိုင်ငံသားများသာမက ပြည်ပနိုင်ငံများကပါ လေ့လာသိရှိခဲ့ကြပြီး ဖြစ်ပါတယ်။ ဒါကြောင့်လဲ ယနေ့အချိန်အခါမှာ ပင်ကို အသိနဲ့ အမျိုးသားညီလာခံကြီးကို ထောက်ခံပြီး လှုပ်ရှားဆောင်ရွက်နေကြသူတွေလဲ အများအပြား ရှိနေကြပါတယ်။

ယုံကြည်လက်ခံ

ဒါ့အပြင် အမျိုးသားညီလာခံ ကိုယ်စားလှယ်ကြီးများက နီးစပ်ရာ အသိုင်းအဝိုင်းတွေမှာ ပြန်လည်ရှင်းလင်းပြောကြားတဲ့အတွက်လဲ ယနေ့ပြည်သူလူထုတစ်ရပ်လုံးဟာ အမျိုးသားညီလာခံက ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများကို သိရှိနားလည်ပြီး ယုံကြည်လက်ခံလျက်ရှိကြပါတယ်။

ယခုတစ်ကြိမ်ဟာ နောက်ဆုံးအကြိမ်ဖြစ်တာနဲ့အညီ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများကို ရှေ့နောက်ညီညွတ်ဆီလျော်အောင် အစအဆုံးပြန်လည်သုံးသပ်ကြဖို့ လိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ မူလဦးတည်ချက်များနဲ့ ချမှတ်ခဲ့တဲ့ အသေးစိတ်အခြေခံရမယ့်မူများရဲ့ သဘောအဓိပ္ပာယ်မှ ကွဲလွဲမှုမရှိစေဘဲ လိုအပ်သမျှကိုသာ ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။

ကိုယ်စားလှယ်တော်ကြီးများခင်ဗျား–

နိဂုံးချုပ်အားဖြင့် ပြောကြားရရင် ကိုယ်စားလှယ်တော်ကြီးများရဲ့ တည်းခိုရေး၊ စားသောက်ရေး၊ ပို့ဆောင်ရေး၊ လုံခြုံရေးတို့ကို အတွေ့အကြုံရင့်ကျက်ပြီးဖြစ်တဲ့ စီမံခန့်ခွဲရေးဆိုင်ရာ ပုဂ္ဂိုလ်အသီးသီးက ပြည့်ပြည့်စုံစုံ ကြိုတင်ပြင်ဆင်ထားပါတယ်။ အခြေအနေအရ ထပ်မံလိုအပ်ချက်ရှိရင်လဲ ဆိုင်ရာပုဂ္ဂိုလ်များနဲ့ ညှိနှိုင်းရယူသွားနိုင်ကြပါတယ်။ အထူးသဖြင့် မှာကြားလိုတာကတော့ အမျိုးသားညီလာခံအပေါ် မလိုလားသူအချို့ ရှိနေတဲ့အတွက် ကိုယ်စားလှယ်တော်ကြီးတိုင်းက လုံခြုံရေးအသိ၊ လုံခြုံရေးသတိနဲ့ ဝိုင်းဝန်းကာကွယ်စောင့်ရှောက်သွားကြဖို့ ဖြစ်ပါတယ်။ ကိုယ်စားလှယ်တော်ကြီးများအားလုံး ကျန်းမာရွှင်လန်းစွာနဲ့ အမျိုးသားညီလာခံကြီးရဲ့ တာဝန်များကို ထမ်းဆောင်နိုင်ကြပါစေလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျား။ ။

> အမျိုးသားညီလာခံစတင်သည့်မှ နောက်ဆုံးအချိန်အထိ ကိုယ်စားလှယ်တော်ကြီးများ ချမှတ်ခဲ့တဲ့ အခြေခံမူများနဲ့ အသေးစိတ်အခြေခံရမယ့်မူများဟာ ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ခိုင်မာရေးအတွက် ဘက်စုံထောင့်စုံက ဆွေးနွေး သုံးသပ်ပြီး တညီတညွတ်တည်း ချမှတ်ထားခဲ့ကြတာဖြစ်တဲ့ အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ရေးဆွဲတဲ့အခါ မလွဲမသွေအခြေခံရမယ့် အချက်တွေဖြစ်။

ရွှေညီလာတမ်းချင်း

❒ မိုးဝသန်ခါ ဆင်တာရာနှင့်
ပုန်းညက်ပွင့်စို၊ လဝါဆိုတွင်
ညောင်နှစ်ပင်မည် သည်ဌာနီမှာ
တနသ်ာရီ တောင်ဖျားဆီမှ
မြောက်ပြည်နှင်းစို ခါကဘိုရာ
တောင်သေလာထိ ရောချင်းတွင်း
စီးဆင်းပူးပေါင်း စစ်တောင်းသံလွင်
တစ်ပြည်တွင်ဖွား သွေးသားရင်းချာ
မြန်မာမျိုးတို့ဆုံတော့မည်။

❒ အခြားဖိတ်ကြား တိုင်းရင်းသားနှင့်
အလုပ်သမားလယ်သမား ဝန်ထမ်းများမကျန်
ရွေးချယ်ခံသည့် တတ်သိပညာရှင်
ညီလာကိုယ်စားလှယ် အသွယ်သွယ်တို့
ဖလှယ်ခါခါ ကြာကြာရှည်ရှည်
ကျေကျေညက်ညက် ရှေ့ဆက်သွားရာ
မူဝါဒလမ်းစဉ် အောင်မြင်စေရေး
ဦးစားပေးကာ ရွှေညီလာတွင်
တိုင်ပင်ဆွေးနွေးနေရှာ့မည်။

❒ သည်ရေသည်မြေ ဒို့မျိုးဆွေနှင့်
သည်မြေနယ်ဖွား ဒို့သွေးသားတို့
စိတ်ထားတူညီ ကြည်ဖြူလက်တွဲ
စဉ်မြဲလေးထား ရေကိုသားလည်း
အကြားမထင် ပြည်ခွင်တိုင်းကျိုး
သယ်ပိုးကြမည် တက်ညီလက်ညီ
တေးသံညီလျက် ပြည်တွက်ပြည်ရေး
ဆွေးနွေးတိုင်ပင် အောင်ပွဲဆင်ရာ
ရွှေညီလာကိုလွမ်းတော့သည်။ ။

ဖိုးရန်နိုင်(ကျောက်ကြီး)

19-7 (03) 1 7/19/07, 2:29 AM

■ *ကျောဖုံးမှ*

ယနေ့ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများဖြစ်ကြသည့် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ပါတီ၊ ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်၊ ရှမ်းပြည် ကိုးကန့်ဒီမိုကရက်တစ်ပါတီ၊ မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့၊ လားဟူအမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီ၊ ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်၊ ကိုးကန့်ဒီမိုကရေစီနှင့် ညီညွတ်ရေးပါတီနှင့် “ဝ”အမျိုးသား ဖွံ့ဖြိုးတိုးတက်ရေးပါတီတို့မှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ၊မြို(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့နှင့် တစ်သီးပုဂ္ဂလတို့မှ ရွေးချယ်ခံရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တိုင်းရင်းသားလူမျိုး ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမားကိုယ်စားလှယ်များဖြစ်ကြသည့် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ စစ်ကိုင်းတိုင်း၊ တနင်္သာရီတိုင်း၊ ပဲခူးတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့မှ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင် အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များဖြစ်ကြသည့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၊ နိုင်ငံတော်သမ္မတရုံး၊ ပြည်သူ့လွှတ်တော်ရုံး၊ အစိုးရအဖွဲ့ရုံး၊ တရားရုံးချုပ်၊ ရှေ့နေချုပ်ရုံး၊ စာရင်းစစ်ချုပ်ရုံး၊ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်ရုံး၊ ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ဝန်ကြီးဌာနအသီးသီးတို့မှ နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ၊ အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များတွင် တစ်ဦးချင်းဖိတ်ကြားထားသူများနှင့် ဥပဒေဘောင်အတွင်း ဝင်ရောက်ခဲ့ကြသည့် တိုင်းရင်းသားအဖွဲ့အစည်းများဖြစ်ကြသော ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၁)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၂)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၃)၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း) အထူးဒေသ(၄)၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) အထူးဒေသ(၅) (KDA)၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အထူးဒေသ(၆)၊ ကချင်ပြည်နယ် အထူးဒေသ(၁)၊ကချင်ပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၁)၊ ကယားပြည်နယ် အထူးဒေသ(၂)၊ ကယားပြည်နယ် အထူးဒေသ(၃)၊ ကရင်နီအမျိုးသား ဒီမိုကရက်တစ်ပါတီ (KNDP) (နဂါး)အဖွဲ့၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP) ခွဲထွက်(ဟိုယာ)၊ ကရင်နီအမျိုးသားစည်းလုံးညီညွတ်ရေးပါတီ (ကမစည)၊ တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားအစည်းအရုံး (DKBA)၊ ဟောင်သရော အထူးဒေသအဖွဲ့၊ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ်ခဲ့ကြသည့် ကရင်ပြည်နယ် ဘားအံမြို့နယ် ငြိမ်းချမ်းရေးမြို့သစ်အဖွဲ့၊ ဗမာပြည်ကွန်မြူနစ်ပါတီ (ရခိုင်အဖွဲ့)၊ ရခိုင်တပ်မတော် (AA) အဖွဲ့၊ ဟိုမိန်းဒေသ ဖွံ့ဖြိုးရေးနှင့်သက်သာချောင်ချိရေးအဖွဲ့၊ ရွှေပြည်အေး (MTA) အလင်းဝင်အဖွဲ့၊ မန်ပန်ဌာနေပြည်သူ့စစ်အဖွဲ့၊ မွန်လက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့(ချောင်ချိဒေသ)နှင့် မွန်(ခွဲထွက်) နိုင်စိုက်ချမ်းအဖွဲ့တို့မှ အမျိုးသားညီလာခံ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်တွင်း ပြည်ပ သတင်းထောက်များအား တွေ့ရစဉ်။ (သတင်းစဉ်)

သတင်းရယူ

ထို့အပြင် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာသံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr.Hul Phany ဦးဆောင်သည့် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ၊ သီရိလင်္ကာ ဒီမိုကရက်တစ် ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ပြင်သစ် သမ္မတနိုင်ငံတို့မှသံအမတ်ကြီးများ၊ဆားဗီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်အစ္စလာမ်မစ် သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံရုံး ယာယီတာဝန်ခံများ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်များနှင့် ကုလသမဂ္ဂ အဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့ တက်ရောက်လေ့လာကြပြီး ကျိုဒိုသတင်းဌာနမှ ဦးစိန်ဝင်း၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းနာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များ၊ ပြန်ကြားရေးနှင့် စာနယ်ဇင်းဆိုင်ရာ ပုဂ္ဂိုလ်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာချုပ်များနှင့် သတင်းတာဝန်ခံများ တက်ရောက် သတင်းရယူကြသည်။

အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက် လေ့လာကြသည့် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။ (သတင်းစဉ်)

လက်မှတ်ရေးထိုး

အမျိုးသားညီလာခံ စုံညီအစည်းအဝေး မစတင်မီ နံနက် ၇ နာရီခွဲမှ စတင်၍ အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ် ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီ အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များ၊ ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ တောင်သူလယ်သမား ကိုယ်စားလှယ်များ၊ အလုပ်သမား ကိုယ်စားလှယ်များ၊ အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များ၊ နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များနှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပရာ ပြည်ထောင်စုခန်းမနှင့် ကိုယ်စားလှယ်များ နားနေဆောင်ခန်းမတို့၌ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့တက်ရောက်ကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြသည်။

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း အခမ်းအနားမှူးအဖြစ် ဆောင်ရွက်စဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လာကြသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား တွေ့ရစဉ်။ (သတင်းစဉ်)

ရင်းရင်းနှီးနှီး

အမျိုးသားညီလာခံ စုံညီအစည်းအဝေးမကျင်းပမီ နံနက် ၈ နာရီ ၄၅ မိနစ်တွင် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် ကော်မရှင်အဖွဲ့ဝင်များ၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ ဥက္ကဋ္ဌ ဦးအောင်တိုးနှင့် လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ အမျိုးသားညီလာခံ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်နှင့် စီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေး ကျင်းပပုံများကို တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများ၊ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူး၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်း နာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာချုပ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ဆောင်ရွက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က သဘာပတိအဖြစ် ဆောင်ရွက်ပြီး အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အခမ်းအနားမှူး အဖြစ် ဆောင်ရွက်သည်။

စာမျက်နှာ ၅ ကော်လံ ၁ သို့

စာမျက်နှာ ၄ မှ

ရှေးဦးစွာ အခမ်းအနားမှူး အမျိုးသားညီလာခံကျင်းပရေး ကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံသို့ တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ်၁၀၇၁ဦး ရှိပြီး ၁၀၅၈ဦးတို့ တက်ရောက်လာကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၈ ဒသမ ၇၉ ရာခိုင်နှုန်းရှိ၍ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အထမြောက်ကြောင်းနှင့် သဘာပတိ၏ ခွင့်ပြုချက်အရ အမျိုးသားညီလာခံ စုံညီအစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာသည်။

ခေတ္တရပ်နား

ယင်းနောက် သဘာပတိ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အမျိုးသားညီလာခံ စုံညီအစည်းအဝေး အဖွင့်မိန့်ခွန်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၁၀ မိနစ်တွင် ခေတ္တရပ်နားသည်။

[သဘာပတိ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင်ဥက္ကဋ္ဌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ အတွင်းရေးမှူး(၁) ဒုတိယ ဗိုလ်ချုပ်ကြီးသိန်းစိန်၏ အဖွင့်မိန့်ခွန်းကို သီးခြားဖော်ပြထားပါသည်။]

ရင်းရင်းနှီးနှီးနှုတ်ဆက်

အမျိုးသားညီလာခံ စုံညီအစည်းအဝေး ခေတ္တရပ်နားချိန်တွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ အဖွဲ့ဝင်များသည် အမျိုးသားညီလာခံ ကျင်းပပုံများကို တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E.Mr. Hul Phany ဦးဆောင်သည့် သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် သံတမန်များ၊ ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့အား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့် အမျိုးသားညီလာခံကိုယ်စားလှယ်များသည် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက် သတင်းရယူကြသည့် မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းနာယက၊ ဥက္ကဋ္ဌနှင့် အသင်းဝင် သတင်းထောက်များနှင့် ပြည်တွင်းမဂ္ဂဇင်း၊ ဂျာနယ်များမှ အယ်ဒီတာချုပ်များနှင့် သတင်းတာဝန်ခံများ၏ သိရှိလိုသည့် မေးမြန်းချက်များကို ရင်းနှီးပွင့်လင်းစွာ ပြန်လည်ဖြေကြားကြသည်။

ရှင်းလင်းပြောကြား

ထို့နောက် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၉ နာရီ ၃၅ မိနစ်တွင် ဆက်လက်ကျင်းပရာ အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းက အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို နံနက် ၁၀ နာရီတွင် ရပ်နားလိုက်သည်။

(အမျိုးသားညီလာခံ ကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း ပြောကြားသော အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့် စပ်လျဉ်းသည့် ရှင်းလင်းပြောကြားချက်ကို သီးခြားဖော်ပြထားပါသည်။)

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ဇူလိုင် ၂၀ ရက် နံနက် ၉ နာရီတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အနောက်ပိုင်းခရိုင် လသာမြို့နယ်မှ နယ်လှည့်စာကြည့်တိုက်၊ နံ့ရုံကပ်စာစောင်၊ စာစီစာကုံးပြိုင်ပွဲနှင့် ဟောပြောပွဲကို ဇူလိုင် ၁၇ ရက်က အထက(၂)လသာ မြညီလာခန်းမ၌ ပြုလုပ်ရာ အထက(၂) လသာ ကျောင်းအုပ်ဆရာမကြီး ဒေါက်တာ သီဂီကျော်က ရန်ကုန်တိုင်းအတွင်းရှိ ကျေးရွာ စာကြည့်တိုက်များအတွက် စာအုပ်စာတမ်းများကို ခရိုင် ပြန်/ဆက်ဦးစီးမှူး ဦးတင်ကိုထံ ပေးအပ်စဉ်။

(က-ပ)

အောင်စကြာ တရားပွဲ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း လမ်းမတော်မြို့နယ် သရက်တောကျောင်းတိုက် အောင်စကြာ တိုက်ကျောင်း ဦးစီးပဓာန နာယက (မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ) ဘဒ္ဒန္တ စန္ဒသူရိယ အောင်စကြာ ဆရာတော်သည် ဒုတိယဝါဆိုလပြည့်နေ့မှစ၍ သီတင်းကျွတ်လပြည့်နေ့အထိ ဝါတွင်း ဥပုသ်နေ့တိုင်း မွန်းလွဲ ၁ နာရီမှ အစပြုပြီး ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ရင်ပြင်တော် သောကြာထောင့် ဆံတော်တွင်း တန်ဆောင်းတွင် ဝိပဿနာ အလုပ်ပေးတရားတော်များ ဟောကြားပြသတော်မူမည်ဟု သိရသည်။ **(က-ပ)**

မိဂဒါဝုန်မြန်မာကျောင်းတိုက် နှစ် ၁၀၀ ပြည့်ပွဲတော်

ရန်ကုန် ဇူလိုင် ၁၈

အိန္ဒိယနိုင်ငံ ယူပီပြည်နယ် ဗာရာဏသီမြို့အနီး မြတ်ဗုဒ္ဓ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာတရားဦး ဟောကြားတော်မူရာနှင့် အနာဂတ် သာသနာတော်ကြီးအတွက် သံဃရတနာ စတင်ပေါ်ထွက်ခဲ့ပြီး သံဝေဇနိယ အဝိဇဟိတ နှစ်ဌာနအပါအဝင်ဖြစ်သော ဣသိပတန မိဂဒါဝုန်တောကြီးအတွင်း မြန်မာကျောင်းတိုက်ကို ခရစ်သက္ကရာဇ်၁၉၀၈ ခုနှစ်မှစ၍ မြေနေရာဝယ်ယူပြီး ဘုရားကျောင်းဆောင်၊ သံဃာတော်များဆောင်နှင့် မြန်မာဘုရားဖူးများ တည်းခိုနားနေဆောင်များ ဆောက်လုပ်ခဲ့သည်မှာ ၂၀၀၈ ခုနှစ်တွင် နှစ်(၁၀၀)ပြည့်မည်ဖြစ်ပါ၍ နှစ်(၁၀၀)ပြည့်အောင်ပွဲအခမ်းအနားကို၂၀၀၈ ခုနှစ် ဖေဖော်ဝါရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။ လှူဒါန်းလိုသူများသည် ဦးဉာဏဗလ မင်္ဂလာရာမကျောင်းတိုက် သိမ်ဖြူလမ်း ဗိုလ်တထောင် ဖုန်း-၀၉-၅၀၁၉၄၆၅၊ ၀၁-၃၉၂၆၁၆၊ ဒေါ်သဇင်မြင့်အောင် (အောင်ချမ်းသာဘုရားဖူးအဖွဲ့) ဖုန်း-၀၁-၅၄၈၂၁၀၊ ၇၂၄၅၆၈၊ ၀၉-၅၁၂၈၆၂၁၊ ရန်ကုန် ဗုဒ္ဓဂယာ ဘုရားဖူးအဖွဲ့ရုံး ဖုန်း-၀၁-၂၂၅၉၁၅၊ ၂၂၅၉၈၉၊ ၂၂၇၇၀၂၊ ၂၂၇၇၀၃၊ ဒေါ်မြစန္ဒာအောင် (ဂန္ဓဝင်ရွှေပုဂံ ဗုဒ္ဓဂယာဘုရားဖူးအဖွဲ့) ဖုန်း-၀၉-၅၁၀၄၈၅၉၊ ၀၁-၅၁၀၄၉၁၊ ဘဒ္ဒန္တ နေမိန္ဒ (မဟာဂန္ထဝါစပဏ္ဍိတ) တောင်စလင်းတိုက်သစ် မန္တလေး ဖုန်း-၀၂-၂၂၅၈၇၊ ၃၉၁၄၃၊ ၀၉-၂၀၁၀၅၈၂၊ ဒေါ်စိန်စိန်ဌေး(ဖူးပွင့်ဝေ သောက်ရေသန့်) မော်လမြိုင် ဖုန်း-၀၅၇-၂၇၉၀၀၊ ၂၂၁၅၈ နှင့် ဒေါ်ခင်နု(ရွှေငါးမဆလာ) စစ်တွေ ဖုန်း-၀၄၃-၂၃၁၇၂၊ ၂၃၀၉၃၊ ၂၁၄၂၉ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံ သံတမန်များ လေ့လာ

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်အဖွဲ့ နာယက ကမ္ဘောဒီးယားနိုင်ငံ သံအမတ်ကြီး H.E Mr. Hul Phany ဦးဆောင်သည့် ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ အိန္ဒိယသမ္မတနိုင်ငံ၊ မလေးရှားနိုင်ငံ၊ ဘရူနိုင်း ဒါရူဆလမ်နိုင်ငံ၊ အီဂျစ်အာရပ်သမ္မတနိုင်ငံ၊ သီရိလင်္ကာဒီမိုကရက်တစ်ဆိုရှယ်လစ်သမ္မတနိုင်ငံ၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ၊ ကိုရီးယားသမ္မတနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ပြင်သစ်သမ္မတနိုင်ငံတို့မှ သံအမတ်ကြီးများ၊ ဆားဗီးယားနိုင်ငံ၊ နီပေါနိုင်ငံ၊ ပါကစ္စတန်အစ္စလာမ်မစ်သမ္မတနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ စင်ကာပူသမ္မတနိုင်ငံ၊ ဆော်ဒီအာရေးဗီးယားနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံနှင့် ဘင်္ဂလာဒေ့ရှ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံရုံး ယာယီတာဝန်ခံများ၊ ဂျပန်နိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့မှ သံတမန်များနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့သည် ယနေ့နံနက် ၉ နာရီက အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပရာ ပြည်ထောင်စုခန်းမသို့ ရောက်ရှိကြပြီး အမျိုးသားညီလာခံသို့ ကိုယ်စားလှယ်များ တက်ရောက်မှု၊ အမျိုးသားညီလာခံ စုံညီအစည်းအဝေး အခမ်းအနားပြင်ဆင်ထားရှိမှုနှင့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးကျင်းပပုံများကို တက်ရောက်လေ့လာကြသည်။

လှည့်လည်ကြည့်ရှု

ယင်းနောက် သံတမန်များသည် အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းအတွင်းရှိ ညီလာခံကိုယ်စားလှယ်များ၏ အဆောင်များ၊ အသုံးအဆောင်ပစ္စည်း အရောင်းဆိုင်များ၊ စာအုပ်ဆိုင်များ၊ ဆေးရုံနှင့် အားကစားလေ့ကျင့်ရုံတို့ကို လှည့်လည် ကြည့်ရှုလေ့လာကြသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တက်ရောက်လေ့လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံး ယာယီတာဝန်ခံများနှင့် ကုလသမဂ္ဂအဖွဲ့အစည်းများဆိုင်ရာ ဒေသညှိနှိုင်းရေးမှူးတို့ အမျိုးသားညီလာခံကျင်းပရာ ညောင်နှစ်ပင်စခန်းအတွင်းရှိ ဆေးရုံကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ဥပဒေပညာပေးဆွေးနွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်၊ စီမံရေးရာဌာနကြီးနှင့် ဥပဒေရေးရာ လေ့လာရေးနှင့် အကြံပြုရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ဥပဒေပညာပေး ဆွေးနွေးပွဲကို ဇူလိုင် ၁၃ ရက် နံနက် ၈ နာရီတွင် အင်းစိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များ၊ ရန်ကုန်တိုင်း၊ ခရိုင်နှင့် မြို့နယ် အမျိုးသမီးရေးရာအဖွဲ့ အဖွဲ့ဝင်များ၊ မြို့နယ် မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ကြသည်။

အဆိုပါအခမ်းအနားတွင် ဥပဒေရေးရာလေ့လာရေးနှင့် အကြံပြုရေး လုပ်ငန်းအဖွဲ့ ခေါင်းဆောင် ဒေါ်နီနီဝင်းက အဖွင့်အမှာစကားပြောကြားပြီး **(အောက်ပုံ)** တက်ရောက်လာကြသူများက ဥပဒေရေးရာများ ဆွေးနွေးကြကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၉) ထုတ်ဝေဖြန့်ချိ

ရန်ကုန် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာနက ကြီးကြပ်စီစဉ်ထုတ်ဝေသော နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်း အမှတ်(၉၉)ကို ယနေ့ ထုတ်ဝေဖြန့်ချိလိုက်သည်။ **(ယာပုံ)**

ဇော်မင်းမင်းဦး၊ ဝင့်မွန်ထွန်း၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊အောင်ခြိမ့်မိုး၊ တက္ကသိုလ်ဝင်းမြင့်၊ မောင်မောင်(ရာမည)၊ ညောင်ရွှေ ခင်မောင်မြ၊ ကြည်မျိုးထက်(ဒိုက်ဦး)၊ အသုတ်မောင်ဝင်းရောင်၊ ညိုလွှမ်းအောင်၊ ပုဏ္ဏဝတီတင့်နှောင်း၊ ရွှေအဲ့လေးငယ်တို့၏ အဖွင့်ကဗျာများ၊ စောမုံညင်း၊ မောင်ခင်မင်(ဓနုဖြူ)၊ ဇင်မင်း(သမိန်ထော)၊ ချစ်နိုင်(စိတ်ပညာ)၊ တက္ကသိုလ်တင်ခ၊ မြင့်သိန်းအောင်၊ လယ်တွင်းသားစောချစ်၊ လှိုင်မြင့်ဦး၊ ဦးစံတင်အောင်(ရွှေဘို)၊ သမီးတင့်တယ်၊ သက်ဦးနိုင်(မြဝတီ)၊ တင်အောင်သွင်၊ လှမြင့်(ရန်ကုန်တက္ကသိုလ်)၊ ခင်ဇ(စက်မှု)၊ မောင်ချစ်ထွေး(မဟာဝိဇ္ဇာ)၊ မောင်ကြော့ဝေတို့၏ ဆောင်းပါးများ၊ ပြေအေး(မြင်းမူ)၊ သူရိန်ဝင်း(ဇီးကုန်း)၊ ကိုသက်(ဇီးကုန်း)၊ ခင်မောင်အေး(မန္တလေး)၊ ခမ်းစုဝင်းကြည် (သီပေါ)၊ ထွန်းထွန်း (သာယာဝတီ)၊ မောက်ခက်ကျူ(ရွှေစကု)၊ ဒေါ်မိမိလေး-မြန်မာစာပါမောက္ခ(ငြိမ်း) (မန္တလေးတက္ကသိုလ်)၊ ဦးဗကလေး၊ စိုးညွန့်ဝေ(လှိုင်ကော်)၊ တင့်ထွန်း(ချောက်)၊ ဆင်ဖြူကျွန်းအောင်သိန်း၊ ဆုအဲကို၊ တက္ကသိုလ်မောင်သုလှိုင်တို့၏ ဝတ္ထုတို၊ ဝတ္ထုရှည်များ၊ ကာတွန်းများအပြင် စာအုပ်စင်ကဏ္ဍ၊ ဗုဒ္ဓစာဥယျာဉ်၊ တိုင်းရင်းသားကဏ္ဍ၊ ပုံပြင်များ၊ တောခလေ့ စာပန်းချီ၊ ကလေးတို့အတွက် ကဗျာလက်ဆောင် စာလက်ဆောင်၊ ကဗျာ ပန်းရုံရိပ်များဖြင့် သုတ ရသ စုံလင်စွာ တင်ဆက်ထားသည်။

ရရှိနိုင်

အဆိုပါမဂ္ဂဇင်းကို ရန်ကုန်မြို့ နိုင်ငံ့ဂုဏ်ရည်စာပေတိုက်(၁) စာပေဗိမာန် အဆောက်အအုံ ကုန်သည်လမ်း ရန်ကုန် ဖုန်း-၃၇၄၅၃၂၊ နိုင်ငံ့ဂုဏ်ရည် စာပေတိုက်(၂) ရန်ကင်း ဆရာအတတ်သင်ရှေ့ သစ္စာလမ်း ရန်ကင်းမြို့နယ် ဖုန်း-၇၂၅၅၃၀ နှင့် အခြားဆိုင်ကြီးများအပြင် မြို့နယ်အသီးသီးရှိ စာအုပ်ဆိုင်ကြီးများတွင်လည်း ဝယ်ယူရရှိနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

❐ *ကျောဖုံးမှ*

အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

ယခု အမျိုးသားညီလာခံကို ပြန်လည်ကျင်းပရာမှာ ယခင်အမျိုးသား ညီလာခံမှာ ဖိတ်ကြားခဲ့တဲ့ ကိုယ်စားလှယ်များစာရင်းအတိုင်း ပြန်လည် ဖိတ်ကြားခဲ့ခြင်းဖြစ်ပါတယ်။ ပြီးခဲ့တဲ့ အမျိုးသားညီလာခံမှာ ကိုယ်စားလှယ်ကြီး များအနေနဲ့ ညီလာခံရဲ့ လုပ်ထုံးလုပ်နည်း၊ စည်းမျဉ်းစည်းကမ်းများကို အသိ စိတ်နဲ့ယှဉ်ပြီး လိုက်နာဆောင်ရွက်ခဲ့ကြတဲ့အတွက် အမျိုးသားညီလာခံကြီးဟာ အောင်အောင်မြင်မြင် ပြီးဆုံးခဲ့ပါတယ်။ ယခုကျင်းပတဲ့ အမျိုးသားညီလာခံဟာ ကိုယ်စားလှယ်တော်ကြီးများ သိရှိပြီးဖြစ်တဲ့အတိုင်း နောက်ဆုံးအကြိမ် ကျင်းပတဲ့ အမျိုးသားညီလာခံဖြစ်တာနဲ့အညီ ယခင်ကပြုလုပ်ခဲ့တဲ့ အမျိုးသားညီလာခံများ နည်းတူ အောင်အောင်မြင်မြင် ပြီးဆုံးသွားစေရေးအတွက် အမျိုးသားညီလာခံ ကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနဲ့တကွ သွားလာနေထိုင်စားသောက်ရေး၊ ကျန်းမာရေးစတဲ့ အုပ်ချုပ်ရေးဆိုင်ရာကိစ္စများကို အကျဉ်းချုပ် ရှင်းလင်းပြောကြား သွားမှာဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းစာစောင်မှာ နိဒါန်းနဲ့ အခန်း(၇)ခန်း ပါရှိပါတယ်။

အခန်း(၁)မှာတော့ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်များအဖြစ်–

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊
- စစ်မှန်တဲ့ ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊
- နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနဲ့ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေးနဲ့
- အနာဂတ်နိုင်ငံတော်ရဲ့ အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍမှာ တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဆိုတဲ့ အမျိုးသားညီလာခံရဲ့ ဦးတည်ချက်(၆)ရပ်ကို ဖော်ပြထားပါတယ်။ ကိုယ်စားလှယ်ကြီးများ အနေနဲ့ အခြေခံမူများ၊ အသေးစိတ်အခြေခံရမယ့်မူများချမှတ်နိုင် ရေးအတွက် ဒီအမျိုးသားညီလာခံ ဦးတည်ချက်(၆)ရပ်အတွင်းကနေ ဆွေးနွေးညှိနှိုင်း ဖော်ထုတ်သွားကြရမှာ ဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၂)မှာတော့ ညီလာခံကိုယ်စားလှယ်များရဲ့တာဝန်နှင့် လုပ်ပိုင်ခွင့် များ၊ ညီလာခံကိုယ်စားလှယ်များရဲ့အခွင့်အရေးနှင့် ရပိုင်ခွင့်များ၊ ညီလာခံ ကိုယ်စားလှယ်များရဲ့ ကျင့်ဝတ်နှင့်စည်းကမ်းများနဲ့ သဘာပတိအဖွဲ့ အကြောင်း အရာများကို အဓိက ဖော်ပြသတ်မှတ်ထားပါတယ်။

ကိုယ်စားလှယ်ကြီးများအတွက် သတ်မှတ်ထားတဲ့ အရေးကြီးတဲ့ကျင့်ဝတ်နဲ့ စည်းကမ်းအချို့ကို ထုတ်နုတ်ဖော်ပြရရင်–

၁။ ပြည်ထောင်စုမြန်မာနိုင်ငံတော်မှတစ်ပါး အခြား မည်သည့်နိုင်ငံရဲ့ ကျေးဇူးသစ္စာကိုမျှ ခံယူခြင်းမပြုဖို့၊
၂။ ညီလာခံသဘာပတိအဖွဲ့ သို့မဟုတ် ကိုယ်စားလှယ်အစုအဖွဲ့ သဘာ ပတိရဲ့ ညွှန်ကြားချက်များကို လေးစားလိုက်နာဖို့၊
၃။ ညီလာခံကိုယ်စားလှယ်တစ်ဦးရဲ့ သိက္ခာနှင့်လျော်ညီစွာ ဆက်ဆံ နေထိုင်ဖို့၊ အမျိုးသားညီလာခံလုပ်ငန်း သို့မဟုတ် ဆောင်ရွက် ချက်များကို နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ဟန့်တားခြင်း မပြုလုပ်ဖို့၊
၄။ ညီလာခံအစည်းအဝေးများတွင် ဓမ္မဓိဋ္ဌာန်ကျကျဆွေးနွေးဖို့၊ ပုဂ္ဂိုလ်ရေး ပုတ်ခတ်မှုများ၊ အဖွဲ့အစည်းတစ်ခုခုအား ပုတ်ခတ်မှုများကို ရှောင်ရှားဖို့၊
၅။ အစည်းအဝေးခန်းမတွင်းသို့ ဝင်တိုင်း၊ ထွက်တိုင်း နိုင်ငံတော်အလံကို အလေးပြုပြီးမှ ဝင်၊ ထွက်ဖို့၊
၆။ မည်သည့်အစည်းအဝေးခန်းမတွင်းသို့မဆို လက်နက်ခဲယမ်းမီးကျောက် များ၊ အသံဖမ်းကိရိယာများ၊ လက်ကိုင်တယ်လီဖုန်းများ၊ ဗီဒီယို ကင်မရာ၊ ဓာတ်ပုံကင်မရာများ၊ ကွန်ပျူတာ၊ လက်ပ်တော့ကွန်ပျူတာ နှင့် အလားတူကိရိယာများ ယူဆောင်လာခြင်းမပြုဖို့၊
၇။ အမျိုးသားညီလာခံသတင်းများကို တရားဝင်ထုတ်ပြန်ခြင်းမပြုမီ ညီလာခံကိုယ်စားလှယ်များက ထုတ်ဖော်ပြောဆိုခြင်းမပြုဘဲ လျှို့ဝှက် ထားဖို့တို့ ဖြစ်ပါတယ်။

ကျေပွန်အောင်ထမ်းဆောင်

ကိုယ်စားလှယ်ကြီးများအနေနဲ့ အခွင့်အရေးနဲ့ ရပိုင်ခွင့်များကို ခံစားသလို ကျင့်ဝတ်စည်းကမ်းများကိုလိုက်နာပြီး တာဝန်များကိုလည်း ကျေပွန်အောင် ထမ်းဆောင်ကြရမှာဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

အမျိုးသားညီလာခံအစည်းအဝေးများ ကျင်းပတဲ့အခါမှာ စုံညီအစည်းအဝေး များနှင့် အစုအဖွဲ့အစည်းအဝေးများကို ကြီးကြပ်ပေးဖို့ သဘာပတိအဖွဲ့များ လိုအပ်ပါတယ်။ လုပ်ထုံးလုပ်နည်းများနဲ့အညီ အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီမှ ကိုယ်စားလှယ် ငါးဦး၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များနဲ့ ရွေးကောက်ပွဲမှာရွေးချယ်ခံထားရတဲ့ ကိုယ်စားလှယ်များမှ ၁၀ ဦး၊ ကျန်အစုအဖွဲ့ ခြောက်ဖွဲ့မှ ကိုယ်စားလှယ် ငါးဦးစီတို့နဲ့ ရွေးချယ်ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ သဘာပတိနဲ့ သဘာ ပတိအဖွဲ့ဝင်များအတွက် တာဝန်နဲ့လုပ်ပိုင်ခွင့်များကိုလည်း သတ်မှတ်ပေးထား ပါတယ်။ ဒီတာဝန်နဲ့ လုပ်ပိုင်ခွင့်တွေနဲ့အညီ သဘာပတိနဲ့ သဘာပတိအဖွဲ့ဝင် များက ညီလာခံအစည်းအဝေးများကို စနစ်တကျ ကြီးကြပ်ကွပ်ကဲပေးသွားရမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၃)မှာတော့ အမျိုးသားညီလာခံ အစည်းအဝေးကျင်းပချိန်မှာ ကိုယ်စားလှယ်များအား စိစစ်ခြင်းနဲ့ အစည်းအဝေးထမြောက်ခြင်းတို့နဲ့ ပတ်သက် ပြီး ဖော်ပြထားပါတယ်။ အမျိုးသားညီလာခံ အစည်းအဝေးများဟာ ညီလာခံ ကိုယ်စားလှယ်အားလုံးရဲ့ ၅၀ ရာခိုင်နှုန်း တက်ရောက်ရင် အစည်းအဝေး ထမြောက်မှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၄)မှာကတော့ ညီလာခံစုံညီအစည်းအဝေးနဲ့ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲများမှာ ဆွေးနွေးပြောဆိုရာတွင် လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများနဲ့ စည်းကမ်းများကို ဖော်ပြထားပါတယ်။ ပထမဦးစွာ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲ များမှာ လိုက်နာရမယ့် လုပ်ထုံးလုပ်နည်းများကို ပြောကြားရမယ်ဆိုရင်–

၁။ ကိုယ်စားလှယ်များဟာ မိမိတို့ဆွေးနွေးအကြံပြုလိုတဲ့ အချက်များကို မိမိတို့ကိုယ်စားလှယ် အစုအဖွဲ့အတွင်းဆွေးနွေးပြီး သက်ဆိုင်ရာ သဘာပတိအဖွဲ့ထံ တင်ပြရမှာဖြစ်ပါတယ်။ သဘာပတိအဖွဲ့က တူညီသည့် အကြံပြုချက်များကိုစုစည်းပြီး အမျိုးသားညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြရပါမယ်။
၂။ ညီလာခံကိုယ်စားလှယ်များအနေနဲ့ မိမိတို့အစုအဖွဲ့ရဲ့ အများ သဘောတူညီတဲ့အကြံပြုချက် စာတမ်းအပြင် မိမိတစ်ဦးချင်းဖြစ်စေ၊ အဖွဲ့အလိုက်ဖြစ်စေ အခြားတင်ပြလိုသော အကြံပြုချက်ရှိပါက အစု အဖွဲ့အလိုက် ဆွေးနွေးပွဲမှာ ဆွေးနွေးပြီး သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံစုံညီအစည်းအဝေးသို့ တင်ပြနိုင်ပါတယ်။
၃။ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များဟာလည်း မိမိတို့နိုင်ငံရေး ပါတီအလိုက် ဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း၊ အရွေး ချယ်ခံ ကိုယ်စားလှယ်များ အနေနဲ့လည်း မိမိတို့ နိုင်ငံရေးပါတီအလိုက် ဆွေးနွေးအကြံပြုချက်များကိုလည်းကောင်း သက်ဆိုင်ရာ အစုအဖွဲ့ အတွင်း ဆွေးနွေးညှိနှိုင်းပြီး အများသဘောတူညီသည့် အကြံပြုချက် စာတမ်းကို သဘာပတိအဖွဲ့မှတစ်ဆင့် အမျိုးသားညီလာခံ စုံညီ အစည်းအဝေးသို့ တင်ပြရမှာ ဖြစ်ပါတယ်။
၄။ အထက်ပါ ပါတီအလိုက် အများသဘောတူညီသော အကြံပြုချက် စာတမ်းအပြင် နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ အရွေးချယ်ခံ ကိုယ်စားလှယ်များနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအနေဖြင့် မိမိတို့ တစ်ဦးချင်း သီးခြားတင်ပြလိုသော အကြံပြုချက်ရှိပါက မိမိတို့ အစုအဖွဲ့အစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး သဘာပတိအဖွဲ့ရဲ့ ခွင့်ပြုချက်ဖြင့် ညီလာခံစုံညီ အစည်းအဝေးသို့ တင်ပြနိုင်ပါတယ်။
၅။ အထက်ပါ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်အစုအဖွဲ့များနဲ့ တစ်သီး ပုဂ္ဂလများရဲ့ အကြံပြုတင်ပြချက်များဟာ သဘောထားကွဲလွဲချက်ရှိ နေပါက ယင်းတို့ကို ကျေလည်စေရန် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီက တတ်နိုင်သမျှညှိနှိုင်းပြီး လိုအပ်သလို ဆောင်ရွက် ပေးသွားမှာ ဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

ဆက်လက်ပြီး အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် ဆွေးနွေးရာ မှာ လိုက်နာရမည့် လုပ်ထုံးလုပ်နည်းများကို ရှင်းလင်းပြောကြားရမယ်ဆိုရင်–

၁။ အမျိုးသားညီလာခံ စုံညီအစည်းအဝေးသို့ တင်ပြမယ့် အစုအဖွဲ့ အလိုက်က ပြုစုထားတဲ့ အကြံပြုစာတမ်းများဟာ ဆွေးနွေးလိုတဲ့အချက် များကို တိကျရှင်းလင်းစွာ ဖော်ပြကြရမှာ ဖြစ်ပါတယ်။
၂။ ၎င်းအကြံပြုချက်စာတမ်းများကို ဖတ်ကြားတင်ပြမယ့် ကိုယ်စားလှယ် တစ်ဦး သို့မဟုတ် နှစ်ဦး၊ သုံးဦးတို့ရဲ့ အမည်နှင့်အတူ သတ်မှတ်ပေး ထားသည့် အချိန်အတွင်း မိမိတို့ အစုအဖွဲ့သဘာပတိမှ တစ်ဆင့် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်းကော်မတီထံ တင်ပြရပါမယ်။
၃။ ညီလာခံ စုံညီအစည်းအဝေးတွင် အကြံပြုချက်စာတမ်းများ ဖတ်ကြား တင်သွင်းရာမှာလည်း ကြိုတင်ပေးပို့ အတည်ပြုထားတဲ့ စာတမ်းကို ကြိုတင်အမည်စာရင်းပေး တင်ပြထားသူကသာ ဖတ်ကြားတင်ပြရမှာ ဖြစ်ပါတယ်။ ဖတ်ကြားတင်ပြရာမှာလည်း အတည်ပြုစာတမ်းပါ အကြံပြုချက်များကိုသာ ဖတ်ကြားတင်ပြရမှာ ဖြစ်ပါတယ်။
၄။ အစုအဖွဲ့အလိုက် ဆွေးနွေးပွဲမှာလည်းကောင်း၊ ညီလာခံစုံညီအစည်း အဝေးမှာလည်းကောင်း ဆွေးနွေးအကြံပြုမှုများဟာ အမျိုးသား ညီလာခံရဲ့ ဦးတည်ချက်(၆)ရပ် ဘောင်အတွင်းမှသာ ဆောင်ရွက်ကြ ရမှာ ဖြစ်ပါတယ်။
၅။ ညီလာခံစုံညီအစည်းအဝေးသို့ တင်သွင်းကြသော အကြံပြုတင်ပြချက် များတွင် သဘောထားကွဲလွဲချက်များရှိနေပါက ယင်းတို့ကို တတ်နိုင် သမျှ ကျေလည်စေရေးအတွက် ပြန်လည်အကြံပြု သဘောထား ပေးနိုင်စေရန် အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက လိုအပ်သလို စီစဉ်ပေးမှာ ဖြစ်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အစုအဖွဲ့အလိုက် အစည်းအဝေးများမှာလည်းကောင်း၊ ညီလာခံစုံညီ အစည်းအဝေးမှာလည်းကောင်း ဆွေးနွေးပြောဆိုကြရာမှာ လိုက်နာသင့်တဲ့ စည်းကမ်းများလည်း သတ်မှတ်ထားရှိပါတယ်။ အဲဒီစည်းကမ်းတွေကတော့–

၁။ နိုင်ငံတော်ရဲ့ ကျေးဇူးသစ္စာကို ဖောက်ဖျက်သော စကားများ မပြောဆိုဖို့၊
၂။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲ ရေးနဲ့ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထိခိုက်ပျက်ပြား စေမယ့်စကားများ မပြောဆိုဖို့၊
၃။ ဥပဒေဘောင်အတွင်း ရပ်တည်ခြင်းမရှိတဲ့ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ ရဲ့ အကျိုးစီးပွားအတွက် ပြောဆိုခြင်း မပြုဖို့၊
၄။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချင်းချင်း ရိုင်းပင်းကူညီရေး၊ ချစ်ကြည်လေးစားရေးတို့ကို ထိခိုက်ပျက်ပြားစေမယ့် စကားများ မပြောဆိုဖို့၊
၅။ မည်သည့်ဘာသာ သာသနာကိုမျှ ပုတ်ခတ်ပြောဆိုခြင်း မပြုဖို့၊
၆။ ညီလာခံမှာ ဆွေးနွေးပြီးပြတ်ပြီးဖြစ်တဲ့ ကိစ္စတစ်ရပ်ရပ်ကို ထပ်မံ တင်ပြခြင်း မပြုဖို့၊
၇။ ညီလာခံကိုယ်စားလှယ်တစ်ဦးဦးကို ပုဂ္ဂလဓိဋ္ဌာန်အားဖြင့် စွပ်စွဲပုတ်ခတ် ပြောဆိုခြင်း မပြုဖို့၊
၈။ စာတမ်းဖတ်ကြားတင်ပြရာမှာ မိမိကြိုတင်ပေးပို့ထားတဲ့ စာတမ်း အတိုင်းသာ ဖတ်ကြားဆွေးနွေးကြဖို့၊ ဆွေးနွေးချက်စာတမ်းမှာ မပါရှိတဲ့ အကြောင်းအရာတွေကို မပြောဆိုဖို့၊ အကယ်၍ မူလ စာတမ်းမှာ မပါတဲ့အချက်များကို ဖတ်ကြားတင်ပြခဲ့ရင်လည်း မူလ စာတမ်းအတိုင်းသာ မှတ်တမ်းတင်ထားဖို့ မူချမှတ်ထားပါတယ်။
၉။ ဒါ့အပြင် ညီလာခံစုံညီအစည်းအဝေး ဒါမှမဟုတ် အစုအဖွဲ့ အစည်း အဝေးပြုလုပ်နေတဲ့အခါ အစုအဖွဲ့အလိုက်ဖြစ်ဖြစ်၊ တစ်ဦးချင်းပဲ ဖြစ်ဖြစ် ဆန္ဒပြထွက်ခွာခြင်း မပြုဖို့၊ အော်ဟစ်လှောင်ပြောင်ခြင်း မပြုဖို့ သတ်မှတ်ထားပါတယ်။

ညီလာခံအောင်မြင်ရေးနဲ့ ညီလာခံရဲ့ ဂုဏ်သိက္ခာနဲ့အညီ ဖြစ်စေရေးအတွက် ဒီစည်းကမ်းချက်တွေကို လိုက်နာဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြား လိုပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

အခန်း(၅)မှာတော့ အမျိုးသားညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပ ပြီးစီးနိုင်ရေးအတွက် အမျိုးသားညီလာခံကိုယ်စားလှယ်များကို ကာကွယ်မှု ပေးထားခြင်းနဲ့အတူ စောင့်ထိန်းရမယ့် တားမြစ်ချက်အချို့ကိုလဲ သတ်မှတ် ထားတာ တွေ့ရပါတယ်။ အဲဒီတားမြစ်ချက်တွေထဲက အရေးကြီးတဲ့အချက် တွေကတော့–

၁။ ညီလာခံကိုယ်စားလှယ်များ အနေနဲ့အမျိုးသားညီလာခံ ကျင်းပရေး လုပ်ငန်းကော်မတီက ခွင့်ပြုထားခြင်းမရှိတဲ့ စာရွက်စာတမ်းများ ဖြန့်ဝေခြင်း မပြုဖို့၊
၂။ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီက လျှို့ဝှက် ထိန်းသိမ်းထားရန် သတ်မှတ်ထားတဲ့ စာရွက်စာတမ်းများကို ပြင်ပသို့ ပြောဆိုခြင်း၊ ပေါက်ကြားခြင်း၊ ပုံနှိပ်ထုတ်ဝေဖြန့်ချိခြင်း မပြုဖို့၊

စာမျက်နှာ ၇ ကော်လံ ၁

ပြည်ပသြဇာခံများ၊ ပွဲလန့်ဖျာခင်းလုပ်လိုသူများ အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ဖို့ကြံစည်နေ

ယခုကျင်းပတဲ့ အမျိုးသားညီလာခံဟာ နောက်ဆုံးအကြိမ်ကျင်းပတဲ့ အမျိုးသားညီလာခံ ဖြစ်တဲ့အတွက် ဒီညီလာခံ ပြီးရင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် လျှောက်လှမ်းသွားမှာဖြစ်၏။ ဒီလို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ပေါ် ပေါက်ရေး ဆောင်ရွက်နေတာကို ပျက်ပြား စေလိုသူတွေ၊ အာဏာကို ဖြတ်လမ်းက ရယူလိုသူတွေ၊ ပြည်ပသြဇာခံတွေ၊ ပွဲလန့်ဖျာခင်း လုပ်လိုသူတွေဟာ ပြည်တွင်းတည်ငြိမ်မှုပျက်ပြားအောင်၊ အထွေထွေအခက်အခဲ အကျပ် အတည်း ပေါ်ပေါက်ပြီး လူထုအုံကြွမှုဖြစ်လာအောင် လုပ်ဆောင်နေကြသလို အကြမ်းဖက် ဖောက်ခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ဖို့လည်း ကြံစည်ဆောင်ရွက်နေကြတာ တွေ့ရ။

19-7 (06) 1 7/19/07, 2:29 AM

စာမျက်နှာ ၆ မှ

၃။ ညီလာခံကိုယ်စားလှယ်များအနေနဲ့ ညီလာခံတက်ရောက်နေစဉ်ကာလတွင် အိပ်ဆောင်၊ အစည်းအဝေးခန်းမအပါအဝင် ညီလာခံကျင်းပရာ ညောင်နှစ်ပင်ဝင်းအတွင်း လက်နက်ခဲယမ်းများ ယူဆောင်လာခြင်း၊ ကိုင်တွယ်ခြင်းမပြုဖို့တို့ ဖြစ်ပါတယ်။

ညီလာခံကိုယ်စားလှယ်ကြီးများခင်ဗျား–

ယခုကျွန်တော် ရှင်းလင်းပြောကြားခဲ့တဲ့အချက်များဟာ အမျိုးသားညီလာခံကျင်းပရေး လုပ်ထုံးလုပ်နည်းပါ အရေးကြီးသော အချက်များဖြစ်ပါတယ်။ ဒီလုပ်ထုံးလုပ်နည်း၊ တာဝန်နဲ့ ရပိုင်ခွင့်၊ စည်းကမ်းနဲ့တားမြစ်ချက်များဟာ ညီလာခံကြီး အောင်အောင်မြင်မြင် ကျင်းပနိုင်အောင်၊ ရင်းရင်းနှီးနှီး ညှိနှိုင်းဆွေးနွေး အဖြေရှာနိုင်အောင် မူဘောင် စည်းကမ်းသတ်မှတ်ပေးတဲ့ သဘောပဲဖြစ်ပါတယ်။ ဒါ့ကြောင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးက နားလည်သဘောပေါက် လိုက်နာကြလိမ့်မယ်လို့ ယုံကြည်ပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

ကျွန်တော့်အနေနဲ့ ဆက်လက်ပြီး ကိုယ်စားလှယ်တော်ကြီးများ ညီလာခံကို စိတ်ချမ်းမြေ့ပျော်ရွှင်စွာ တက်ရောက်နိုင်အောင် အုပ်ချုပ်မှုဆိုင်ရာ ဖြည့်ဆည်းဆောင်ရွက်ပေးထားမှုများကို ဆက်လက်ပြောကြားလိုပါတယ်။

ပြန်လည်ပြုပြင်ထား

ကိုယ်စားလှယ်တော်ကြီးများ နေထိုင်ရေးအဆင်ပြေစေဖို့အတွက် ညီလာခံရပ်နားထားစဉ်အတွင်း ကိုယ်စားလှယ်ကြီးများရဲ့ အဆောင်များကို လုံခြုံသပ်ရပ်ကောင်းမွန်အောင်၊ ရေ၊ မီး ပြည့်စုံလုံလောက်အောင် ပြန်လည်ပြုပြင်ထားရှိပါတယ်။

စားရေးသောက်ရေးမှာလည်း ကျန်းမာရေးနဲ့ ညီညွတ်မှုရှိအောင် စစ်ဆေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိပါတယ်။ စားလို့ သောက်လို့ ကောင်းစေဖို့အတွက်လည်း ဟင်းလျာအစီအစဉ်များကို ကြိုတင်ရေးဆွဲပြီး ချက်ပြုတ်ကျွေးမွေးလျက်ရှိပါတယ်။ ဘာသာရေးနဲ့အညီ စားသောက်နိုင်စေဖို့နဲ့ အသက်သတ်လွတ်စားလိုသူများ စားနိုင်စေဖို့တို့အတွက်လည်း စီစဉ်ဆောင်ရွက်ထားပါကြောင်း အသိပေးလိုပါတယ်။

ကိုယ်ကာယလေ့ကျင့်ခန်း

အလားတူ ကျန်းမာရေး၊ ဆေးကုသရေး၊ အားကစား၊ စာပေ ဖတ်ရှုနိုင်ရေး၊ ဖျော်ဖြေရေး စသည်တို့အတွက်လည်း အဘက်ဘက်မှ ပြည့်စုံအောင် စီစဉ်ထားပါကြောင်း အသိပေးလိုပါတယ်။ ကိုယ်စားလှယ်ကြီးများအနေနဲ့ နံနက်ခင်း၊ ညနေခင်းတွေမှာ လမ်းလျှောက်ခြင်း၊ ပြေးခုန်ခြင်းစတဲ့ ကျန်းမာရေး လေ့ကျင့်ခန်းများ လေ့ကျင့်နိုင်သလို အားကစားခန်းမအတွင်းမှာလည်း ကြက်တောင်၊ စားပွဲတင်တင်းနစ်၊ အလေးမ၊ ကိုယ်ကာယလေ့ကျင့်ခန်းစတဲ့ အားကစားနည်းများအပြင် ဂေါက်သီးရိုက်လေ့ကျင့်ကွင်းမှာလည်း ဂေါက်ရိုက်လေ့ကျင့်နိုင်ဖို့ စီစဉ်ထားပါကြောင်း အသိပေးလိုပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်ကြီးများရဲ့ ကျန်းမာရေးအတွက်လည်း ညောင်နှစ်ပင်စခန်းအတွင်း ဆေးရုံတစ်ရုံကို အထူးကုဆရာဝန်ကြီးများအပါအဝင် ဆရာဝန်၊ ဆရာမ ဆေးဝါးကိရိယာများ အစုံအလင်နဲ့ ဖွင့်လှစ်ပေးထားပါတယ်။ အကယ်၍ ဆေးရုံတက်ရောက်ကုသဖို့ လိုအပ်ရင်လဲ ကုသနိုင်ဖို့ပါ စီစဉ်ထားပါကြောင်း အသိပေးလိုပါတယ်။

ကိုယ်စားလှယ်ကြီးများ အပန်းဖြေနိုင်ရေးအတွက်လည်း အဆောင်များမှာ ရုပ်မြင်သံကြား၊ ကာရာအိုကေများ စီစဉ်ထားရှိပေးသလို စာပေဖတ်ရှုလေ့လာနိုင်ရန်အတွက်လည်း သတင်းစာ၊ ဂျာနယ်များ ထားရှိရုံသာမက စာအုပ်အရောင်းဆိုင်နဲ့ အငှားဆိုင်များပါ ဖွင့်လှစ်ပေးထားပြီး ဖြစ်ပါတယ်။ ဖျော်ဖြေရေးအနေနဲ့လည်း တေးဂီတဖျော်ဖြေပွဲ၊ အငြိမ့်ပဒေသာကပွဲ၊ ရုပ်ရှင်များနဲ့ ညစဉ်အလှည့်ကျတင်ဆက်သွားဖို့ စီစဉ်ထားပါကြောင်း ပြောကြားလိုပါတယ်။

ပြည့်စုံအောင်စီစဉ်ထား

ဒါ့အပြင် ကိုယ်စားလှယ်ကြီးများ လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ယူနိုင်ဖို့အတွက်လည်း ဝင်းသူဇာအရောင်းဆိုင်၊ G.E.C အရောင်းဆိုင်များ ဖွင့်လှစ်ပေးထားပါတယ်။ ဆံသဆိုင်၊ အလှပြင်ဆိုင်၊ ခဝါဆိုင်၊ မျက်မှန်ဆိုင် နဲ့ စားသောက်ဆိုင်များကိုလည်း ဖွင့်လှစ်ပေးထားပါတယ်။ သွားရေးလာရေး အဆင်ပြေစေဖို့ စီစဉ် ဆောင်ရွက်ပေးထားသလို ဆက်သွယ်ရေးအတွက်လည်း စာတိုက်၊ တယ်လီဖုန်း စသည်များ ပြည့်စုံအောင် စီစဉ်ထားရှိကြောင်း အသိပေးလိုပါတယ်။

ကိုယ်စားလှယ်ကြီးများခင်ဗျား–

ဒီကနေ့ နိုင်ငံတော်အစိုးရဟာ နိုင်ငံတော်ကို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော်ကြီးဖြစ်လာအောင် မူဝါဒလမ်းစဉ်(၇)ရပ်ချမှတ်ကာ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ အမျိုးသားညီလာခံကြီးဟာ ပထမဆုံးနဲ့ ပဓာနအကျဆုံး လုပ်ငန်းစဉ်ပဲ ဖြစ်ပါတယ်။ အလွန်အရေးကြီးသလို သမိုင်းမော်ကွန်းတင်ရမည့် လုပ်ငန်းလည်းဖြစ်ပါတယ်။ ဒီညီလာခံကြီးကို မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ လူထုလူတန်းစား အလွှာအသီးသီးက ကိုယ်စားလှယ်ကြီးများဟာ တိုင်းချစ်ပြည်ချစ်စိတ်၊ ပြည်ထောင်စုစိတ်နဲ့ အမျိုးသားရေးတာဝန်အဖြစ် ခံယူပြီး တက်ရောက်ဆွေးနွေး အကြံဉာဏ်များပေးလျက် ရှိနေကြပါတယ်။

အထူးကြပ်မတ်

ကိုယ်စားလှယ်တော်ကြီးများအားလုံး သိရှိပြီးဖြစ်တဲ့အတိုင်း ယခုကျင်းပတဲ့ အမျိုးသားညီလာခံဟာ နောက်ဆုံးအကြိမ်ကျင်းပတဲ့ အမျိုးသားညီလာခံဖြစ်တဲ့အတွက် ဒီညီလာခံပြီးရင် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်အတိုင်း တစ်ဆင့်ပြီးတစ်ဆင့် ဆက်လက် လျှောက်လှမ်းသွားမှာဖြစ်ပါတယ်။ ဒီလို ခေတ်မီဖွံ့ဖြိုးတိုးတက်ပြီး စည်းကမ်းပြည့်ဝတဲ့ ဒီမိုကရေစီနိုင်ငံတော် ပေါ်ပေါက်ရေး ဆောင်ရွက်နေတာကို ပျက်ပြားစေလိုသူတွေ၊ အာဏာကို ဖြတ်လမ်းက ရယူလိုသူတွေ၊ ပြည်ပသြဇာခံတွေ၊ ပွဲလန့်ဖျာခင်းလုပ်လိုသူတွေဟာ ပြည်တွင်းတည်ငြိမ်မှုပျက်ပြားအောင်၊ အထွေထွေအခက်အခဲ အကျပ်အတည်းပေါ်ပေါက်ပြီး လူထုအုံကြွမှုဖြစ်လာအောင် လုပ်ဆောင်နေကြသလို အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုများ လုပ်ဆောင်ဖို့လည်း ကြံစည်ဆောင်ရွက်နေကြတာ တွေ့ရပါတယ်။ ဒါကြောင့်လည်း အမျိုးသားညီလာခံနဲ့ ကိုယ်စားလှယ်တော်ကြီးများရဲ့ လုံခြုံရေးဆိုင်ရာကိစ္စများကို အထူးကြပ်မတ် ဆောင်ရွက်ထားရှိကြောင်း ပြောကြားလိုပါတယ်။

အစွမ်းကုန်ကြိုးပမ်း

ကိုယ်စားလှယ်တော်ကြီးများအနေနဲ့လည်း ညီလာခံကာလအတွင်းမှာ ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာနဲ့ တိုင်းပြည်နဲ့ လူမျိုးအကျိုးအတွက် ခိုင်မာတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကြီး ရေးဆွဲရာမှာ အသေးစိတ် အခြေခံရမယ့် မူတွေရရှိအောင် အကြံကောင်း ဉာဏ်ကောင်းများစွာနဲ့ အစွမ်းကုန် ညှိနှိုင်းကြိုးပမ်းဆောင်ရွက်ပေးကြပါလို့ ဆန္ဒပြုရင်း နိဂုံးချုပ်အပ်ပါတယ်။ ။

အမျိုးသားညီလာခံ အစုအဖွဲ့ များ၏ အစည်းအဝေးများ ကျင်းပ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ ဝင်များ အစားထိုးရွေးချယ်

ရန်ကုန် ဇူလိုင် ၁၈

အမျိုးသားညီလာခံကိုယ်စားလှယ် အစုအဖွဲ့များဖြစ်ကြသည့် ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့နှင့် နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့တို့၏ အစည်းအဝေးများကို ယနေ့နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းတို့တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်ထားသော ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြရာ အစုအဖွဲ့အလိုက် သဘာပတိအဖွဲ့ဝင်များနှင့် ညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြသည်။

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိ မြို့(ခေါ်)ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များအစုအဖွဲ့

ရွေးကောက်ပွဲတွင် ရွေးချယ်ခံထားရသော ကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ယနေ့မွန်းလွဲ၂နာရီခွဲတွင် ဆွေးနွေးပွဲခန်းမ(၂)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် မြို့ (ခေါ်) ခမိ အမျိုးသားညီညွတ်ရေးအဖွဲ့မှ ဦးစံသာအောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် ပြည်ထောင်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်မှ ဦးမောင်ကြီးနှင့် ပြည်ထောင်စုကရင်အမျိုးသားများအဖွဲ့ချုပ်မှ ဦးမန်းတင်မောင် (ခ) ဦးမန်းမျိုးညွန့်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်း ကော်မတီရုံး လုပ်ငန်းအဖွဲ့ (၄) ဒုတိယညွှန်ကြားရေးမှူး ဦးခင်စိန်နှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မိမိရှိန်တို့က ဆောင်ရွက်ကြသည်။

ကြေညာ

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် ညီလာခံ ကိုယ်စားလှယ် ၁၃ ဦး ရှိပြီး အစည်းအဝေးသို့ ၁၂ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၂ ဒသမ ၃၁ ရှိသဖြင့် အစည်းအဝေး အထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ရှင်းလင်း

ထို့နောက် အလှည့်ကျသဘာပတိက အဖွင့်အမှာစကားပြောကြားပြီး လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်နေရာ ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

အစားထိုးရွေးချယ်

ယင်းနောက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်ဦး အစားထိုး ရွေးချယ်ရေးအတွက် ကျိုက်လတ်မြို့နယ် မဲဆန္ဒနယ် အမှတ်(၂)မှ ဦးတင်ဝင်းက အဆိုတင်သွင်းပြီး ရှောင်မြို့နယ် မဲဆန္ဒနယ်မှ ဦးအောင်သိန်းက ထောက်ခံသည်။

ထို့နောက် အလှည့်ကျသဘာပတိက လစ်လပ်လျက်ရှိသည့် သဘာပတိအဖွဲ့ဝင်နေရာတွင် လားဟူအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးကျာဟားရဲ့က ရွေးချယ်ခံရကြောင်း ကြေညာသည်။

ယင်းနောက်အလှည့်ကျသဘာပတိက နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို မွန်းလွဲ၂နာရီ မိနစ်၅၀ တွင် ရုပ်သိမ်းလိုက်သည်။

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့

နိုင်ငံ့ဝန်ထမ်း ကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိအဖြစ် သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင်က ဆောင်ရွက်၍ သဘာပတိအဖွဲ့ဝင်များအဖြစ် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဦးလှတင်နှင့် ကျန်းမာရေး ဝန်ကြီးဌာနမှ ဒေါက်တာ ဒေါ်မြတ်မြတ်အုန်းခင်တို့က ဆောင်ရွက်ကြပြီး အခမ်းအနားမှူးအဖြစ် အမျိုးသားညီလာခံကျင်းပရေးလုပ်ငန်း ကော်မတီရုံးလုပ်ငန်းအဖွဲ့ (၉) ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် တွဲဖက်အခမ်းအနားမှူးအဖြစ် လက်ထောက်ညွှန်ကြားရေးမှူး ဦးထိန်မင်းတို့က ဆောင်ရွက်ကြသည်။

အထမြောက်

ရှေးဦးစွာ အခမ်းအနားမှူးက အစည်းအဝေး တက်ရောက်ခွင့်ရှိသည့် ညီလာခံကိုယ်စားလှယ် ၁၀၆ ဦးတို့ရှိပြီး ၁၀၅ ဦး တက်ရောက်ကြသည့်အတွက် ရာခိုင်နှုန်းအားဖြင့် ၉၉ ဒသမ ၀၆ ရှိသဖြင့် အစည်းအဝေးအထမြောက်ကြောင်းနှင့် အစည်းအဝေး စတင်ကြောင်း ကြေညာသည်။

ရှင်းလင်းပြောကြား

ထို့နောက် အလှည့်ကျ သဘာပတိက အဖွင့်အမှာစကားပြောကြားပြီး လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်နေရာ ရွေးချယ်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထောက်ခံ

ယင်းနောက် လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင်တစ်ဦး အစားထိုး ရွေးချယ်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ဦးအောင်ကြည်သိန်းက အဆိုတင်သွင်းပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်မှူးကြီးမြင့်အုန်းက ထောက်ခံသည်။

ထို့နောက် အလှည့်ကျ သဘာပတိက လစ်လပ်လျက်ရှိသည့် သဘာပတိ အဖွဲ့ဝင်နေရာတွင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ဝင်းသန်းက ရွေးချယ်ခံရကြောင်း ကြေညာသည်။

ရုပ်သိမ်း

ယင်းနောက် အလှည့်ကျ သဘာပတိက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို နံနက် ၁၁ နာရီ ၁၀ မိနစ်တွင် ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံ့ဝန်ထမ်းကိုယ်စားလှယ်များ အစုအဖွဲ့၏ လစ်လပ်လျက်ရှိသော သဘာပတိအဖွဲ့ဝင် ပြန်လည်ရွေးချယ်သည့် အစည်းအဝေးကို ဆွေးနွေးပွဲခန်းမ(၇)၌ ကျင်းပရာ အလှည့်ကျသဘာပတိ သာသနာရေးဝန်ကြီးဌာနမှ ဦးအုံ့မောင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်ဇနီး ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့သည် ဇူလိုင်၁၂ရက် နံနက် ၅ နာရီခွဲတွင် ရန်ကုန်မြို့ စမ်းချောင်းမြို့နယ် သီရိမင်္ဂလာလမ်းရှိ ကံမြင့်ကျောင်းတိုက်၌ ကျင်းပသည့် (၉)ကြိမ်မြောက် နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီး၄၇ပါးတို့အား ဝါဆိုသင်္ကန်းဆက်ကပ် လှူဒါန်းပွဲအခမ်းအနားသို့ တက်ရောက် ကြည်ညိုကြပြီး နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အဆိုပါအခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး အမှတ်(၇၇) ခြေမြန်တပ်မဌာနချုပ် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ သာသနာရေး ဝန်ကြီးဌာနနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ဒါယကာ၊ ဒါယိကာမများတက်ရောက် ကြည်ညိုကြသည်။

ရှေးဦးစွာ အခမ်းအနားမစတင်မီ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် အဖွဲ့ဝင်များက နိုင်ငံတော် သံဃမဟာနာယက ဆရာတော်ကြီးများအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရထံမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီးဒေါ်ခင်သက်ဌေးနှင့် ပရိသတ်တို့က ငါးပါးသီလခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များကို ရွတ်ပွားသရဇ္ဈာယ်တော်မူကြသည်။

ဝါဆိုသင်္ကန်းဆက်ကပ်

ထို့နောက် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးတို့က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ မကွေးဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တကုမာရနှင့် အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသတို့အား ဝါဆိုသင်္ကန်းများဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် တပ်မမှူး ဗိုလ်မှူးချုပ်ဝင်းမြင့်၊ တာဝန်ရှိသူများနှင့် အလှူရှင်များက နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား ဝါဆိုသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ရေစက်ချအမျှပေးဝေ

ထို့နောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ညောင်တုန်းဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသြဘာသာဘိဝံသထံမှ ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီး ဒေါ်ခင်သက်ဌေးနှင့် ပရိသတ်တို့က ရေစက်ချ အနုမောဒနာ တရားနာယူကြပြီး လှူဒါန်းမှုအစုစု တို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့ ဆရာတော်ထံ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး မြင့်ဆွေနှင့် ဇနီးတို့ နိုင်ငံတော် သံဃမဟာနာယကဆရာတော်ကြီး ၄၇ပါး တို့အား ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲတွင် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းကြစဉ်။ (သတင်းစဉ်)

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်း ဝန်ကြီးဗိုလ်ချုပ်အောင်မင်းနှင့်ဇနီးတို့ တက်ရောက်ကြည်ညို

နေပြည်တော် ဇူလိုင် ၁၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၏ ဒုတိယအကြိမ် ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက နေပြည်တော် ရထားပို့ဆောင်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပျဉ်းမနားမြို့နယ် သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော်ဘဒ္ဒန္တဉာဏဝံသ အမှူးပြုသော ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာဒေါ်ဝေဝေသာတို့ တက်ရောက်ကြည်ညိုကြကာ ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

တက်ရောက်ကြည်ညို

အခမ်းအနားသို့ ရထားပို့ဆောင်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်း၊ ရထားပို့ဆောင်ရေးဝန်ကြီး ဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်း ဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် ဝန်ထမ်းများ တက်ရောက်ကြည်ညို ကြသည်။

ရှေးဦးစွာ အခမ်းအနားကို နမောတဿသုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး ပျဉ်းမနားမြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံမှ ကိုးပါးသီလခံယူ ဆောက်တည်ကြသည်။

ဆက်လက်၍ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်ကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာ၊ ဒုတိယဝန်ကြီးများ ဖြစ်ကြသည့် သူရဦးသောင်းလွင်နှင့် ဦးဖေသန်းတို့က ဆရာတော် သံဃာတော်များအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းကြသည်။

ထို့နောက် မြို့နယ်သံဃနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ သံလမ်းကျောင်းတိုက် ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဉာဏဝံသထံမှ အနုမောဒနာ တရားနာကြားကြပြီး လှူဒါန်းမှုအစုစု အတွက် ရေစက်သွန်းချအမျှပေးဝေကာ အခမ်းအနားကို ဗုဒ္ဓသာသနံစိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆို ဆုတောင်း၍ ရုပ်သိမ်းလိုက်သည်။

နေ့ဆွမ်းဆက်ကပ်

ယင်းနောက် ဝန်ကြီး ဗိုလ်ချုပ်အောင်မင်းနှင့် ဇနီး ဒေါက်တာ ဒေါ်ဝေဝေသာတို့က ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် လှူဒါန်းကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမိသားစု ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၈

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းနှင့်ဇနီး ဒေါ်ကြည်ကြည်ဝင်းတို့အားအမှူးထား၍ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမိသားစု၏ ဝါဆိုသင်္ကန်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့ နံနက် ၉နာရီတွင် ပျဉ်းမနားမြို့ အောင်သိဒ္ဓိကျောင်းတိုက်၌ကျင်းပရာ ပျဉ်းမနားမြို့ သပြေတောင်တောရကျောင်းတိုက် သြဝါဒါစရိယ ဆရာတော် အောင်သိဒ္ဓိကျောင်းတိုက် ပဓာနနာယက ဆရာတော်နှင့် ပင့်ဖိတ်တော်မူထားသည့် ဆရာတော် သံဃာတော်များ ကြွရောက်တော်မူကြပြီး ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ငြိမ်း၊ သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးစိုးဝင်း၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသိန်းအောင်၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ၊ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ဝန်ထမ်းမိသားစုများ တက်ရောက်ကြည်ညိုကြသည်။ (ယာပုံ)

တရားနာယူ

ရှေးဦးစွာ သပြေတောင်တောရကျောင်းတိုက် သြဝါဒါစရိယ ဆရာတော် အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဇာဂရထံမှ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဝန်ထမ်းမိသားစုများက ငါးပါးသီလခံယူ ဆောက်တည်ကြကာ ဆရာတော်၊ သံဃာတော်များ ရွတ်ပွားချီးမြှင့်တော်မူသည့် မေတ္တသုတ် ပရိတ်တရားတော်ကို နာယူကြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် ဆရာတော်၊သံဃာတော်များအား ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့်ဝန်ထမ်းမိသားစုများက ဝါဆိုသင်္ကန်းနှင့်လှူဖွယ်ဝတ္ထုပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

နေ့ဆွမ်းကပ်

ဆက်လက်၍ သပြေတောင်တောရကျောင်းတိုက်သြဝါဒါစရိယဆရာတော်ထံမှ အနုမောဒနာတရားနှင့် ရေစက်ချ တရားနာယူကြပြီး လှူဒါန်းမှု အစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြပြီး ဆရာတော် သံဃာတော်များအား ဌာနဆိုင်ရာအကြီးအကဲများနှင့်ဝန်ထမ်းမိသားစုများက နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။ **(သတင်းစဉ်)**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း စာတမ်းဖတ်ပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း Technical Division Group(3) ကကြီးမှူးကျင်းပသည့် စာတမ်းဖတ်ပွဲကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း အဆောက်အအုံ Seminar Room မြေညီထပ် တက္ကသိုလ်များ (လှိုင်နယ်မြေ)လှိုင်မြို့နယ်တွင် ဇူလိုင်၂၁ရက် (စနေနေ့)မွန်းလွဲ၁နာရီမှ ညနေ၃နာရီအထိ ကျင်းပမည်ဖြစ်သည်။

တက်ရောက်နိုင်

စာတမ်းဖတ်ပွဲတွင် Phyapon Bridge Construction Sequence စာတမ်းကိုဖတ်ကြားမည်ဖြစ်ရာ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

အာဇာနည် ခေါင်းဆောင်များကို အလေးထားမြတ်နိုးကြပါလျှင်

ဇာနည်ဘွား

နိုင်ငံတိုင်း နိုင်ငံတိုင်း၊ လူမျိုးတိုင်း လူမျိုးတိုင်းသည် မိမိနိုင်ငံ မိမိလူမျိုးကို ချစ်မြတ်နိုးကြသူများချည်းသာဖြစ်ကြသည်။ မိမိနိုင်ငံကို ကျူးကျော်စွက်ဖက်သူများ၊ ဝင်ရောက်ခြယ်လှယ်သူများကို မျိုးချစ်စိတ်ဓာတ်ရှိသူ နိုင်ငံသားတိုင်းက တွန်းလှန်ချေမှုန်းဖယ်ရှားကြမည်ဖြစ်သည်။ အမျိုးမချစ် မျိုးမစစ်သည့်သူများကမူ အမေကျော်ဒွေးတော်လွမ်းပြီး သူခိုးဓားရိုးကမ်းကာ ပြည်ပကိုအားကိုးကြပေလိမ့်မည်။ ကျူးကျော်စွက်ဖက်လိုသူများကို မျှော်ကိုးကြပေလိမ့်မည်။

မြန်မာနိုင်ငံသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ တိုင်းတစ်ပါးကျူးကျော်မှုကို လက်မခံကြသော မြန်မာတိုင်းရင်းသား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် ညီနောင် သွေးချင်းများက ကျူးကျော်စွက်ဖက်သူများကို လက်တွဲခုခံတိုက်ခိုက်ခဲ့သည့် သမိုင်းအစဉ်အလာများရှိခဲ့သည်။ ထိုပြောင်မြောက် ရဲစွမ်းသော သမိုင်းဖြစ်စဉ်သာဓကများကို ၁၈၂၄ခုနှစ်တွင်ဖြစ်ပွားခဲ့သော မြန်မာ–အင်္ဂလိပ်ပထမစစ်ပွဲ၊ ၁၈၅၂ခုနှစ်တွင် ဖြစ်ပွားခဲ့သော မြန်မာ–အင်္ဂလိပ် ဒုတိယစစ်ပွဲ၊ ၁၈၈၅ ခုနှစ်တွင် ဖြစ်ပွားခဲ့သော

မြန်မာနိုင်ငံသည် နယ်ချဲ့ဆန့်ကျင်ရေးစိတ်ဓာတ် အစဉ်အလာကြီးမားသော နိုင်ငံဖြစ်သည်။ တိုင်းတစ်ပါးကျူးကျော်မှုကို လက်မခံကြသော မြန်မာတိုင်းရင်းသား ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် ညီနောင်သွေးချင်းများက ကျူးကျော်စွက်ဖက်သူများကို လက်တွဲခုခံတိုက်ခိုက်ခဲ့သည့် သမိုင်းအစဉ်အလာများရှိခဲ့သည်။

မြန်မာ–အင်္ဂလိပ် တတိယစစ်ပွဲတို့တွင် တွေ့မြင်နိုင်ပါသည်။ ထို့ပြင် လွတ်လပ်ရေးကြိုးပမ်းမှု ကာလတစ်လျှောက်တွင်လည်း မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်ကို မှတ်ကျောက်တင်နိုင်ခဲ့ပါသည်။

ဆက်လက်၍ မြန်မာတို့၏ လွတ်လပ်ရေးကြိုးပမ်းမှုသမိုင်းကြောင်း အစဉ်အလာသည်လည်း တောက်ပြောင်ခဲ့သည်။ ဆုံးရှုံးသွားသော မြန်မာ့လွတ်လပ်ရေးကို ပြန်လည်တိုက်ယူခဲ့သည်။ အမျိုး၊ ဘာသာ၊ သာသနာ၊ ပညာ၊ လွတ်လပ်ရေးအတွက် ဝိုင်အမ်ဘီအေ(ခေါ်)ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ ဂျီစီဘီအေ(ခေါ်)မြန်မာအသင်းချုပ်ကြီး၊ ဒို့ဗမာအစည်းအရုံး၊ ရဲဘော်သုံးကျိပ်၊ ဖတပလ၊ ဘီအိုင်အေ၊ ဘီဒီအေ၊ ဗမာ့တပ်မတော်၊ ဖဆပလ စသည့် မျိုးချစ်ပြည်ချစ် အဖွဲ့အစည်းများ၏ ဦးဆောင်မှုဖြင့် မြန်မာပြည်သူတို့အကြား အမျိုးသားရေးစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ ဇာတိမာန်စိတ်ဓာတ်၊ လွတ်လပ်ရေးစိတ်ဓာတ်၊ နယ်ချဲ့ဆန့်ကျင်ရေး စိတ်ဓာတ်များ အရှိန်အဟုန်မြင့်မားတိုးပွားခဲ့သည်။

သမိုင်းကြောင်းအစဉ်အလာ ကြီးမားခဲ့သော မြန်မာတို့၏ နယ်ချဲ့ဆန့်ကျင်ရေး သဘောထားများ၊ အမြင်များ၊ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကား ရေးဖွဲ့၍ပင် ကုန်နိုင်ဖွယ် မရှိချေ။ မြန်မာပြည်သူလူထုကြီး၏ နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒသဘောထား အမြင်များနှင့် တစ်သဘောတည်းထင်ဟပ်စေသည့် မြန်မာ့မျိုးချစ်အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတိတ်က စွမ်းဆောင်မှုများမှာလည်း မြန်မာ့သမိုင်းတွင် ကမ္ပည်းမှတ်ကျောက်တင်ခဲ့ပြီး ဖြစ်သည်။

ထိုသမိုင်းကြောင်းကောင်းသည့် အာဇာနည်ခေါင်းဆောင် များစွာရှိခဲ့သည်။ နယ်ချဲ့သမားနှင့် ပေါင်းဖက်မိပြီး မျိုးချစ်ခေါင်းဆောင်ကြီးများအား လုပ်ကြံသတ်ဖြတ်ခဲ့သည့် သမိုင်းဖြစ်ရပ်ဆိုးအကြောင်းကိုလည်း (ပြည်သူများ သိရှိပြီးဖြစ်သည့်တိုင်) ပြန်ပြောင်းတင်ပြလိုပေသည်။ ၁၉၄၇ ခုနှစ် ဇူလိုင် ၁၉ ရက်နေ့တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အမျိုးသားခေါင်းဆောင်ကြီးများ ယုတ်မာပက်စက်စွာ လုပ်ကြံခံရပြီး ကျဆုံးခဲ့ရသည်မှာ ယခု ၂၀၀၇ခုနှစ် ဇူလိုင်လ ၁၉ ရက်နေ့ဆိုလျှင် နှစ်ပေါင်း ၆၀ ပြည့်မြောက်ခဲ့ပေပြီ။

ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ တော်တည့်၊ ဖြောင့်မတ်၊ မှန်ကန်သော တိုင်းပြည်နှင့်လူမျိုးအပေါ် သစ္စာစောင့်သိသော၊ မျိုးချစ်စိတ်ဓာတ်ပြင်းထန်သော၊ ဖွဲလုံ့လရှိ၍ ဆင်းရဲအပင်ပန်းခံနိုင်သော၊ အနစ်နာခံနိုင်သော စသည့်ဂုဏ်ပုဒ်များနှင့် ပြည့်စုံသည့် ထူးခြားသော သတ္တိစွမ်းအင်တို့သည် ချီးကျူး၍မကုန် ဂုဏ်ယူ၍မဆုံး ရှိချေသည်။

ဤသို့ အရည်အချင်းနှင့်ပြည့်ဝသည့် အာဇာနည်ခေါင်းဆောင်ကြီးများ ဆုံးရှုံးရသောအခါ ပြည်သူတို့ရင်ဝယ် ကြိမ်မီးအုံးသကဲ့သို့ ယူကြုံးမရ တသသ ခံစားရသည်။ လုပ်ရက်လေခြင်း၊ ရက်စက်လေခြင်းဟု အမျက်ဒေါသခြောင်းခြောင်းထွက်ကြသည်။ အာဇာနည်ခေါင်းဆောင်တို့ကို ရက်ရက်စက်စက်လုပ်ကြံသတ်ဖြတ်ခဲ့ကြသူတို့မှာ ဂဠုန်ဦးစောနှင့်အပေါင်းပါတို့ဖြစ်သည်ဟု ပြောကြမည်ဖြစ်သော်လည်း နောက်ကွယ်တွင် ပံ့ပိုးအားပေးနေသူများက ရှိနေလေသည်။ ဤအချက်မှန်ကန်ကြောင်း ခိုင်မာသော သမိုင်းဖြစ်ရပ် အထောက်အထားများလည်း ရှိသည်။

ဖက်ဆစ်တော်လှန်ရေးကြီး ပြီးသည့်နောက် မြန်မာတစ်မျိုးသားလုံးသည် တော်လှန်ရေးအလံတော်အောက်တွင် စုစည်းမိခဲ့ကြသည်။ တော်လှန်ရေး၏ အဓိကပန်းတိုင်သည် နယ်ချဲ့ကိုတိုက်ခိုက်ရန်မျှသာမဟုတ် တစ်မျိုးသားလုံး စုစည်း၍ လွတ်လပ်ရေးအောင်ပန်းကို ဆင်မြန်းနိုင်သည်အထိ ဆက်လက်ချီတက်သွားရန်လည်း ဖြစ်သည်။

ဘုရင်ခံဆာဒေါ်မန်စမစ်သည် စစ်ပြီးသည့်နောက် ရန်ကုန်သို့ပြန်လာသည်။ ဘုရင်ခံက ဗိုလ်ချုပ်တို့အဖွဲ့နှင့်လက်တွဲ၍ မြန်မာနိုင်ငံထူထောင်ရေးလုပ်ငန်းများကို လုပ်ကိုင်သွားရန်စည်းရုံးခဲ့သည်။ ဘုရင်ခံနှင့်အတူ အိန္ဒိယမှပါလာသော ဆာပေါ်ထွန်းစသည့် နိုင်ငံရေးသမားများက ဗိုလ်ချုပ်အောင်ဆန်း၏အရည်အချင်းကို ကောင်းစွာမသိ၊ ရာထူးပေးလျှင် ဗိုလ်ချုပ်က လက်ခံမည်ဟု ထင်သည်။ ရာထူးနှင့်ချော့မရလျှင် အာဏာနှင့် ခြောက်ရမည်ဟု ဆာဒေါ်မန်စမစ်ကို အကြံပေးသည်။

သို့သော် ဗိုလ်ချုပ်က ရာထူးမမက်။ ဘုရင်ခံက ရာထူးဖြင့်မြူ၍မရသောအခါ အကြံတစ်မျိုး ထုတ်ပြန်သည်။ ဥပဒေပြုကောင်စီတွင် အမှုဆောင်ဝန်ကြီးတစ်ဦးက ဗိုလ်ချုပ်သည် ဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ချီတက်စဉ်က စစ်မြေပြင်တွင် လူတစ်ဦးကို ကွပ်မျက်ပြီး တရားစီရင်ခဲ့သည်ဟု စွပ်စွဲသည်။ သို့သော်လည်း မအောင်မြင်ခဲ့။ ကြာသော် ဆာဒေါ်မန်စမစ်သည် နာမည်ခံ ဘုရင်ခံမျှသာဖြစ်လာသည်။ ထိုအခါ ဆာဒေါ်မန်စမစ်သည် ဗိုလ်ချုပ်ကို တပည့်မွေး၍မရသောအခါ သူ့သြဇာခံမည့် တပည့်တစ်ဦးကို ရှာတော့သည်။ ယူဂန္ဒာနိုင်ငံတွင် အကျယ်ချုပ်ပို့ထားသည့် ဦးစောအား ဘုရင်ခံ ဆာဒေါ်မန်စမစ်က ပြန်လည်ထုတ်ယူကာ မြန်မာ့နိုင်ငံရေးနယ်ပယ်တွင်းသို့ သွတ်သွင်းပေးခဲ့သည်။ ဤအချက်ကို ကြည့်ခြင်းအားဖြင့် အရင်းရှင်နယ်ချဲ့တို့၏ ယုတ်မာညစ်ထေးမှုကို ကွက်ကွက်ကွင်းကွင်း သိလောက်ပေသည်။ ယခုလည်း ဤသို့ပင်ဖြစ်သည်။ စေ့စေ့တွေးလျှင် ရေးရေးပေါ်လာပေလိမ့်မည်။

လန်ဒန်တွင် ဗိုလ်ချုပ်အောင်ဆန်းရှိစဉ် အောင်ဆန်း–အက်တလီစာချုပ် ချုပ်ဆိုပြီးနောက် ထိုအကြောင်းကို မြန်မာပြည်သူများ ဝမ်းသာအားရ ကြားသိစေရန် ဘီဘီစီအသံလွှင့်ဌာနမှတစ်ဆင့် အသံလွှင့်ရန် စီစဉ်ခဲ့သေးသည်။ သို့ရာတွင် ဗိုလ်ချုပ် အသံလွှင့်ရုံရောက်ခါမှ ဘီဘီစီက ကသိကအောက်ဖြစ်အောင်လုပ်ခဲ့သဖြင့် အသံလွှင့် အစီအစဉ်ဖျက်ခဲ့ရသည့် မမေ့နိုင်စရာဖြစ်ရပ် ကြုံခဲ့ဖူးသည်။

ထို့အပြင် လွတ်လပ်ရေးကြေညာပြီးလျှင် အင်္ဂလန်သို့ပြန်ကြရမည့် အင်္ဂလိပ်အရာရှိကြီးများလည်း ရှိသေးသည်။ အချို့က စေတနာမမှန် ခြေရှုပ်လိုကြသည်။ အင်္ဂလန်သို့ပြန်ရန် စောင့်နေသောတပ်များတွင် နိုင်ငံရေး ကစားလိုသော အင်္ဂလိပ်စစ်ဗိုလ်အချို့လည်းရှိသည်။ လွတ်လပ်ရေး နီးကပ်လာလေလေ ခြေရှုပ်လေလေ ဖြစ်လာကြသည်။ ထိုသူတို့မှာ ဦးစောထံ အဝင်အထွက်ရှိလာခဲ့သည်။ ရန်ကုန်တွင် ထိုအချိန်က ကောလာဟလများ ဖြစ်ပေါ်နေသည်။ ဗိုလ်ချုပ်အောင်ဆန်းကို လုပ်ကြံရန် ကြံစည်နေကြသည်။ အင်္ဂလိပ်စစ်တပ်၏ လက်နက်တိုက်မှ လက်နက်အလက် ၂၀၀ခိုးထုတ်သွားသည်။ သစ္စာဖောက်သူများကို နိုင်ငံခြားအဖွဲ့အစည်းများက ကူညီမည် စသည့်သတင်းများ ပေါ်ထွက်လာသည်။

ဇူလိုင်လ ၁၉ ရက်နေ့နံနက်တွင် ဝန်ကြီးများအစည်းအဝေးရှိသည်။ ထိုအစည်းအဝေးတွင် လက်နက်များ ခိုးထုတ်ခြင်းကိစ္စကို ဆွေးနွေးကြမည်။ သို့ရာတွင် ဆွေးနွေးဖို့အချိန်မရလိုက်၊ ထိုနေ့နံနက်၁၀နာရီ မိနစ်၃၀ တွင်ပင် ဗိုလ်ချုပ်နှင့်ဝန်ကြီးများမှာ ဦးစောနှင့်အပေါင်းပါတို့၏ လက်ချက်ဖြင့် လုပ်ကြံခြင်းခံလိုက်ကြရသည်။ ဤသို့ဖြင့် မျိုးချစ်ခေါင်းဆောင်များ ရေတိမ်နစ်ခဲ့ကြရသည်။ ရင်နာဖို့ကောင်းခဲ့ရသည်။ ဦးစောက သူ့အိမ်တွင် အောင်ပွဲခံသည်။ ဇူလိုင်လ ၁၉ ရက် တစ်မနက်လုံး ဘုရင်ခံထံမှ အစိုးရဖွဲ့ရန်ဖိတ်ကြားချက်ကို စောင့်မျှော်ခဲ့ဟန်တူသည်။ အဘယ်ကြောင့်ဆိုသော် ဦးစောသည် ခြေရာမဖျောက် သူ့လူများကိုမဖြန့်၊ ဣန္ဒြေရရ စောင့်နေခဲ့သောကြောင့်ဖြစ်သည်။ သို့သော် ထိုနေ့ညနေ ၃ နာရီခန့်တွင် ဦးစောနှင့်အပေါင်းပါ လူသတ်သမားများမှာ သက်ဆိုင်ရာ၏ ဖမ်းဆီးခြင်းခံလိုက်ရသည်။

ဦးစောကိုယ်တိုင်ပင် သူ၏မြောက်မြားစွာသော အင်္ဂလိပ်စစ်ဗိုလ် အသိမိတ်ဆွေများအနက်မှ မေဂျာယန်းဆိုသူအား လက်နက်များရယူလိုကြောင်း ဆက်သွယ်ခဲ့သည်။ မေဂျာယန်းက လက်နက်အရာရှိ ကပ္ပတိန်ဗီဗီယန်းနှင့်တိုင်ပင်သည်။ ၁၉၄၇ ခုနှစ် မေလက ဦးစောနှင့် ဗီဗီယန်း လက်နက်ကိစ္စများ ဆွေးနွေးသည်။ ဇွန်လ ၂၄ ရက်နေ့တွင် ဗိုလ်တထောင် လက်နက်တိုက်မှ လက်နက်ခဲယမ်းများ ထုတ်ယူခဲ့သည်။ ထို့နောက် မေဂျာယန်းနှင့် ကပ္ပတိန်ဗီဗီယန်းတို့ကို ရုံးတင်တရားစွဲဆိုလိုက်သည်။ ထိုအခါမှသာ ဗိုလ်ချုပ်နှင့်တကွ ခေါင်းဆောင်ကြီးများသည် နယ်ချဲ့လက်ပါးစေ လူမသမာတစ်စုတို့၏လက်ချက်ဖြင့် ကျဆုံးခဲ့ရခြင်းဖြစ်ကြောင်း ဘူးပေါ်သလိုပေါ်ခဲ့သည်။ အာဏာမက်မောသူသည် နယ်ချဲ့သမားတို့နှင့် ပေါင်းဖက်မိသောအခါ ‘သူတော်အချင်းချင်း သတင်းလွှေ့လွှေ့’ဆိုသကဲ့သို့ လုပ်ကြံမှုဖြစ်သည်အထိ ကြံစည်လာရခြင်းဖြစ်သည်။

နယ်ချဲ့တို့သည် မြန်မာနိုင်ငံအတွင်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု လျော့နည်းအောင် နည်းလမ်းမျိုးစုံသုံး၍ တစိုက်မတ်မတ် ကြိုးပမ်းခဲ့ကြသည်။ စည်းလုံးညီညွတ်မှုရှိနေလျှင်လည်း ပြိုကွဲအောင် ကြံဆောင်ကြသည်။ ပြည်တွင်းက ပုဆိန်ရိုးများကိုလည်း အားပေးအားမြှောက် လုပ်ပေးကြသည်။ ယနေ့ မျက်မှောက်ကာလတွင်လည်း ဆက်လက်ကြိုးပမ်းနေကြဆဲ ဖြစ်သည်။ မမေ့မပျောက်ကောင်းသော အာဇာနည်နေ့အခမ်းအနားကိုပင် ခုတုံးလုပ်ကာ နိုင်ငံရေးအမြတ်ထုတ်ရန် လုပ်ဆောင်ကြသူများသည် နယ်ချဲ့က အားပေးသူများ၊ နယ်ချဲ့၏ လက်ဝေခံများပင်ဖြစ်သည်။

နိုင်ငံကိုချစ်သူတိုင်းသည် အာဇာနည်ခေါင်းဆောင်ကြီးများ မြင်လိုတွေ့လိုသော ညီညွတ်ရေး၊ အေးချမ်းတည်ငြိမ်ရေးကို အလေးထားကြရမည်ဖြစ်သည်။ မျိုးချစ်စိတ်ဓာတ် ထက်သန်နေရမည်ဖြစ်သည်။ ပြည်ပကျူးကျော်စွက်ဖက်မှုကို ညီညီညွတ်ညွတ် ခုခံကာကွယ်ကြရမည်ဖြစ်သည်။ ပြည်ပသွေးထိုးသပ်လျှိုမှုကို ဂရုပြုကြရမည်ဖြစ်သည်။ ညီညွတ်ရေးကိုအလေးဂရုပြုသော လူ့အဖွဲ့အစည်း တစ်ရပ်သည် သာယာစိုပြည်မည်၊ ရွှင်ပျချမ်းမြေ့မည်၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာရှိမည်၊ တိုင်းပြည်အင်အား ပြည့်ဖြိုး၍ မည်သည့်ပြည်ပ ပယောဂကိုမဆို တုံ့ပြန် အနိုင်ယူနိုင်မည်ဖြစ်သည်။

ညီညွတ်ရေးပြိုကွဲ၍ ဖရိုဖရဲဖြစ်လျှင်ကား တစ်ယောက်ကိုတစ်ယောက် မနာလိုဝန်တိုစိတ် အားကြီးလာမည်။ တစ်ဦးကောင်းစားသည်ကို တစ်ဦးက မရှုဆိတ် အတွင်းကြိတ်ထိုးနှက်မည်။ လောဘ၊ ဒေါသ၊ မောဟမီးများ ဖုံးလွှမ်းမည်။ မိမိအင်အားချည့်နဲ့လျှင် သူတစ်ပါးကို အားကိုးမည်။ ဖိတ်ခေါ် မီှခိုမည်။ ပြည်ပအကူအညီကို လက်ကမ်း၍ လှမ်းလင့်မည်။ ဤသို့သောလူ့အဖွဲ့အစည်းတွင် ဆုတ်ယုတ်မှုများရှိလာမည်မှာ သေချာသည်။

ထို့ကြောင့် အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးထားမြတ်နိုးကြပါလျှင် အာဇာနည် ခေါင်းဆောင်ကြီးများ၏တော်တည့်၊ ဖြောင့်မတ်မှန်ကန်သော၊ တိုင်းပြည်နှင့်လူမျိုးအပေါ်သစ္စာရှိသော၊ မျိုးချစ် စိတ်ဓာတ်ပြင်းထန်သော၊ ဖွဲလုံ့လရှိ၍ ဆင်းရဲအပင်ပန်းခံနိုင်သော၊ အနစ်နာခံနိုင်သော စသည့်ဂုဏ်ပုဒ်များကို လေးစားအတုယူ ကြိုးပမ်းကြရမည်သာဖြစ်သည်။ သမိုင်းကပေးသော သင်ခန်းစာများကိုရယူ၍ နယ်ချဲ့၏ ပရိယာယ်၊ နယ်ချဲ့၏သွေးထိုးသပ်လျှိုမှု၊ ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးများ၏ လုပ်ကြံမှုများကို သတိပြုကာကွယ်သွားကြရမည်သာဖြစ်သည်။

တိုင်းပြည်မတည်ငြိမ်အောင်၊ တိုင်းပြည်ယိုယွင်းပျက်ပြားအောင် လုပ်သူသည် အာဇာနည်ခေါင်းဆောင်ကြီးများ၏ ရန်သူ၊ တိုင်းသူပြည်သားတို့၏ ရန်သူသာဖြစ်ပေသည်။ နယ်ချဲ့ပရိယာယ်ကြောင့် ကျဆုံးခဲ့ရသော အာဇာနည်ခေါင်းဆောင်ကြီးများကို အလေးထားမြတ်နိုးကြပါလျှင် အာဇာနည်ခေါင်းဆောင်ကြီးများဖြစ်စေလိုသော တိုင်းရင်းသား စည်းလုံးညီညွတ်ရေး၊ တိုင်းပြည်အေးချမ်းသာယာဖွံ့ဖြိုးရေးတို့ကို ခိုင်မာတောင့်တင်းအောင် ကြိုးပမ်းတည်ဆောက်သွားကြရမည်ဖြစ်သည်။ ထို့အတူ တိုင်းပြည်ကို ထိခိုက်နစ်နာစေမည့် နယ်ချဲ့လက်သစ်နှင့် ပြည်တွင်းသစ္စာဖောက် ပုဆိန်ရိုးတို့၏ ပရိယာယ်အသွယ်သွယ်တို့ကို အမျိုးသားရေးအသိ၊ အမျိုးသားရေးသတိဖြင့် ဝိုင်းဝန်းကာကွယ်တားဆီး သွားကြရမည်သာဖြစ်ပေသည်။ ။

သမိုင်းကြောင်းအစဉ်အလာ ကြီးမားခဲ့သော မြန်မာတို့၏ နယ်ချဲ့ ဆန့်ကျင်ရေး သဘောထားများ၊ အမြင်များ၊ နယ်ချဲ့ဆန့်ကျင်ရေး လှုပ်ရှားမှုများကား ရေးဖွဲ့၍ပင် ကုန်နိုင်ဖွယ် မရှိချေ။ မြန်မာပြည်သူလူထုကြီး၏ နယ်ချဲ့ဆန့်ကျင်ရေး ဆန္ဒသဘောထား အမြင်များနှင့် တစ်သဘောတည်း ထင်ဟပ်စေသည့် မြန်မာ့မျိုးချစ် အာဇာနည်ခေါင်းဆောင်ကြီးများ၏ အတိတ်က စွမ်းဆောင်မှုများမှာလည်း မြန်မာ့သမိုင်းတွင် ကမ္ပည်းမှတ်ကျောက်တင်ခဲ့ပြီး ဖြစ်သည်။



မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့ရှိ မော်တော်ကား အရောင်းပြခန်းတစ်ခု၌ ပြသထားသည့် မော်တော်ကားတစ်စီးကို ဇူလိုင် ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

မလေးရှား၌ နျူကလီးယား စက်ရုံတည်ဆောက်မည်

ကွာလာလမ်ပူ ဇူလိုင် ၁၈

မလေးရှားနိုင်ငံသည် ပါဟန်ပြည်နယ် ဘူကစ်အိုင်ဘမ်အရပ်၌ နျူကလီးယားစက်ရုံတစ်ရုံကို တည်ဆောက်မည်ဖြစ်ကြောင်း မလေးရှား ဒုတိယဝန်ကြီးချုပ် နာဂျစ်တွန်ရာဇတ်က ဇူလိုင် ၁၄ ရက်၌ ပြောကြားလိုက်သည်။

အဆိုပါ နျူကလီးယားစက်ရုံကို အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၄၁ သန်း အကုန်ကျခံ တည်ဆောက်မည်ဖြစ်သည်။

တည်ဆောက်

မလေးရှားနိုင်ငံက ယခုကဲ့သို့ နျူကလီးယားစက်ရုံ တည်ဆောက်ပြီးပါက အရှေ့တောင်အာရှ၌ ပထမဆုံး နျူကလီးယား စက်ရုံတစ်ရုံ တည်ဆောက်နိုင်သည့် နိုင်ငံတစ်နိုင်ငံဖြစ်လာမည်ဖြစ်သည်။

ဆောင်ရွက်

နျူကလီးယားစက်ရုံ တည်ဆောက်မှုကို ယခုနှစ်ကုန်မှ စတင်ဆောင်ရွက်မည်ဖြစ်ပြီး မြေအကျယ်အဝန်း ဟက်တာ ၂၀၀ ပေါ်၌ တည်ဆောက်မည်ဖြစ်သည်။ မိမိတို့သည်ဒေသတွင်း တည်ငြိမ်အေးချမ်းမှုရရှိရန် နျူကလီးယားသုံးစွဲမှုကို ထိရောက်စွာ အသုံးချနိုင်ရန် အတွက် ကြိုးစားနေကြောင်း မလေးရှားနိုင်ငံက ပြောကြားသည်။

အမ်အင်န်အေ၊ဆင်ဟွာ

ဗြိတိန်၌ လုံခြုံရေး အဆင့်မြှင့်တင်ထားရ

လန်ဒန် ဇူလိုင် ၁၈

ဗြိတိန်နိုင်ငံရှိ လေဆိပ်များ၌ လေဆိပ်ဝင်ငွေ၏ လေးပုံတစ်ပုံကို လေဆိပ်လုံခြုံရေးအတွက် အသုံးပြုသွားရန် ဗြိတိသျှအစိုးရက တိုက်တွန်းလိုက်သည်။

နိုင်ငံတကာ အကြမ်းဖက် တိုက်ခိုက်မှုများကို လျင်မြန်စွာတုံ့ပြန်နိုင်အောင် ဆောင်ရွက်နေရကြောင်း၊ ထို့ကြောင့် လုံခြုံရေးကို အဆင့်မြှင့်ဆောင်ရွက်သင့်ကြောင်း ဗြိတိန်အစိုးရက သတင်းထုတ်ပြန်ထားသည်။

ခရီးသည်များအနေဖြင့် လေဆိပ်လုံခြုံရေးအကောက်ခွန်များ ပေးဆောင်ကြရမည်ဖြစ်ကြောင်း ၎င်းသတင်း၌ ဖော်ပြသည်။ ဗြိတိန်နိုင်ငံသည် ၂၀၀၅ ခုနှစ်က ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လေဆိပ်များတွင် လုံခြုံရေးများပိုမိုချထားခဲ့သည်။

အကြမ်းဖက်သမားများက ပို့ဆောင်ရေးစနစ်များကို တိုက်ခိုက်မည်ဟု ခြိမ်းခြောက်ခဲ့သဖြင့် လန်ဒန်ဘူတာရုံများနှင့် အစိုးရအဆောက်အအုံများ၌ လုံခြုံရေးအထူးဆောင်ရွက်ပေးထားခြင်း ဖြစ်သည်။ **(အင်တာနက်)**

ယူအေအီးနှင့်ပါရာဂွေးနှစ်နိုင်ငံ သံတမန်ဆက်ဆံရေးထူထောင်

အဘူဒါဘီ ဇူလိုင် ၁၈

အာရပ်စော်ဘွားများ ပြည်ထောင်စု (ယူအေအီး)နှင့် ပါရာဂွေး နှစ်နိုင်ငံအကြား သံအမတ်ကြီးအဆင့်ရှိသော သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ကြောင်း ယူအေအီးနိုင်ငံ၏ အီမီရိတ်စ်သတင်းဌာနက ဇူလိုင် ၁၄ ရက်၌ သတင်းထုတ်ပြန်သည်။

ထိုသို့အပြန်အလှန် သံတမန်ဆက်ဆံရေး ထူထောင်မှုအဖြစ် ၂၀၀၇ခုနှစ် ဇူလိုင် ၁၃ရက်မှ စတင်ကာ နှစ်နိုင်ငံသံတမန်ဆက်ဆံရေး စတင်ထူထောင်ခဲ့ကြသည်။

စုံစမ်းစစ်ဆေး

ယူအေအီးနှင့် ပါရာဂွေး နှစ်နိုင်ငံတို့အနေဖြင့် အပြန်အလှန်ဆက်ဆံရေး၊ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု၊ ကုလသမဂ္ဂနှင့်နိုင်ငံတကာ ဥပဒေများအား အပြန်အလှန် လေးစားလိုက်နာမှုများကို နှစ်နိုင်ငံတို့က နားလည်မှုရှိစွာ ပူးပေါင်းဆောင်ရွက်သွားကြမည် ဖြစ်သည်။

နှစ်နိုင်ငံတို့သည် နိုင်ငံရေး၊ စီးပွားရေး၊ ကုန်သွယ်ရေး၊ ယဉ်ကျေးမှု ကဏ္ဍများ၌လည်း ပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

တရုတ်နိုင်ငံ ဟေနန် ပြည်နယ် ကျန်ကျို့မြို့၌ ပြသထားသည့် ဒိုင်နိုဆောကျောက်ဖြစ်ရုပ်ကြွင်းကို ဇူလိုင်၁၅ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

နှစ်နိုင်ငံ မြစ်ရေသုံးစွဲမှု အိန္ဒိယနှင့်နီပေါတို့ သဘောတူညီချက်ရရှိ

ခတ္တမန္ဒူ ဇူလိုင် ၁၈

အိန္ဒိယနှင့် နီပေါနိုင်ငံတို့သည် ဂန်ဒါကီမြစ်ရေ သုံးစွဲရေးနှင့် ပတ်သက်ပြီး ၄၈နှစ်ကြာ သဘောတူစာချုပ်ကို ပြန်လည်ပြင်ဆင်မှုများ ပြုလုပ်ကြရန် သဘောတူညီလိုက်ကြကြောင်း နီပေါနိုင်ငံထုတ် သည်ရေဆင်းနီပေါ သတင်းစာက ဇူလိုင် ၁၄ ရက်၌ ဖော်ပြသည်။

စာချုပ်

ဂန်ဒါကီမြစ်ရေ သုံးစွဲရေးနှင့် ပတ်သက်ပြီး လွန်ခဲ့သည့် ၁၉၅၉ခုနှစ် ဒီဇင်ဘာ ၄ ရက်က နီပေါနိုင်ငံ ခတ္တမန္ဒူမြို့တွင် ယခင်နီပေါ ဒုတိယဝန်ကြီးချုပ် ဆူဘာနာရှမ်ရှာရာနာနှင့် အိန္ဒိယသံအမတ်ကြီး ဘဟာဝမ်ဆာဟေးတို့ သဘောတူလက်မှတ်ရေးထိုး စာချုပ်ချုပ်ဆိုခဲ့ကြသည်။

တည်ဆောက်မည်

ယခုအခါ အဆိုပါမြစ်ပေါ်၌ ရေလွှမ်းမှုထိန်းချုပ်ရန်၊ ရေအားလျှပ်စစ်ဓာတ်ရရှိရန်နှင့် ဆည်ရေသုံးစွဲနိုင်ရန်တို့အတွက် ဆည်တစ်ခု တည်ဆောက်မည် ဖြစ်သည်။

အဆိုပါဆည်ကို နီပေါနိုင်ငံမြို့တော် ခတ္တမန္ဒူမှ အနောက်တောင်ဘက် ၁၆၀ အကွာခန့်ရှိ နာဝါပရာစီ ခရိုင်အတွင်း တည်ဆောက်မည်ဖြစ်သည်။ ထို့ကြောင့် ယခင်ချုပ်ဆိုထားသော စာချုပ်အချက်အလက်များကို ပြင်ဆင်ဖြည့်စွက်ရမည်ဖြစ်သည်။ **အမ်အင်န်အေ၊ ဆင်ဟွာ**

ဆွစ်ဇာလန် ဂီတပွဲတော်၌ မီးလောင်မှုဖြစ်ပွား မော်တော်ယာဉ် ၄၄ စီး မီးလောင်

ဖရွန်ဖီ ဇူလိုင် ၁၈

ဆွစ်ဇာလန်နိုင်ငံ တေးဂီတပွဲတော်တစ်ရပ်၌ ဇူလိုင် ၁၄ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့သဖြင့် မော်တော်ယာဉ် ၄၄ စီး မီးလောင်ပျက်စီးခဲ့ရကြောင်း ဆွစ်ဇာလန်ရဲတပ်ဖွဲ့က ပြောကြားသည်။

အဆိုပါ မီးလောင်ကျွမ်းမှုနှင့် ပတ်သက်ပြီး မည်သည့်အတွက်ကြောင့် မီးလောင်ရသည်ကို ရဲတပ်ဖွဲ့က စုံစမ်း စစ်ဆေးလျက်ရှိသည်။ ထိုမီးလောင်မှုကြောင့် မီးသတ်သမားငါးဦးဒဏ်ရာ ရရှိခဲ့သည်။

အလွန်ပူပြင်း

သုံးရက်ကြာ ကျင်းပသည့် အဆိုပါ ဂီတပွဲတော်၌ လူ ၃၅၀၀၀ခန့် ပါဝင်ဆင်နွှဲခဲ့ကြပြီး ယင်းနေ့က ရာသီဥတုအလွန်ပူပြင်းခဲ့ကြောင်းသိရသည်။

ထိုမီးလောင်မှုမှာ အပူချိန်မြင့်မားလွန်းသဖြင့် မီးလောင်ခဲ့ခြင်းဖြစ်နိုင်ကြောင်း ရဲတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်န်အေ၊ရိုက်တာ

အင်ဒိုနီးရှား အရှေ့ပိုင်း၌ ငလျင်လှုပ်

ဂျကာတာ ဇူလိုင် ၁၈

အင်ဒိုနီးရှားအရှေ့ပိုင်း၌ ဇူလိုင် ၁၄ ရက်က ရစ်ချ်တာစကေး ၅ ဒသမ ၁ ရှိ ငလျင်လှုပ်သွားခဲ့ရာ ပျက်စီးရှုံးဆုံးမှုနှင့် ထိခိုက်ဒဏ်ရာရရှိမှု မဖြစ်ပေါ်ခဲ့ကြောင်း မိုးလေဝသနှင့်ဘူမိရူပဌာနက သတင်းထုတ်ပြန်သည်။

ဗဟိုပြု

အဆိုပါ ငလျင်သည် ဆူလာဝေစီပြည်နယ်မြောက်ပိုင်း၌ ယင်းနေ့နံနက် ၃ နာရီ ၂ မိနစ်တွင် ပင်လယ်ရေမျက်နှာပြင်အောက် ကီလိုမီတာ၅၀အကွာကို ဗဟိုပြု၍ လှုပ်သွားခဲ့ကြောင်း အဆိုပါ သတင်း၌ ဖော်ပြသည်။

ဖြစ်ပွား

အင်ဒိုနီးရှားနိုင်ငံသည် ငလျင်ရပ်ဝန်းဇုန်၌ ပါရှိနေပေရာ မကြာခဏ ငလျင်လှုပ်မှုများ ဖြစ်ပွားလျက်ရှိသည်။

အမ်အင်န်အေ၊ဆင်ဟွာ

အာဖဂန်နစ္စတန်၌ လမ်းဘေးဗုံးပေါက်ကွဲ

ကဘူးလ် ဇူလိုင် ၁၈

အာဖဂန်နစ္စတန်တောင်ပိုင်း ကန်ဒါဟာပြည်နယ်၌ ဇူလိုင် ၁၄ ရက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှု ဖြစ်ပွားခဲ့ရာ ရဲတပ်ဖွဲ့ဝင်သုံးဦးအပါအဝင် ခြောက်ဦးဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့ အကြီးအကဲက ပြောကြားသည်။

စုံစမ်းစစ်ဆေး

ယင်းဖြစ်ပွားမှုနှင့်ပတ်သက်၍ မည်သူမည်ဝါပြုလုပ်သည်ကို အခိုင်အမာ မပြောနိုင်သေးကြောင်း၊ စုံစမ်းစစ်ဆေးဆဲဖြစ်ကြောင်း အဆိုပါသတင်း၌ ဖော်ပြသည်။

အာဖဂန်နစ္စတန်၌ ယခုနှစ်အတွင်း တာလီဘန်စစ်သွေးကြွများ တိုက်ခိုက်မှုကြောင့် သေဆုံးသူ ၃၀၀၀ ကျော် ရှိပြီဖြစ်သည်။

အမ်အင်န်အေ၊ဆင်ဟွာ

ငလျင်ကြောင့်ပျက်စီး

ဂျပန်နိုင်ငံ ကက်ရှ်ဟီဝါဇာကီ ပြည်နယ်၌ အင်အားပြင်းငလျင် လှုပ်သွားခဲ့ပြီးနောက် အပျက်အစီးများအား ကယ်ဆယ်ရေးအဖွဲ့များက ရှင်းလင်းနေသည်ကို ဇူလိုင် ၁၇ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်း မိုင်းယန်းမြို့နယ်ဖွံ့ဖြိုးတိုးတက်မှု ကြည့်ရှုစစ်ဆေး ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ကြီးထွားအောင် ဆောင်ရွက်ရေးမှာကြား

နေပြည်တော် ဇူလိုင် ၁၈

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယန်းမြို့တွင်ရောက်ရှိနေသော နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါလျက် ဇူလိုင်၁၇ရက် နံနက်ရနာရီခွဲတွင် မိုင်းယန်းတပ်နယ် ခြံစည်းရိုးကြက်ဆူစိုက်ပျိုးပွဲတော်ကျင်းပမည့် ၁၀ဧကစိုက်ခင်းသို့ ရောက်ရှိကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေး ဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဝင်း မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံတွင် ကုသမှုခံယူနေကြသော လူနာများအား လက်ဆောင်ပစ္စည်းများ ပေးအပ်စဉ်။ (သတင်းစဉ်)

ကြက်ဆူပင်ပေးအပ်

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက မိုင်းယန်းတပ်နယ်ရှိ အရာရှိ၊စစ်သည်မိသားစုဝင်များနှင့်လူမှုရေးအသင်းအဖွဲ့ဝင်များထံ ခြံစည်းရိုးကြက်ဆူပျိုးပင်များ ပေးအပ်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ခြံစည်းရိုးကြက်ဆူပျိုးပင်ကို စိုက်ပျိုးပေးကြသည်။

တပျော်တပါးစိုက်ပျိုး

ယင်းနောက် မိုင်းယန်းတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ခြံစည်းရိုးကြက်ဆူပျိုးပင်များကို တပျော်တပါး စိုက်ပျိုးကြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက စိုက်ပျိုးပြီး ခြံစည်းရိုးကြက်ဆူပင်များ ရှင်သန်ကြီးထွားရန်အတွက်လည်း ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းယန်းတပ်နယ်ခန်းမ၌ တပ်နယ်ရှိ အရာရှိ၊ စစ်သည်မိသားစုဝင်များအား တွေ့ဆုံ၍ ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အမှာစကားပြောကြားကာ လက်ဆောင်ပစ္စည်းများပေးအပ်သည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းယန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြရာ ပြည်နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာမြင့်အောင်၊ ခေတ္တဆေးရုံအုပ် ဒေါက်တာအောင်ကိုဦးနှင့် ကျန်းမာရေးဝန်ထမ်းများက ကြိုဆိုကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ဆေးရုံတက်ရောက်ကုသမှု ခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးစကားပြောကြားကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် မိုင်းယန်းမြို့ ပြည်သူ့ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၁၀သိန်း ပေးအပ်လှူဒါန်းရာ ခေတ္တဆေးရုံအုပ် ဒေါက်တာအောင်ကိုဦးက လက်ခံသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းအား တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ပြည်နယ်အစီအစဉ်ဖြင့် ဆေးရုံအမိုးမျက်နှာကြက် ပြုပြင်မွမ်းမံမည့် အစီအစဉ်၊ သားဖွားခန်းနှင့် ခွဲစိတ်ခန်းတိုးချဲ့မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ ခွဲစိတ်ခန်း၊ဆေးသိုလှောင်ခန်းနှင့်ဓာတ်မှန်ခန်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

တွေ့ဆုံ

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးသို့ ရောက်ရှိကြပြီး မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များအား တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် မိုင်းယန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းက ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ဖြည့်စွက် ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များ အပေါ် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက သိရှိလိုသည်များကို မေးမြန်းဆွေးနွေးရာ မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့ဝင် ဦးသိန်းမောင်၊ ပြည်နယ်စိုက်ပျိုးရေးမန်နေဂျာ ဦးအောင်ခင်၊ မြို့နယ် ဥက္ကဋ္ဌ ဦးကျော်ကျော်ဝင်းနှင့် တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်တို့က ကဏ္ဍ အလိုက် ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ဝိုင်းဝန်းကြိုးပမ်း

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရသည် နယ်မြေဒေသအသီးသီး၌ တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော်ကြီး တည်ဆောက်ရေးလုပ်ငန်းစဉ်များကို တိုင်းရင်းသားပြည်သူတစ်ရပ်လုံး စွမ်းအားဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်ရေးအတွက် ဌာနဆိုင်ရာများ၊ ဒေသခံ တိုင်းရင်းသားပြည်သူများက တက်ညီလက်ညီ ဝိုင်းဝန်း ကြိုးပမ်း ဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် မှာကြားပြီး တွေ့ဆုံပွဲတက်ရောက် လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် အဖွဲ့ဝင်များနှင့်အတူ မိုင်းယန်းမြို့ အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြရာ ပြည်နယ်ပညာရေးမှူး ဦးတင်အောင်၊ ကျောင်းအုပ် ဆရာကြီး ဦးနိုင်းဟိုင်ကွန်းနှင့် ဆရာ ဆရာမများက ကြိုဆိုကြသည်။

ကူးယူဖြန့်ဖြူး

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် သိပ္ပံလက်တွေ့ခန်း၊ စာကြည့်ခန်း၊ ကွန်ပျူတာခန်းမ၊ Lecture Room တို့ကိုလည်းကောင်း၊ တိုးချဲ့ကျောင်းဆောင်သစ်၌ မူလတန်းကလေးငယ်များ ပညာသင်ကြားနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက အင်္ဂလိပ်စာသင်ကြားရေးနှင့်ပတ်သက်၍ အင်္ဂလိပ်စာ သင်ကြားသည့် စာအုပ်နှင့်တိပ်ခွေများ ကျောင်းသားများ လက်ဝယ်ရောက်ရှိ၍ နေအိမ်တွင် ထပ်မံလေ့လာနိုင်စေရေး ကူးယူဖြန့်ဖြူးပေးရန်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းသည် ကျောင်းခန်းမ၌ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံပြီး အမှာစကားပြောကြားရာတွင် နိုင်ငံတော်အစိုးရအနေဖြင့် ပညာရေးကဏ္ဍကို တတ်နိုင်သမျှ မြှင့်တင်ပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများကလည်းသင်ကြားမှုပိုင်းတွင် စေတနာထားပြီး ဒေသဖွံ့ဖြိုးတိုးတက်မှု အထောက်အကူပြုနိုင်သည့် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများ ပေါ်ထွန်းအောင် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်းဖြင့် မှာကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းက ၂၀၀၇ခုနှစ် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူ ငါးဦးတို့အား ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ပြီး ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မိုင်းယန်းမြို့ ဖွံ့ဖြိုးစည်ပင်မှု အခြေအနေများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် ဖာပွန်ကျေးရွာ တောင်သူဦးအိုက်ရီစံ၏ ကွင်းအမှတ် ၈/က သို့ရောက်ရှိကြပြီး ပဲပုပ်ရှစ်ဧက၊ ပြောင်းနှစ်ဧက ဖြစ်ထွန်းအောင်မြင်မှုကို ကြည့်ရှုစစ်ဆေးရာ တိုင်းမှူး ဗိုလ်ချုပ်မင်းအောင်လှိုင်က ရှင်းလင်းပြသသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးကျော်ဝင်းနှင့် အဖွဲ့ဝင်များသည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာလာရာ မိုင်းလွေ့ စံပြကျေးရွာ ဖွံ့ဖြိုးစည်ပင်မှု၊ လမ်းဘေးဝဲ/ယာ တစ်လျှောက် စိမ်းလန်းစိုပြည်မှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်) ဝါဆိုသင်္ကန်း ဆက်ကပ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

ကျိုက်မရောမြို့နယ်အသင်း(ရန်ကုန်)၏ ပဥ္စမအကြိမ်မြောက် ဝါဆိုသင်္ကန်းဆက်ကပ်ပူဇော်ပွဲကို ဇူလိုင်၂၁ရက် (စနေနေ့) နံနက်၉နာရီတွင် ဗိုလ်တထောင်မြို့နယ် ဗိုလ်တထောင်ဘုရားအတွင်းရှိ မွန်ပရိယတ္တိစာသင်တိုက်၌ကျင်းပမည်ဖြစ်ရာ အသင်းဝင်များ မပျက်မကွက်တက်ရောက်ကြရန်နှင့် ဝါဆိုသင်္ကန်းအလှူငွေနှင့် အခြားလှူဖွယ်ပစ္စည်းများကို နာယကများ ဦးရဲမြင့် ဖုန်း–၀၉– ၅၂၀၁၇၆၉၊ ဗိုလ်မှူးကြီးသာအောင်(ငြိမ်း) ဖုန်း–၀၉–၅၁၉၃၂၀၅၊ အတွင်းရေးမှူး ဗိုလ်ကြီးသောင်းညွန့်(ငြိမ်း) ဖုန်း–၅၅၅၆၅၁နှင့် ဦးခင်အောင် ဖုန်း–၀၉–၅၁၀၀၂၈၉ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။

(က–ပ)

ဆုထူးပန်စာသင်တိုက် ဝါဆိုသင်္ကန်းကပ်လှူပွဲ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်မြို့ တာမွေမြို့နယ် ဆုထူးပန် စာသင်တိုက် ပဓာနနာယက နိုင်ငံတော် ထေရဝါဒဗုဒ္ဓသာသနာပြုဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသလ္လာပဏ္ဍိတ၏(၇၁)နှစ်မြောက်မွေးနေ့ဖြစ်သော ဒုတိယဝါဆိုလပြည့်ကျော် ၇ရက် (ဩဂုတ်၅ရက်) တနင်္ဂနွေနေ့ နံနက်၉နာရီက ကျောင်းတိုက်ရှိ သံဃာတော် အပါး၁၅၀နှင့် ပင့်သံဃာအပါး ၅၀ကျော် စုစုပေါင်း ပင့်သံဃာ၂၀၀ ကျော်တို့အား ဝါဆိုသင်္ကန်း ကပ်လှူမည်ဖြစ်ရာစီဝိုင်စီသင်္ကန်းတစ်စုံလျှင်ကျပ် ၅၀၀၀နှုန်းဖြင့် လည်းကောင်း၊ ပေါ်ပလင် သင်္ကန်းတစ်စုံလျှင်ကျပ် ၃၀၀၀နှုန်းဖြင့်လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က–ပ)**

NLD ပါတီ၏ လုပ်ဆောင်ချက်များအပေါ် ယုံကြည်သက်ဝင်မှုမရှိ မော်လမြိုင်ကျွန်းမြို့နယ်မှ ပါတီဝင်ငါးဦး စုပေါင်းနုတ်ထွက်

ရန်ကုန် ဇူလိုင် ၁၈

ဧရာဝတီတိုင်း မော်လမြိုင်ကျွန်းမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ပုဂံပုံကျေးရွာနေ ဦးမြစံ၊ဦးအေးလွင်၊ဦးဖိုးစိုး၊ မြတ်သာရွာမကျေးရွာနေ ဦးစိန်မြင့်ဌေးနှင့်ဦးစန်းတင့်တို့သည် ဇူလိုင်၉ရက်တွင် ၎င်းတို့ ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်စာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာဒေသအာဏာပိုင်အဖွဲ့အစည်းအသီးသီးတို့သို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

မော်လမြိုင်ကျွန်းမြို့နယ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သော နုတ်ထွက်လွှာတွင် ၎င်းတို့သည် NLD ပါတီ၏ လုပ်ရပ်များကို စိတ်ဝင်စားမှုမရှိတော့ကြောင်း၊ NLD ပါတီ၏ လုပ်ဆောင်ချက်များအပေါ် ယုံကြည်သက်ဝင်မှုမရှိတော့သဖြင့် ၎င်းတို့သဘောဆန္ဒအလျောက် နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း အင်တာနက်ဖောင်ဖိတ်သတင်း

ဘရာဇီး၌ ခရီးသည်တင်လေယာဉ်မီးလောင်၊ ခရီးသည် ၂၀၀ သေဆုံး

ဆော်ပေါလို ဇူလိုင် ၁၈

ဘရာဇီးနိုင်ငံတောင်ပိုင်း ပေါ်တိုအလီဂရီမြို့လေဆိပ်၌ ဇူလိုင်၁၇ရက်က အဲဘတ်စ်–၃၂၀ ခရီးသည်တင် လေယာဉ်တစ်စင်းမြေပြင်သို့အဆင်းတွင် ဘီးချော်ပြီး လောင်စာဆီများထားရှိရာ ကုန်လှောင်ရုံတစ်ခုကို ဝင်တိုက်ခဲ့သဖြင့် လေယာဉ်မီးလောင်မှုဖြစ်ပွားခဲ့ရာမှ ခရီးသည် ၂၀၀ ခန့် သေဆုံးခဲ့ကြောင်း အင်တာနက်သတင်း၌ ဖော်ပြသည်။

ဘီးချော်

အဆိုပါလေယာဉ်မှာ လေဆိပ်သို့အဆင်းတွင် မိုးရွာနေမှုကြောင့် ပြေးလမ်းပေါ်အရောက်၌ ဘီးချော်မှုဖြစ်ခဲ့ရာမှ ယခုကဲ့သို့ လောင်စာဆီကုန်လှောင်ရုံနှင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း သတင်း၌ ဖော်ပြသည်။ (အင်တာနက်)

သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း တိုင်းအဆင့် နည်းပြသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း ကျန်းမာရေးကော်မတီနှင့် ရန်ကုန်တိုင်းမိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့တို့က ပူးပေါင်းဆောင်ရွက်သော သွေးလွန်တုပ်ကွေး ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်း တိုင်းအဆင့် နည်းပြသင်တန်းဖွင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၆ ရက် မွန်းလွဲ ၁ နာရီခွဲက ရန်ကုန်တိုင်း ဒဂုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဦးဘလွင်ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။ (အောက်ပုံ)

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်လှဌွေးဝင်းက အမှာစကား ပြောကြားရာတွင် ရန်ကုန်တိုင်းအတွင်း မိုးရွာသွန်းမှု များပြားခြင်းကြောင့် သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှုသည် မေလနှင့် ဇွန်လတို့တွင် ဖြစ်ပွားမှု များပြားလာသည့်အတွက် သက်ဆိုင်ရာ ဒေသအာဏာပိုင်များက ဦးဆောင်၍ ကျန်းမာရေးဝန်ကြီးဌာနနှင့် အတူ နီးနွယ်သောဌာနများဖြစ်သည့် ပညာရေးဝန်ကြီးဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီ စသည်တို့ အပါအဝင် လူမှုရေး အသင်းအဖွဲ့များ၊ ကျောင်းသား ကျောင်းသူများနှင့် ပြည်သူများက အသိရှိရှိဖြင့် ရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် အမျိုးသားကျန်းမာရေး ကော်မတီ အတွင်းရေးမှူး ကျန်းမာရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ မြဦးက သွေးလွန်တုပ်ကွေး ရောဂါ ကြိုတင် ကာကွယ်ရေးနှင့် ပတ်သက်၍ အမှာစကား ပြောကြားသည်။

ယင်းနောက် ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေးကြီးကြပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေက သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေး အသိပညာပေးစာစောင်များကို ပေးအပ်ရာ ခရိုင်မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌများက လက်ခံရယူ၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

တက်ရောက်

အဆိုပါသင်တန်းသို့ ရန်ကုန်တိုင်း အတွင်း မြို့နယ်များမှ မြို့နယ်အေးချမ်း သာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ များ၊ မြို့နယ်မိခင်နှင့် ကလေးစောင့် ရှောက်ရေး အသင်းဥက္ကဋ္ဌများ၊ မြို့နယ် ပညာရေးမှူးများ၊ မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ်စည်ပင် သာယာအုပ်ချုပ်ရေးမှူးများ အပါအဝင် တစ်မြို့နယ်လျှင် ငါးဦးစီဖြင့် သင်တန်း သား ၂၂၅ဦး တက်ရောက်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မရမ်းကုန်း သမိုင်းဝင်ကျိုက်ဝိုင်းစေတီတော် တောင်ဘက်စောင်းတန်းတည်ဆောက်ရေး အလှူငွေပေးအပ်

ရန်ကုန် ဇူလိုင် ၁၈

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် သမိုင်းဝင်အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီးတွင် စတင်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် တောင်ဘက်စောင်းတန်းတော်ကြီး တည်ဆောက်ရန်အတွက် မရမ်းကုန်းမြို့နယ် အမှတ် (၃)ရပ်ကွက် အောင်သိဒ္ဓိလမ်းနေ ဦးဝင်းမြင့်-ဒေါ်သန်းရီမိသားစုက ငွေကျပ်တစ်သိန်း လှူဒါန်းရာ **(အပေါ်ပုံ)**စေတီတော်ဂေါပက အဖွဲ့ဝင်များ ဖြစ်ကြသော ဦးထွန်းနှင့် ဦးဟန်ညွန့်တို့က လက်ခံယူသည်။

ဆက်သွယ်လှူဒါန်းနိုင်

အဆိုပါ စောင်းတန်းတော်ကြီးတည်ဆောက်ရေးအတွက် လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် စေတီတော်ဂေါပကရုံး ဖုန်း-၆၆၀၀၀၆၊ ၇၁၀၃၇၄တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန သစ်ပင်စိုက်ပွဲတော် ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်အားပေး

နေပြည်တော် ဇူလိုင် ၁၈

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာန ၂၀၀၇ ခုနှစ် နေပြည်တော် မိုးရာသီ သစ်ပင်စိုက်ပွဲတော်ကို ဇူလိုင် ၁၅ ရက် နံနက် ၁၀ နာရီက နေပြည်တော်ရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအနီးရှိ စိုက်ခင်း၌ကျင်းပရာ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း တက်ရောက်၍ စိန်တစ်လုံးသရက်ပင်ကို စိုက်ပျိုးပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ဝန်ထမ်းများစုပေါင်း၍ သီးပင်စားပင်များ၊ အရိပ်ရပင်များ၊ နှစ်ရှည်သီးနှံပင်များ စိုက်ပျိုးနေမှုများကို ကြည့်ရှုအားပေးသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် ဝန်ကြီးရုံးအနီးရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန သရုပ်ပြ နွားမွေးမြူရေးခြံ၊ ဆိတ်မွေးမြူရေးခြံနှင့် ထပ်မံတိုးချဲ့တည်ဆောက်နေသည့် ဆိတ်မွေးမြူရေးခြံတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကွမ်းခြံကုန်းအသင်း ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သာသနာ့အာဇာနည် ချီးကျူးပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၈

ကွမ်းခြံကုန်းမြို့နယ် အသင်း (ရန်ကုန်)၏ သတ္တမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် နိုင်ငံတော်မှ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသည့် ရဟန်း၊ ပုဂ္ဂိုလ်တို့အား ချီးကျူးပူဇော်ပွဲအခမ်းအနားကို (၁၃၆၉ ခုနှစ် ဒုတိယဝါဆိုလဆန်း ၈ ရက်) ဇူလိုင် ၂၂ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ဇာတိမြို့ဖြစ်သော ကွမ်းခြံကုန်းမြို့ မဟာတိလောကမှန်ကူသွန်း ဘုရားကြီး၏ ဘုရားတန်ဆောင်းတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

ဆက်သွယ်လှူဒါန်းနိုင်

ယင်းနေ့တွင် ကွမ်းခြံကုန်းမြို့ပေါ်ရှိ စာသင်တိုက်များအပါအဝင် ဘုန်းကြီးကျောင်း ၂၃ ကျောင်းသို့ ဝါဆိုသင်္ကန်းကပ်လှူခြင်း၊ ပင့်သံဃာ ၁၀ပါးအား ဆွမ်းဆက်ကပ်ခြင်း၊ ပါရမီစံ ပရိယတ္တိ စာသင်တိုက်မှ မဟာဂန္ထဝါစက ပဏ္ဍိတဘွဲ့ ဆက်ကပ်ခံ ဘဒ္ဒန္တသုနန္ဒရသီရိ၊ ရွှေကျင်(ဂျား)ကျောင်း ပရိယတ္တိစာသင်တိုက်မှ ပိဋကတစ်ပုံဆောင် ဝိနယရေဘွဲ့ ဆက်ကပ်ခံ အရှင်နန္ဒကနှင့် ကွမ်းခြံကုန်း အရှေ့ကျောင်းကြီးမှ ဥဘတောဝိဘင်္ဂရေဘွဲ့ ဆက်ကပ်ခံ ဘဒ္ဒန္တသုနန္ဒ တို့အား ချီးကျူးပူဇော်ပွဲ ဂုဏပူဇာမဟာသဘင်တို့ကို ပေါင်းစည်းကျင်းပမည် ဖြစ်ပါ၍ လှူဖွယ်ဝတ္ထု၊ သင်္ကန်းနှင့် ပစ္စည်းတို့ကို ကြိုတင်၍ ဦးစိုးညွန့် ဦးစီးနာယက ဖုန်း-၅၄၁၆၈၆၊ ဦးကျော်ခိုင် ဥက္ကဋ္ဌ ဖုန်း-၂၄၆၁၄၀၊ ဦးကျော်စိုး အတွင်းရေးမှူး ဖုန်း-၀၉-၅၀-၀၁၄၂၆၊ ဦးကြိုင်မြင့် ဘဏ္ဍာရေးမှူး ဖုန်း-၃၇၁၅၆၃၊ ဦးစန်းအောင် တွဲဖက်အတွင်းရေးမှူး ဖုန်း-၆၆၄၆၀၇၊ ဗိုလ်မှူးမြင့်သူ တွဲဖက်အတွင်းရေးမှူး ဖုန်း-၂၉၂၅၀၀နှင့် ဒေါ်ဉ အမှုဆောင် ဖုန်း-၀၉- ၈၀-၃၃၉၁၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြသည်။

နှိုးဆော်ထား

ဝါဆိုသင်္ကန်းကပ်လှူပွဲနှင့် သာသနာ့အာဇာနည် ချီးကျူးပူဇော်ပွဲသို့ လိုက်ပါလိုသူများသည် ဇူလိုင် ၂၂ရက်(တနင်္ဂနွေနေ့) နံနက်၆နာရီခွဲအရောက် ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံ(မြို့တော်ခန်းမရှေ့) စုရပ်သို့ လာရောက်ကြရန် နှိုးဆော်ထားသည်။ **(က-ပ)**

ဇူလိုင် ၁၆ ရက်က မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ခါးစည်းဒန်အဆင့် အောင်လက်မှတ်နှင့် ဒိုင်လူကြီး သင်တန်းဆင်းအောင်လက်မှတ်ချီးမြှင့်ပွဲအခမ်းအနားကို ရန်ကုန်မြို့ ယုဇနဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့်ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက် သင်တန်းဆင်းအောင်လက်မှတ် ပေးအပ်ချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

အထက(၆) ဗိုလ်တထောင် သွေးလွန်တုပ်ကွေးကာကွယ်ရေး ပညာပေးဟောပြော

ရန်ကုန် ဇူလိုင် ၁၈

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေးဟောပြောပွဲကို ဇူလိုင်၁၂ရက်က ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် အမှတ်(၆) အခြေခံပညာ အထက်တန်း ကျောင်း၌ကျင်းပရာ အခမ်းအနားသို့ ကျောင်းအုပ်ကြီးနှင့် ဆရာဆရာမ၊ ကျောင်းသား ကျောင်းသူ အင်အား ၆၀၀ခန့်တက်ရောက်ကြသည်။

အခမ်းအနားတွင် ကျောင်းအုပ်ဆရာကြီး ဒေါက်တာဝင်းမင်းလတ်က အမှာစကားပြောကြားပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ကျန်းမာရေးဌာနမှ လက်ထောက်ဌာနမှူး ဒေါက်တာ ဒေါ်ကြည်ကြည်သန်းက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး ပညာပေး ဟောပြောသည်။

ယင်းကျောင်း၌ ဇူလိုင် ၁၃ရက် ကျောင်းဆင်းချိန်တွင် မြို့နယ်ကျန်းမာရေး ဌာနအကူအညီဖြင့် ကျောင်းဝင်း အတွင်းနှင့် စာသင်ခန်းများကို ခြင်ဆေးမှုတ်၊ ဆေးဖျန်းခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

စုပေါင်း စိုက်ပျိုး

ဇူလိုင်၁၀ရက်က ကြို့ပင်ကောက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိ ဦးစိုးထွန်း ကြီးကြပ်၍ အဖွဲ့ဝန်ထမ်းများနှင့် ကျေးရွာ ပြည်သူများ ပူးပေါင်းပြီး ခရိုင်ချင်းဆက်လမ်း အမှတ်(၁) (ကြို့ပင်ကောက်မြို့နယ် အပိုင်း) လမ်းဘေးဝဲယာ တစ်လျှောက်တွင် အရိပ်ရပင် ၁၅၀၀အား စုပေါင်း စိုက်ပျိုးစဉ်။ (မြို့နယ်စည်ပင်)

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

မြန်မာနိုင်ငံ စာကြည့်တိုက်အသင်း၏ တတိယလေးနှစ်သက်တမ်း ပထမအကြိမ် နှစ်ပတ်လည်အစည်းအဝေးနှင့် စာတမ်းဖတ်ပွဲကို ဇူလိုင် ၂၁ ရက် (စနေနေ့) နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက် ဘက်စုံခန်းမ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များထံ ဖိတ်စာပေးပို့လျက်ရှိပြီး ဖိတ်စာအချိန်မီမရရှိသည်ဖြစ်စေ အသင်းဝင်အားလုံး စုံညီစွာတက်ရောက်ကြရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ဆက်သွယ်ရေးနိုင်

နေပြည်တော် ဇူလိုင် ၁၈

အားကစားဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းစီစဉ်ကျင်းပသော ၂၀၀၇ ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲများ ဆက်လက်ကျင်းပသည်။

အားပေးကြည့်ရှု

ယနေ့ကျင်းပသည့် ဘောလုံးပြိုင်ပွဲသို့ ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ တစ်ခဲနက် တက်ရောက်ကြည့်ရှုအားပေးကြသည်။

ပေါင်းလောင်းအားကစားကွင်း

ညနေ ၄ နာရီပွဲ (ကက)အုပ်စု

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန **လေးဂိုး။**
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန **ဂိုးမရှိ။**

ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်ကို ဇူလိုင် ၁၉ ရက် (အာဇာနည်နေ့)တွင်တစ်ရက်ရပ်နားမည်ဖြစ်ပြီး ဇူလိုင် ၂၀ ရက် ညနေ ၄ နာရီတွင် ပျဉ်းမနားမြို့ ပေါင်းလောင်းအားကစားကွင်း၌ (ခခ)အုပ်စုမှ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အသင်းနှင့် သစ်တောရေးရာဝန်ကြီးဌာနအသင်းတို့ ဆက်လက်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ **(က-ပ)**

၂၀၀၇ခုနှစ် ပထမအကြိမ် နေပြည်တော် ဝန်ကြီးဌာနပေါင်းစုံ ဘောလုံးပြိုင်ပွဲ ဒုတိယအဆင့် အုပ်စုပတ်လည်ပြိုင်ပွဲ၏ (ကက)အုပ်စုမှ မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနအသင်းနှင့် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဝန်ကြီးဌာနများမှ အရာထမ်း၊ အမှုထမ်း၊ ဝန်ထမ်းမိသားစုများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား

၁၉-၇-၂၀၀၇ရက်
(ကြာသပတေးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေး မင်္ဂလာတေး
၇:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၈:၀၅ ၆။ အဆိုပြိုင်ပွဲ
၈:၁၅ ၇။ အကပဒေသာ
၈:၃၀ ၈။ International News
၈:၄၅ ၉။ Let's Go
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၁၆:၀၀ ၁။ စစ်ချီတေး စစ်သည်တေး
၁၆:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၁၆:၃၀ ၃။ တေးဂီတအစီအစဉ်
၁၆:၄၅ ၄။ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ဒုတိယနှစ်(ဓာတုဗေဒအထူးပြု) [ဓာတုဗေဒ]
၁၇:၀၀ ၅။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၁၇:၁၀ ၆။ တေးဂီတအစီအစဉ်
၁၇:၂၅ ၇။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၁၇:၄၀ ၈။ သာစုခေါ်ဆိုဖွယ်ရာ အလင်းအလှူတော်မင်္ဂလာ
၁၈:၀၀ ၉။ ညနေခင်းသတင်း
၁၈:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၁၈:၃၅ ၁၁။ သီရိဂေဟာ
၁၉:၀၀ ၁၂။ Discovery
၁၉:၁၀ ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **ဒုတိယအရွယ်၏ ချစ်မေတ္တာ** (အပိုင်း-၄)
၂၀:၀၀ ၁၄။ ပြည်တွင်းသတင်း
၁၅။ နိုင်ငံတကာသတင်းများ
၁၆။ မိုးလေဝသအခြေအနေ
၁၇။ နိုင်ငံခြားဇာတ်လမ်းတွဲ **ကံကြမ္မာနတ်သမီး** (အပိုင်း-၂၁)
၁၈။ **ကြယ်စင်ပတ်လည် ဝန်းရံလျက်တည်သော အတိုင်းမသိရွှေပြည်(အပိုင်း-၂) ညွန့်ဝင်း၊ နေအောင်၊ ဒွေး၊ လွင်မိုး၊ နန္ဒာလှိုင်၊ အိန္ဒြာကျော်ဇင်၊ မြင့်မြင့်ခိုင် (ဒါရိုက်တာ-စင်ရော်မောင်မောင်)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

တောင်ငူအသင်း ဝါဆိုသင်္ကန်းဆက်ကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၈

တောင်ငူအသင်း အုတ်တွင်း၊ ထန်းတပင် အပါအဝင် ဆဋ္ဌမအကြိမ်မြောက် ဝါဆိုသင်္ကန်းကပ်ခြင်းနှင့် ၂၀၀၆-၂၀၀၇တွင် တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဂုဏ်ထူးဖြင့် အောင်မြင်သူများအား ပညာရည်ချွန်ဆုပေးပွဲကို ဩဂုတ် ၅ ရက် နံနက် ၈ နာရီတွင် ဗဟန်း ကြားတောရလမ်း ဓမ္မသုခတိုက် ဇေယျာအောင်မြေကျောင်းတွင် ကျင်းပမည်ဖြစ်သည်။ အသင်းသားများ တက်ရောက်ကြပါရန်နှင့် ဦးထွန်းထွန်း ဖုန်း-၅၄၃၉၅၈၊ ၀၉-၅၈၈၁၉၀၃၊ ဒေါ်ခင်လှလှ ဖုန်း-၀၉-၅၁၀၅၄၁၁၊ ဦးတင်လှ ဖုန်း-၇၂၂၇၈၅၊ ဒေါ်မြင့်မြင့်စန်း ဖုန်း-၅၁၉၅၀၉၊ ၀၉-၅၁၂၅၄၄၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

သတင်းမှတ်စုနှင့်ဓာတ်ပုံ-သိန်းဝင်းလေး(မြန်မာ့အလင်း)

အကြိမ်(၂၀)မြောက် ပြည်နယ်နှင့်တိုင်း စားပွဲတင်တင်းနစ်ပြိုင်ပွဲနှင့် အမျိုးသားတံခွန်စိုက် စားပွဲတင်တင်းနစ်ပြိုင်ပွဲများကို ယနေ့နံနက် ၉ နာရီက အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံ အားကစားရုံတွင် ကျင်းပရာ ပြည်နယ်နှင့်တိုင်း ပြိုင်ပွဲ ၃၆ ပွဲနှင့် အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ ၄၀ စုစုပေါင်းပြိုင်ပွဲ ၇၆ ပွဲကျင်းပသွားသည်။

ယခုပြိုင်ပွဲသည် ယမန်နှစ်ကထက် ကစားသမားဦးရေ ပိုမို တိုးလာသောကြောင့် ပြိုင်ပွဲစည်ကား လာ ကြောင်း ဒိုင်ချုပ် ဦးဇော်ညွန့် (အဖွဲ့ချုပ်)ကမြန်မာ့အလင်းသို့ ရှင်းပြစဉ်။(မြန်မာ့အလင်း)

မြန်မာ့အလင်းသတင်းအဖွဲ့သည် ပြိုင်ပွဲမစမီ ဒိုင်ချုပ်အဖြစ် တာဝန်ထမ်းဆောင်နေသည့် ဦးဇော်ညွန့် (အဖွဲ့ချုပ်ဒိုင်) မကွေးတိုင်းအသင်း နည်းပြဆရာ ဦးသောင်းလွင်၊ ကချင်ပြည်နယ်အသင်း နည်းပြဆရာ ဦးဇော်ဝင်းနိုင်တို့နှင့် တွေ့ဆုံမေးမြန်း၍ ရေးသားဖော်ပြအပ်ပါသည်။

ရှင်းပြ

ဒိုင်ချုပ် ဦးဇော်ညွန့်က **"ယခုပြိုင်ပွဲကြီးသည် ယမန်နှစ်ကထက် ကစားသမားဦးရေ ပိုမိုတိုးတက်လာပြီး ပြိုင်ပွဲပိုစည်ကားလာကြောင်း၊ယခုပြိုင်ပွဲကြီးတွင် ပြည်နယ်နှင့် တိုင်းများမှ ရွက်ပုန်းသီးအားကစားသမားများကို အခြေခံပြီး မြန်မာ့လက်ရွေးစင်အဖြစ် အဆင့်မြင့်အားကစားသမားကောင်းဖြစ်အောင် အဖွဲ့ချုပ်မှ တာဝန်ယူ လေ့ကျင့်ပျိုးထောင်ပေးသွားမည်ဖြစ်ကြောင်း၊ ယခုပြိုင်ပွဲတွင် အသက် ၁၈ နှစ်အောက်ပြိုင်ပွဲမှ အမျိုးသားတစ်ဦးနှင့် အမျိုးသမီးတစ်ဦး ရွေးချယ်ပြီး စခန်းသွင်းလေ့ကျင့်ပေးရန် အစီအစဉ်ရှိကြောင်း"**မြန်မာ့အလင်းသတင်းသို့ ရှင်းပြသွားသည်။

မကွေးတိုင်းအသင်း နည်းပြဆရာ ဦးသောင်းလွင်က **"မိမိတို့ ယခုပြိုင်ပွဲကြီး ပါဝင်ယှဉ်ပြိုင်ရန်အတွက် ဇွန်လတွင် ကျင်းပခဲ့သည့် မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါတို့ပါဝင်သည့် ငါးခရိုင်ပြိုင်ပွဲကြီးကျင်းပပြီး လူရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်း၊ ယခုပါဝင်ယှဉ်ပြိုင်လျက်ရှိသည့် ကလေးတွေသည် ပြိုင်ပွဲအတွေ့အကြုံရှိသူများဖြစ်ကြောင်း၊ မိမိတို့ယခုပြိုင်ပွဲတွင် အမျိုးသားအသင်း အနေဖြင့် ခက်ခက်ခဲခဲ ယှဉ်ပြိုင်ရသည့်ပွဲမှာ အုပ်စုတွင် ပတ်လည်ပြိုင်ပွဲပင်ဖြစ်ကြောင်း၊ မိမိတို့(ဂ)အုပ်စုတွင် နာမည်ကြီး မန္တလေးနှင့် ပဲခူးတိုင်းအသင်းတို့ကို အကြိတ်အနယ် ယှဉ်ပြိုင်အနိုင်ယူပြီးမှ အုပ်စုဗိုလ်ဖြင့် ကွာတားဖိုင်နယ်အဆင့်ကို တက်ရောက်နိုင်ခဲ့ကြောင်း၊ ကွာတားဖိုင်နယ်တွင် ကယားကိုအနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲ တက်ရောက်ခဲ့ရာ အကြိုဗိုလ်လုပွဲတွင် လက်ရှိအဖွဲ့ချုပ်မှ မြန်မာ့လက်ရွေးစင် သုံးဦးပါဝင်သည့် မွန်ပြည်နယ်နှင့် တွေ့ဆုံပြီး ရှုံးနိမ့်သွား၍ တတိယဆုနှင့် သာကျေနပ်ခဲ့ကြောင်း၊ ယခုပြည်နယ်နှင့်တိုင်း အမျိုးသားတံခွန်စိုက်ပြိုင်ပွဲ တစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲများ ပါဝင်ယှဉ်ပြိုင်လျက်ရှိကြောင်း"** ရှင်းပြသွားသည်။

ယှဉ်ပြိုင်

ကချင်ပြည်နယ်အသင်း နည်းပြဆရာ ဦးဇော်ဝင်းနိုင်က **"မိမိတို့ လူရွေးချယ်ရာတွင် မိမိတို့ ကချင်ပြည်နယ်မှ ပြိုင်ပွဲဝင်များနှင့် ရန်ကုန်ရှိ ကချင်ပြည်နယ်မှ စားပွဲတင်တင်းနစ် အားကစားသမားများ သုဝဏ္ဏရှိ ဆရာဝန်များ ကလပ်တွင်ကြိုတင်လေ့ကျင့်ယှဉ်ပြိုင်မှုပြုလုပ်၍ လူရွေးချယ်ခြင်းဖြစ်ကြောင်း၊ ကချင်ပြည်နယ် ညွန်ကြားရေးမှူး၏ အားပေးကူညီပံ့ပိုးမှုများဖြင့် ပါဝင်ယှဉ်ပြိုင်မှုပြုခဲ့ကြောင်း၊ မိမိတို့ အမျိုးသမီးအသင်းအနေဖြင့် အမျိုးသမီးအသင်းအလိုက် အကြိုဗိုလ်လုပွဲတွင် မြန်မာနိုင်ငံ စားပွဲတင်တင်းနစ်အဖွဲ့ချုပ် လက်ရွေးစင်များပါဝင်သည့် ရန်ကုန်တိုင်း အသင်းအား ရှုံးနိမ့်ပြီး တတိယဆုဖြင့်သာ ကျေနပ်ခဲ့ရကြောင်း၊ ယခုအခါ တစ်ဦးချင်း ပြိုင်ပွဲများနှင့် နှစ်ယောက်တွဲပြိုင်ပွဲတွင် ကွာတားဖိုင်နယ်နှင့် အကြိုဗိုလ်လုပွဲများသို့ တက်ရောက်လျက်ရှိကြောင်း၊ လွတ်လပ်စွာ ကစားသမားခေါ်ယူခွင့်ပြုထား၍ မိမိတို့ ပြိုင်ပွဲဝင်ကလေးများ အဆင့်အတန်းမြင့်မားသည့်အဖွဲ့ချုပ်လက်ရွေးစင်များနှင့် ယှဉ်ပြိုင်ခွင့်ရသည့်အတွက် အတွေ့အကြုံကောင်းနှင့် နည်းစနစ်ကောင်းများ ရရှိစေခဲ့ကြောင်း"** မြန်မာ့အလင်းသတင်းအဖွဲ့သို့ ရှင်းပြသွားသည်။

ပြိုင်ပွဲကို ဇူလိုင် ၁၉ ရက် **(ယနေ့)** နံနက် ၈နာရီမှ စတင်၍ ပြည်နယ်နှင့်တိုင်း စားပွဲတင် တင်းနစ်ပြိုင်ပွဲ ၄၈ပွဲနှင့် အမျိုးသားတံခွန်စိုက်စားပွဲတင်တင်းနစ်ပြိုင်ပွဲ ၄၀ စုစုပေါင်း ၈၈ပွဲ ယှဉ်ပြိုင်ကြမည်ဖြစ်ကြောင်း စားပွဲတင်တင်းနစ်ဝါသနာရှင်များအား သတင်းစကားပါးလိုက်ရပါသည်။ ॥ **(မြန်မာ့အလင်း)**

မိမိတို့ ပြိုင်ပွဲဝင်အားကစားသမားများသည် အဖွဲ့ချုပ်လက်ရွေးစင်များနှင့် ယှဉ်ပြိုင်ခွင့်ရသည့်အတွက် အတွေ့အကြုံနှင့် နည်းစနစ်ကောင်းများ ရရှိခဲ့ကြောင်း ကချင်ပြည်နယ်အသင်း နည်းပြဆရာ ဦးဇော်ဝင်းနိုင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။ (မြန်မာ့အလင်း)

ယခုပြိုင်ပွဲကြီး ပါဝင်ယှဉ်ပြိုင်ရန်အတွက် မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူနှင့် ဂန့်ဂေါခရိုင် လူရွေးပွဲကျင်းပပြီး လူရွေးခဲ့ကြောင်း မကွေးတိုင်း နည်းပြဆရာ ဦးသောင်းလွင်က မြန်မာ့အလင်းသို့ ရှင်းပြစဉ်။ (မြန်မာ့အလင်း)

ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက် ဝါဆိုသင်္ကန်းကပ်ပွဲ

ရန်ကုန် ဇူလိုင် ၁၈

ပဲခူးမြို့ ဝင်းနိမ္မိတာရုံကျောင်းတိုက်၌ ဝါဆိုသီတင်းသုံးလျက်ရှိသည့် ပဓာနနာယကဆရာတော် ဘဒ္ဒန္တမုနိန္ဒာဘိဝံသ အမှူးရှိသော သံဃာတော် ၁၆၆ပါးတို့အား ပဉ္စမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ၂၀၀၆ခုနှစ် တစ်နှစ်တာကာလအတွင်း တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဥဘတောဝိဘင်္ဂပြန်ဆိုအောင်မြင်သည့် သာသနာ့အာဇာနည် နှစ်ပါးအပါအဝင် စာမေးပွဲအသီးသီး၌ အောင်မြင်တော်မူကြသော စာအောင်သံဃာတော် အရှင်သူမြတ်တို့အား စာအောင်ဆု ဆက်ကပ်လှူဒါန်းပွဲကို ဒုတိယဝါဆိုလဆန်း ၈ရက် (ဇူလိုင် ၂၂ရက်) တနင်္ဂနွေနေ့တွင် ကျင်းပမည်ဖြစ်ရာ ကိုယ်တိုင်ဖြစ်စေ၊ ဖုန်း-၀၅၂-၂၂၅၆၅၊ ၀၉-၅၃၀၁၅၄၄ တို့သို့ဖြစ်စေ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၉-၇-၂၀၀၇
(ကြာသပတေးနေ့)

၇:၀၀ MRTV-4 အဖွင့် Logo ယနေ့အစီအစဉ်
၇:၀၅ အစွမ်းထက်မြက်သောဂါထာတော်များ (အရှင်ကဋ္ဌနေဘာသ) (မုဒ္ဒော-ကလေးဝ)
၈:၀၅ တေးဂီတအစီအစဉ်
၈:၁၀ **ရေမြင့် .... ကြာတင့်** ခန့်စည်သူ၊ ဇရာ၊ ငှက်ပျောကြော်၊ ထင်ပေါ်၊ မိုးပြည့်ပြည့်မောင်၊ တက္ကသိုလ်ဝွမ်းပုံ၊ မျိုးမျိုးခိုင် (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
၈:၂၅ ပြည်တွင်းအနုပညာရေးရာ
၈:၅၅ တေးဂီတအစီအစဉ်
၉:၀၀ ပြည်တွင်းသတင်းအကျဉ်း
၉:၁၀ ဖြူးချောင်းတံတား
၉:၂၀ တေးဂီတအစီအစဉ်
၉:၂၅ သွားမယ်၊ စားမယ် Lion City Restaurant
၉:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၉:၅၅ တေးဂီတအစီအစဉ်
၁၀:၀၀ ဝိနည်းတော်နှင့်ညီသည့် သင်္ကန်းဟူသည်
၁၀:၂၀ တေးဂီတအစီအစဉ်
၁၀:၂၅ ကျန်းမာရေးကဏ္ဍ **"မိုးရာသီတွင်ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း"** (အစာအိမ်နှင့် အူလမ်းကြောင်းဆေးကုဌာနမှ ပါမောက္ခ ဒေါ်တင်တင်မေနှင့်တွေ့ဆုံခြင်း)
၁၀:၅၀ မိုးလေဝသခန့်မှန်းချက်
၁၀:၅၅ အမျိုးသားပြတိုက် မြန်မာအက္ခရာနှင့် လက်ရေးမူပြခန်း
၁၁:၁၀ ပြည်တွင်းသတင်းအကျဉ်း
၁၁:၂၀ လေ့လာသင်ယူချင်စရာ Aikido နည်းပညာ
၁၁:၄၅ တေးဂီတအစီအစဉ်
၁၁:၅၀ နိုင်ငံတကာသတင်းအကျဉ်း
၁၁:၅၅ သီးပွင့်ဝေဆာပဒေသာ (သရက်)
၁၂:၀၅ Yangon Panorama (၂၀၀၇ ခုနှစ် စင်ကာပူ ပညာသင်ဆု ဂုဏ်ပြုချီးမြှင့်သည့် အခမ်းအနား)
၁၂:၂၅ တေးဂီတအစီအစဉ်
၁၂:၃၀ ခေတ်မီ ပျားမွေးမြူရေးလုပ်ငန်း (ပျားရည်ထုတ်လုပ်ရေး)
၁:၀၀ MRTV-4 အပိတ် Logo

အထက်ပါ ခြောက်နာရီစာအစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိတစ်ကြိမ်၊ မွန်းလွဲ ၁နာရီမှ ည ၇နာရီအထိ တစ်ကြိမ်၊ ည ၇နာရီမှ နံနက် ၁နာရီအထိ တစ်ကြိမ်၊ နံနက် ၁နာရီမှ နံနက် ၇နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄နာရီ အချိန်ပြည့် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

မွေးနေ့ဆုတောင်း

မိခင်ကြီး ဒေါ်မြကြည် (၉၀)ပြည့်နှစ်

၁၉-၇-၂၀၀၇ရက်တွင် ကျရောက်သော အနန္တကျေးဇူးရှင် မိခင်ကြီး ဒေါ်မြကြည်၏(၉၀)ပြည့်နှစ်မွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာတိုင် သားသမီး မြေးမြစ်တို့နှင့်အတူ လောကီလောကုတ္တရာအကျိုး သယ်ပိုးဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ပါသည်။

သားသမီးများ
ပါမောက္ခဒေါက်တာဌေးလှိုင်စိုး၊
ဒေါက်တာမြင့်ကြိုင်စိုး-ဒေါ်ဝေဝေသန်း မိသားစု။

ပေး၍မကုန် လှူ၍မခန်း "ဇာတက" ဝါဆိုသင်္ကန်း

ဇာတက(၁) - အမှတ်-၃၅၊ ရေတာရှည်လမ်းဟောင်း၊ ရွှေတိဂုံဘုရားအရှေ့ဘက်မုခ်အနီး၊ ရန်ကုန်မြို့။
ဇာတက(၅) - တိုက်(၆)၊ ၁၅-လမ်း၊ ညောင်ပင်လေးဈေးအနီး၊ ရန်ကုန်မြို့။

ဇာတကဆိုင်တိုင်းတွင် ပစ္စည်း၊ ဈေးနှုန်း၊ အာမခံစနစ်အတူတူရောင်းချပေးပါသည်။

အမည်ပြောင်း

ရွှေပြည်သာမြို့နယ်၊ ပန်းခြံစုရပ်ကွက်နေ အဖ ဦးသန်းလွင်၏သား မောင်ထက်မြက်ဇော် ၁၂/ရပသ(နိုင်)၀၅၆၄၈၇ အားယနေ့မှစ၍ မောင်သက်တင်ထွန်းဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်သက်တင်ထွန်း။

KMD (မြေနီကုန်း) Computer Centre SINCE 1986

:: i-Office :: Introduction to Internet :: Email & Web Design :: Desktop Publishing
:: Graphics Design :: Practical A+ :: Practical Network :: Basic Software Engineering
:: Advanced Software Engineering :: LCCI Computerised Accounting

အခြေခံမှစ၍နိုင်ငံတကာအဆင့်ထိ ကွန်ပျူတာပညာရပ်များ သင်ကြားတတ်မြောက်လိုလျှင် KMD နှင့်ဆက်သွယ်ပါ။

အမှတ် ၃၃၁၊ ပြည်လမ်း၊ MK အနီး၊ မြေနီကုန်း၊ စမ်းချောင်းမြို့နယ်။ ဖုန်း - ၅၂၇၄၃၆/ ၅၃၄၁၇၀/ ၅၀၂၂၃၃

ယဉ်ကျေးမှုဝန်ကြီးဌာန
အနုပညာဦးစီးဌာန
ပန်းတျာနှင့်ပန်းချီပန်းပုကျောင်းများအတွက် သင်တန်းသားသစ်ခေါ်ယူခြင်း

၁။ ရန်ကုန်မြို့နှင့် မန္တလေးမြို့များရှိ ပန်းတျာနှင့်ပန်းချီပန်းပုကျောင်းများတွင် (ပထမနှစ်)သင်တန်းသို့ တက်ရောက်ရန်အတွက် လျှောက်လွှာများခေါ်ယူလျက်ရှိပါသည်။

၂။ အခြေခံပညာအလယ်တန်း(သတ္တမတန်း) အောင်မြင်ပြီးသူများလျှောက်ထားနိုင်ပြီး ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပုပညာများအပြင် အခြေခံပညာ(အဋ္ဌမတန်း၊ နဝမတန်းနှင့် တက္ကသိုလ်ဝင်တန်း)စာပေပညာများကို ပူးတွဲသင်ကြားခွင့်ရရှိမည်ဖြစ်ပါသည်။

၃။ လျှောက်ထားလိုသူများသည် အနုပညာဦးစီးဌာနနှင့်သက်ဆိုင်ရာ ပြည်နယ်၊တိုင်း၊ခရိုင်၊မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးများ၊ ယဉ်ကျေးမှုဝန်ကြီးဌာနအောက်ရှိ ဌာနခွဲများတွင် စုံစမ်းမေးမြန်း၍ (၂၇-၇-၂၀၀၇)ရက်နောက်ဆုံးထား လျှောက်ထားနိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာများ

၁။ အနုပညာဦးစီးဌာန ရုံးအမှတ်(၃၅)၊နေပြည်တော်	ဖုန်း-၀၆၇-၄၀၈၁၆၃
၂။ သုတေသနနှင့် လေ့ကျင့်ရေးဌာနခွဲ ရုံးအမှတ်(၃၅)၊နေပြည်တော်	ဖုန်း-၀၆၇-၄၀၈၁၆၅
၃။ ပန်းတျာကျောင်းနှင့် ပန်းချီပန်းပုကျောင်း(ရန်ကုန်) အမှတ်(၁၃၁)၊ ကမ္ဘာအေးစေတီလမ်း၊ရန်ကုန်မြို့	ဖုန်း-၀၁-၅၅၅၆၄၂၊ ၀၁-၅၅၄၆၉၅
၄။ ပန်းတျာကျောင်းနှင့် ပန်းချီပန်းပုကျောင်း(မန္တလေး) ၂၀-၂၁လမ်းကြား၊ (၆၆)လမ်း၊ နန်းရှေ့၊ မန္တလေးမြို့	ဖုန်း-၀၂-၆၁၁၆၉၊ ၀၂-၆၁၁၇၀။

NIBBAN® ရဲ့ မိုးရာသီ ANTENNA
အရောင်းမြှင့်တင်ရေး အစီအစဉ် စတင်လိုက်ပါပြီ . . .

ဇွန်လ(၁)ရက် မှ ဩဂုတ်လ(၃၁)ရက်အတွင်း NIBBAN® Antenna အဟောင်းတစ်ချောင်းကို မိမိကြိုက်နှစ်သက်ရာ မည်သည့် NIBBAN® Antenna အသစ်တစ်ချောင်းနှင့်မဆို NIBBAN®၏ ရန်ကုန်နှင့် မန္တလေးရှိ Showroom & Service Center များနှင့် အရောင်းကိုယ်စားလှယ်ဆိုင်များတွင် လာရောက်လဲလှယ်ပါက (၁၀)ရာခိုင်နှုန်း အထူးလျှော့ပေးပါမည်။

ဇွန်လ(၁)ရက် မှ ဩဂုတ်လ(၃၁)ထိ

SHOWROOM & SERVICE CENTERS
(YANGON)
No-111, Bo Ywe Street, Latha Township, Yangon. Tel : (01)251792, 384730
E-mail : neesr@myanmar.com.mm

(MANDALAY)
No-178, 26(B) Street, Between 83x84 Street, Aung Myay Tharzan Towhship, Mandalay.
Tel : (09)80-22078, (02)63249
E-mail : nibban-mdy@mandalay.net.mm

Quality Products of NIBBAN ELECTRIC & ELECTRONICS ISO 9001:2000 Certificate Number : 2004

ဖခင်အမည်မှန်

ပုသိမ်မြို့ အထက(၃) နဝမတန်း(C)တွင် ပညာသင်ကြားနေသော မအိသန္တာဖြိုး၏ ဖခင်အမည်မှန်မှာ ဦးညီညီ(ခ)ဦးသောင်းဝင်း ဖြစ်ပါသည်။

ဖခင်အမည်မှန်

ဦးခင်အောင်ဝင်း ၁/မကန(နိုင်)၀၁၄၆၄၈၏ ဖခင်အမည်မှန်မှာ ဦးမောင်တင်(ခ)ဦးမောင်မောင်တင် တစ်ဦးတည်းသာဖြစ်ပါသည်။

ဖခင်အမည်မှန်

အထက(၂)တောင်ဥက္ကလာပ နဝမတန်း (B)မှ မယဉ်မွန်ခိုင်၏ဖခင်အမည်မှန်မှာ ဦးချစ်ဝင်း ၁၀/မဒန(နိုင်)၀၄၃၁၂၀ ဖြစ်ပါသည်။

ဦးချစ်ဝင်း။

အဲယားကွန်း

အဟောင်းအပျက်များ ဈေးကောင်းပေးဝယ်သည်။

ဖုန်း-၀၉-၈၀-၂၂၇၈၀။

SHMYINT THU HTETYU
ရာထူးဝင်ခွင့်များ
၁၉၉၉မှစ၍ PSC, JO, LO, DSA,TA,MA အရာရှိဖြစ်ကုန်ကြပြီ။
ဥပဒေ၊မြန်မာ၊ဗဟုသုတ၊ အင်္ဂလိပ်၊သချ်ာ/ဇီဝ
စားရေး၊နေရေး၊သွားလာရေးစီစဉ်ပေးသည်။
အမှတ်(၁၄)၊ဖိလွှာ၊လှည်းတန်းဈေးအနီး၊လှည်းတန်း၊ရန်ကုန်မြို့။ ဖုန်း ၅၁၀၆၃၈

EUROPA ENGLISH FOR EVERYONE ! INTERNATIONAL EDUCATION ACADEMY
အင်္ဂလိပ်စာပေကျွမ်းကျင်မှုသင်တန်းများ
တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးသူများ၊ ဘွဲ့ကြို နှင့် ဘွဲ့ရများ၊ နိုင်ငံ့ဝန်ထမ်းများ၊ ဆရာဝန်များ၊ ကုမ္ပဏီဝန်ထမ်းများ နှင့် အင်္ဂလိပ်စာပေကို ကျွမ်းကျင်စွာတတ်မြောက်လိုသူများ တက်ရောက်နိုင်ပါသည်။
Level I : Pre-Intermediate Level
Level II : Intermediate Level
General English Course
4 Skills
ရန်ကုန်သင်တန်းများ - 23. 7. 2007 (Mon), 24. 7. 2007 (Tue) စမည်။
နေပြည်တော် - စနေ၊ တနင်္ဂနွေ သင်တန်းများ- 28. 7. 2007 (Sat) စမည်။
နေပြည်တော်- မ-၁၂မြို့မဈေးအပြင်ဘက်တန်း၊နေပြည်တော်၊Phone:067-420063
ရန်ကုန်(မှုရုံး)-အမှတ်(၆၉)၊ ကျောင်းလမ်း၊ အလုံဝန်းဈေးအနီး၊ အလုံမြို့နယ်၊ ရန်ကုန်မြို့၊
Phone : 01 - 220400
နိုင်ငံ့ဝန်ထမ်းများအတွက်အထူးအစီအစဉ်ရှိပါသည်။စာရင်းသွင်းစတင်လက်ခံနေပါပြီ။

မီးထိုးဆီသယ်ယူရန် ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း၏ သရက်ဘီလပ်မြေစက်ရုံနှင့် ပုသိမ်မှန်စက်ရုံသို့ ရေနံချက်စက်ရုံများမှ မီးထိုးဆီများကို သယ်ယူပေးနိုင်ရန် ချိပ်ပိတ်တင်ဒါခေါ်ယူပါသည်။ ဈေးနှုန်းလွှာများကို (၂၅-၇-၂၀၀၇) ရက် ညနေ (၁၆:၀၀) နာရီနောက်ဆုံးထား၍ လာရောက်ဝယ်ယူတင်သွင်းနိုင်ပါသည်။ ဆက်သွယ်ရန် ဖုန်းအမှတ် - ၀၆၇-၇၄၀၈၀၆၄(ဖက်စ်/ဖုန်း)

မြန်မာ့ကြွေထည်မြေထည်လုပ်ငန်း
အမှတ် (၁) စက်မှုဝန်ကြီးဌာန
ရုံးအမှတ် ၃၇၊ နေပြည်တော်။

စက်ပစ္စည်းများ ရောင်းရန်ရှိသည်

၁။ Plastic Pipe ထုတ်စက်၊ ၂။ Plastic အမိုးပြားထုတ်စက်၊
၃။ Plastic ပိုက်ဆက်ပစ္စည်းထုတ်စက်(Injection Machine)
၄။ Mould များ၊ ၅။ သဘော်ဆေးဖျော်စက်
၆။ သဘော်ဆေးဖျော် Steel tank
၇။ 500KVA မီးစက်
၈။ 100KVA မီးစက်
၉။ Transformer 380V-440V (500 KVA)
၁၀။ Over Head Crane (3 Tons)

အထက်ပါပစ္စည်းများကို ညှိနှိုင်းဈေးဖြင့် ရောင်းချရန်ရှိပါသည်။
ဆက်သွယ်ရန်၊ ဖုန်း-၀၉၅၀၀၃၆၇၄၊ ၂၄၄၈၇၄၊ ၆၈၅၁၃၃။

၂၀-၇-၂၀၀၇ ရက်မှ စတင်၍ အဆင့်မြင့်ရုပ်ရှင်ရုံများတွင် ရုံတင်ပြသနေသည့်ဇာတ်ကားများ

ရုံ	ဇာတ်ကား	သရုပ်ဆောင်
သမ္မတ ဖုန်း - [illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ချစ်၊ မောင်ကင်းကောင်၊ ကျော်ထူး၊ ရေ၊ အရိုင်း၊ မိုးဒီ
သွင် ဖုန်း - [illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ချစ်၊ မောင်ကင်းကောင်၊ ကျော်ထူး၊ ရေ၊ အရိုင်း၊ မိုးဒီ
မင်္ဂလာ ဖုန်း - [illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ချစ်၊ မောင်ကင်းကောင်၊ ကျော်ထူး၊ ရေ၊ အရိုင်း၊ မိုးဒီ
ရွှေဆောင် ဖုန်း - [illegible]	SPIDER MAN 3	TOBEY MAGUIRE, KIRSTEN DUNST JAMES FRANCO, TOPHER GRACE
နေပြည်တော် ဖုန်း - [illegible]	PIRATES OF THE CARIBBEAN 3 AT WORLD'S END	JOHNNY DEEP, OLANDO BLOOM KEIRA KNIGHTLEY, CHOW YUN-FAT
ဝင်းလိုက်(မန္တလေး) ဖုန်း-(၀၂)[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ချစ်၊ မောင်ကင်းကောင်၊ ကျော်ထူး၊ ရေ၊ အရိုင်း၊ မိုးဒီ
မြို့မ(မန္တလေး) ဖုန်း-(၀၂)[illegible]	ဒီကောင်ဘယ်သူတုန်း	နေတိုး၊ အိမ့်ချစ်၊ မောင်ကင်းကောင်၊ ကျော်ထူး၊ ရေ၊ အရိုင်း၊ မိုးဒီ

ပွဲချိန် သတိ (နေ့စဉ်) ၁၀:၀၀ နာရီ ၊ ၁၂:၃၀ နာရီ ၊ ၃:၃၀ နာရီ ၊ ၆:၃၀ နာရီ ၊ ၉:၃၀ နာရီ

ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲ

ရန်ကုန် ဇူလိုင် ၁၈

ကျေးဇူးတော်ရှင်သာသနာပြုကလေးဝ ဆရာတော်ကြီး တည်ထောင်တော်မူခဲ့သော ပဲခူးမြို့ ကလျာဏီရပ်ကွက် ရွှေဂူလေး မဟာပဒုမစာသင်တိုက် နယ်စပ်ဒေသနှင့်တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေး ဘုန်းတော်ကြီးသင်ပညာရေးကျောင်းရှိ စာချစာသင် သံဃာတော်အရှင်သူမြတ် အပါး ၁၇၀ကျော်နှင့် သာသနာ့နွယ်ဝင်သီလရှင် ၂၅ပါးတို့အား ဝါဆိုသင်္ကန်းကပ်လှူပွဲ၊ ကျောင်းသားကျောင်းသူ ၉၃၀ကျော်တို့အား အာဟာရဒါနလှူဒါန်းပွဲကို ဒုတိယဝါဆိုလပြည့်နေ့ (ဇူလိုင် ၂၉ရက်) ဓမ္မစကြာနေ့တွင် ကျင်းပမည်ဖြစ်ရာ ရွှေဂူလေး မဟာပဒုမစာသင်တိုက် ကလျာဏီရပ်ကွက် ပဲခူးမြို့ ဖုန်း ၀၅၂-၂၁၅၆၀သို့ လာရောက်ပူဇော်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ကြည့်ရှုစစ်ဆေး

ဇူလိုင် ၁၅ရက်က ကျောက်တံတားမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးအတွက် အခြေခံပညာ အထက်တန်းကျောင်း အမှတ်(၁)စာသင်ခန်းမအတွင်း မြို့နယ်စည်ပင်သာယာ ကျန်းမာရေးဌာနမှ ခြင်ဆေးဖျန်းနေမှုကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွေးမြင့် ကြည့်ရှုစဉ်။ (က-ပ)

Robin အင်ဂျင်၊ မီးစက်နှင့်ရေပန့် ရောင်းအားအကောင်းဆုံးဆုပေးပွဲနှင့် ကံစမ်းမဲရွေးပွဲကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

Robin အင်ဂျင်၊ မီးစက်နှင့်ရေပန့် ရောင်းအားအကောင်းဆုံးဆုပေးပွဲနှင့် ကံစမ်းမဲရွေးပွဲကို ယမန်နေ့တွင် ရန်ကုန်မြို့ ကျိုက္ကဆံလမ်းရှိ Phai Lin စားသောက်ဆိုင်၌ကျင်းပရာ**(ယာပုံ)** မြန်မာနိုင်ငံတစ်ဝန်းရှိ Robin အရောင်းကိုယ်စားလှယ်များ၊ အထူးဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် Robin အင်ဂျင်မီးစက်နှင့် ရေပန့်ပစ္စည်းများ၏ အရည်အသွေးကြံ့ခိုင်မှု၊ ရေရှည်သုံးစွဲနိုင်မှုတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး ကံစမ်းမဲနှိုက်ကြသည်။

Robin အင်ဂျင်၊ မီးစက်နှင့် ရေပန့်ပစ္စည်းများကို ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ် ဗိုလ်မြတ်ထွန်းလမ်း အမှတ် ၁၉၉ရှိ Twin Star Co.,Ltd. က ဖြန့်ဖြူးရောင်းချပေးလျက်ရှိပြီး စက်အပိုပစ္စည်းများကို ဈေးနှုန်းချိုသာစွာဖြင့် အလွယ်တကူ ဝယ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အဘိဓမ္မာအထူးသင်တန်းဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၈

သာသနာရေးဝန်ကြီးဌာန အကြံပေးပညာရှင်၊ အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ် ပါမောက္ခ၊ မဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာမင်းတင်မွန်က ဗုဒ္ဓအဘိဓမ္မာအထူးသင်တန်းကို ဇူလိုင် ၁၉ရက်မှ ၂၈ရက်အထိ ရွှေတိဂုံဘုရားလမ်း ဘုရားတောင်ဘက်မုခ်အနီးရှိ မြို့တော်စည်ပင်ဓမ္မာရုံ၌ နေ့စဉ်ညနေ ၆နာရီမှ ည ၉နာရီအထိ သင်ကြားဖွင့်လှစ်မည်ဖြစ်ရာ စိတ်ပါဝင်စားသူများ တက်ရောက်နိုင်သည်။ **(သတင်းစဉ်)**

စာကြည့်တိုက် အဆောက်အအုံသစ်များ ပုလဲကျေးရွာအုပ်စုလုံးကျွတ်ဖွင့်

သာစည် ဇူလိုင် ၅

သာစည်မြို့နယ် ရွာပုလဲကျေးရွာ အုပ်စုလုံးကျွတ် စာကြည့်တိုက်အဆောက်အအုံသစ်များဖွင့်ပွဲကို ဇွန် ၂၈ရက် နံနက် ၉ နာရီက ကျီတိုင်ကုန်းကျေးရွာ ဘုန်းတော်ကြီး ကျောင်းတိုက်၌ ကျင်းပသည်။

ရှင်းလင်း

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်(၅)ရပ်ကို ရှင်းလင်းပြောကြားသည်။

ပေးအပ်

ထို့နောက် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံ ရေး ဦးစီးဌာန ဦးစီးမှူး ဦးဝင်းတင့်က ကျေးရွာစာကြည့်တိုက် များတွင် ဖတ်ရှုနိုင်ရန် သုတ၊ ရသစာအုပ်မျိုးစုံ ၂၀၀ ကို ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ဝေသို့ ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်နှင့် ကျီတိုင် ကုန်းတောင်ကျေးရွာဥက္ကဋ္ဌ ဦးဇော်ဦးတို့က အဆိုပါကျေးရွာရှိ အလင်းတံခါး စာကြည့်တိုက်ကိုလည်းကောင်း၊ မြို့နယ် ဦးစီးမှူးဦးဝင်းတင့်နှင့် ကျေးရွာအုပ်စုဥက္ကဋ္ဌ ဦးမြင့်ဝေတို့က ကျီတိုင်ကုန်းမြောက်ရွာရှိ အလိမ္မာစာကြည့်တိုက်**(အောက်ပုံ)** ကို လည်းကောင်း၊ မြို့နယ်ဦးစီးမှူး ဦးဝင်းတင့်နှင့် လူငယ် အဖွဲ့ခေါင်းဆောင် ဦးထွန်းဝင်းတို့က ရွာပုလဲကြီးကျေးရွာရှိ သုတပုလဲစာကြည့်တိုက်ကိုလည်းကောင်း၊ မြို့နယ်ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌ ဦးမောင်ပုတို့က ရွာပုလဲလေး ကျေးရွာရှိ သုတကမ္ဘာ စာကြည့်တိုက်ကိုလည်းကောင်း ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးခဲ့သည်။ **(မြို့နယ် ပြန်/ဆက်)**

အုတ်တွင်းမြို့နယ် အထူးစံပြစိုက်ခင်းတွင် ကြက်ဆူပင်များစိုက်ပျိုး

အုတ်တွင်း ဇူလိုင် ၁၀

ပဲခူးတိုင်း အုတ်တွင်းမြို့နယ် ကြက်ဆူပင်စုပေါင်းစိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၂၂ရက် နံနက်က အုတ်တွင်းမြို့နယ် တောင်ညိုကျေးရွာအုပ်စု ကိုင်းတာရွာ ကြက်ဆူပင်အထူးစံပြစိုက်ခင်းဧက ၁၀၀တွင်ကျင်းပရာ နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးမြင့်အောင်နှင့် တောင်ငူခရိုင်ဥက္ကဋ္ဌ ဦးတင်ဝင်းတို့ တက်ရောက်၍ မျိုးစေ့ချ စိုက်ပျိုးပေးကြသည်။

အခမ်းအနားတွင် အုတ်တွင်း မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုး ရေးကောင်စီ(ယာယီ)ဥက္ကဋ္ဌ ရဲအုပ် စောဟန်က ကြက်ဆူပင်စံပြစိုက်ခင်း တွင် ကြက်ဆူပင်စိုက်ပျိုးရန်စီစဉ်ထား ရှိမှု အခြေအနေများကို ရှင်းလင်း တင်ပြပြီး နယ်မြေခံ တပ်နယ်မှ ဗိုလ်မှူးကြီးမြင့်အောင်နှင့် တောင်ငူခရိုင် ဥက္ကဋ္ဌတို့က ကြက်ဆူပင်ပျိုးထုပ်များ ကို ဌာနဆိုင်ရာများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း၊ မီးသတ် တပ်ဖွဲ့၊ အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့များသို့ ဖြန့်ဝေပေးအပ်သည်။

စိုက်ပျိုး

အဆိုပါ ကြက်ဆူပင် စုပေါင်း စိုက်ပျိုးပွဲသို့ မြို့နယ်အတွင်းရေးမှူး ဦးသိန်းအောင်နှင့် ဌာနဆိုင်ရာအဖွဲ့ အစည်းများမှ တာဝန်ရှိသူများ၊ ကျေးရွာ အုပ်စုများမှ ဒေသခံပြည်သူများ တက်ရောက်စိုက်ပျိုးကြပြီး**(အပေါ်ပုံ)** ဧက ၁၀၀စံပြစိုက်ခင်းတွင် ကြက်ဆူပင် ၁၂၀၀၀ ပြည့်မီအောင်စိုက်ပျိုးသွား မည်ဖြစ်ကြောင်း သိရသည်။ **(၁၁၆)**

မိုးညှင်း မြို့မဈေးကြီးပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး၊ လမ်းများ မပျက်စီးစေရေးအတွက် ဇွန် ၁၂ရက်က မြို့မဈေးကြီး ပတ်ဝန်းကျင်နှင့် ပြည်ထောင်စုလမ်းမကြီး ဘေးဝဲယာ ရေမြောင်း များကို ဦးစီးအရာရှိ ဒေါ်ငွန်ကီး ဦးဆောင်သောအဖွဲ့ဝန်ထမ်းများဖြင့် စုပေါင်း၍ ရေမြောင်းများ၊ ရွှံ့နွံများဆယ်ယူခြင်းတို့ကို ဆောင်ရွက်ကြစဉ်။
(မြို့နယ် စည်ပင်)

မိုင်းဖြတ်မြို့၌ ခြံစည်းရိုးကြက်ဆူပင် စုပေါင်းစိုက်ပျိုး

မိုင်းဖြတ် ဇူလိုင် ၅

တောင်ယာကြား မြေဆီထိန်း ခြံစည်းရိုးကြက်ဆူပင် စိုက်ပျိုးပွဲ အခမ်းအနားကို ဇွန် ၁၀ရက် နံနက်က မိုင်းဖြတ်မြို့နယ် တာလကျေးရွာ စိုက် ကွက်၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင် စိုက်ပျိုးရေး မန်နေဂျာဦးခင်မောင်မြင့်က စိုက်ပျိုး ခြင်းမှ ရရှိသော အကျိုးကျေးဇူးများကို လည်းကောင်း၊မြို့နယ်ဥက္ကဋ္ဌဦးနိုင်ဝင်း ဇော်က စီစဉ်ဆောင်ရွက်ထားရှိမှုများကို လည်းကောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ နယ်မြေခံ တပ် နယ်မှ ဗိုလ်မှူးကြီးကျော်စိုးဝင်းနှင့် ခရိုင် ဥက္ကဋ္ဌ ဦးသိန်းမြင့်တို့က ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ များကို မြေဆီထိန်း ကြက်ဆူပင်များ ဖြန့်ဝေပေးသည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်း များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင်များ စုစုပေါင်း၅၀၀ခန့် တို့က ခြံစည်းရိုး ကြက်ဆူပင်များကို စုပေါင်း စိုက်ပျိုးကြသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောက်ဆည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်အတွက် အနေးယာဉ် (ဆိုက်ကား)လိုင်စင်များ လဲလှယ်ရာ တွင် စနစ်တကျရှိစေရေးအတွက် ဇွန် ၂၅ရက်က ဦးစီးအရာရှိ ဦးအောင်သိန်း၊ ဒုတိယဦးစီးမှူး (အခွန်)ဒေါ်ခင်မေသိုက်နှင့်ဝန်ထမ်း များ ကြီးကြပ် ဆောင်ရွက်စဉ်။
(မြို့နယ် စည်ပင်)

ကော့သောင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့နှင့် လုပ်ငန်းရှင်များတွေ့ဆုံဆွေးနွေးပွဲကျင်းပ

ကော့သောင်း ဇူလိုင် ၈

ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်း မြန်မာနိုင်ငံရုပ်ရှင် အစည်း အရုံး ဗီဒီယိုအခြေခံအဖွဲ့၊ ကော့သောင်းမြို့နယ် ဗီဒီယိုအခြေခံအဖွဲ့ဝင်များနှင့် လုပ်ငန်းရှင်များတွေ့ဆုံပွဲကို ဇွန် ၃ရက် နံနက် ၁၀နာရီက ဟံသာဝတီခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး(စက်မှု)ဦးရဲဝင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဗီဒီယိုအခြေခံ အဖွဲ့မှ ဦးဝင်းနိုင်၊ မြို့နယ်အတွင်းရေးမှူး ဦးမြတ်ထွဋ်နောင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်အေး၊ မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့ဝင် များနှင့် လုပ်ငန်းရှင်များ တက်ရောက်ကြသည်။

ဆွေးနွေး

အခမ်းအနားတွင် မြန်မာ့ရုပ်ရှင်လုပ်ငန်းညွှန်ကြားရေးမှူး (စက်မှု) ဦးရဲဝင်းက မြို့နယ်အတွင်း လုပ်ငန်းလုပ်ကိုင်သူအားလုံး လိုင်စင်ပြုလုပ်ရေး၊ လိုင်စင်သက်တမ်း မပြတ်တောက်စေရေးနှင့် ပြဋ္ဌာန်းထားသည့် စည်းကမ်းဥပဒေနှင့်အညီ လုပ်ကိုင် ဆောင်ရွက်ရေးတို့ကို ဆွေးနွေးမှာကြားသည်။ **(အောက်ပုံ)**

အစည်းအဝေးတွင် မြို့နယ်ဗီဒီယိုအခြေခံအဖွဲ့နှင့်လုပ်ငန်းရှင်များက ဒေသ အတွင်း လုပ်ငန်းအခြေအနေများကို ဆွေးနွေးတင်ပြရာ ညွှန်ကြားရေးမှူး ဦးရဲ ဝင်းက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

ကျောင်းကုန်းမြို့နယ် ပြည်သူ့ဆေးရုံသို့ ချွဲစုပ်စက်၊ အောက်ဆီဂျင်ဘူးနှင့် ပေါင်ချိန်စက်လှူဒါန်း

ကျောင်းကုန်း ဇူလိုင် ၉

ဧရာဝတီတိုင်း ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ပြည်သူ့ ဆေးရုံဝင်း အတွင်းရှိ ဒေါ်သန်းတင်ခန်းမဆောင်၌ ချွဲစုပ်စက်၊ အောက်ဆီဂျင်ဘူးနှင့် ပေါင်ချိန်စက် လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၂၉ ရက် မွန်းလွဲ ၁နာရီကကျင်းပရာ အလှူရှင်မှ လှူဒါန်းရခြင်း အကြောင်း ပြောကြားပြီး မြို့နယ်ကျန်းမာရေးဦးစီးမှူး ဒေါက်တာတင်ဝင်းအောင်က ကျေးဇူးတင်စကားပြော ကြား ကာ အ လှူ ရှင် ကျောက် ပန်းတောင်းမြို့နေ ဦးကျော်ဝင်း-ဒေါ်မြင့်ရွှေ၊ သားသမီး၊ မြေးတစ်စုက စာရွက်စာတမ်းများ ပေး အပ် လှူဒါန်းပြီး ဒေါက်တာ တင်ဝင်းအောင်က လက်ခံယူသည်။ (ယာပုံ)

အခမ်းအနားသို့ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဒုတိယဦးစီးမှူး ဦးဇော်မင်းထွန်းနှင့် ရုံးအဖွဲ့များ၊ မြို့မိမြို့ဖများ၊ လူမှုရေးအသင်း အဖွဲ့များနှင့် ကျန်းမာရေး ဝန်ထမ်းများတက်ရောက် ခဲ့ကြသည်။

အဆိုပါ လှူဒါန်းမှုမှာ စုစုပေါင်းငွေကျပ်လေးသိန်း ကိုးသောင်း ဖြစ်ကြောင်း သိရသည်။
(မြို့နယ် ပြန်/ဆက်)

လှည်းကူးမြို့ ကျေးရွာစာကြည့်တိုက်များသို့ ရုပ်မြင်သံကြားပြစက်နှင့် ကက်ဆက်များလှူဒါန်း

လှည်းကူး ဇူလိုင် ၅

ရန်ကုန်မြောက်ပိုင်းခရိုင် လှည်းကူးမြို့နယ်အတွင်းရှိ ကျေးရွာကိုယ့်အား ကိုယ်ကိုး စာကြည့်တိုက်များသို့ စာအုပ်၊ ရုပ်မြင်သံကြားပြစက်၊ ကက်ဆက်နှင့် ရေဒီယိုများ လှူဒါန်းပွဲကို ဇွန် ၁၅ရက်က မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဒေါ်အေမီဇော်က အမှာစကားပြောကြားပြီး လှူဒါန်းပစ္စည်းများ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးမှူး ဒေါ်အုန်း မြင့်က ပေးအပ်ရာ မြို့နယ်အတွင်းရေးမှူးက လက်ခံယူပြီး ကျေးရွာစာကြည့်တိုက် ဥက္ကဋ္ဌများသို့ ပြန်လည်ပေးအပ်လှူဒါန်းခဲ့သည်။

အခမ်းအနားသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများ တက်ရောက်ကြကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

(၉၅)ကြိမ်မြောက် သွေးလှူဒါန်း

ရန်ကုန် ဇူလိုင် ၁၈

စစ်ကိုင်းတိုင်း မုံရွာခရိုင် ပုလဲမြို့နယ် ပုပ္ပားကျေးရွာ နယ်လှည့်သာသနာပြု မိုးကုတ်ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ရန်ကုန်မြို့ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ၂ ရပ်ကွက် အောင်တော်မူကျောင်း ပဓာနနာယက ဆရာတော် ချင်းတွင်း ဘဒ္ဒန္တ ကလျာဏ (လူမှုထူးချွန် ပထမဆင့်) **(အပေါ်ပုံ)** သည် ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် ပြည်သူ့ဆေးရုံကြီး သွေးလှူဘဏ်တွင် မေ ၂၃ရက်က (၉၅) ကြိမ်မြောက် သွေးလှူဒါန်းခဲ့ကြောင်းသိရသည်။ **(က–ပ)**

စီမံကိန်းရည်မှန်းချက်များ မြောင်မြို့၌ တာဝန်ပေးအပ်

မြောင် ဇူလိုင် ၂

စစ်ကိုင်းခရိုင် မြောင်မြို့နယ်၂၀၀၇–၂၀၀၈ စီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဇွန်၁၅ရက် နံနက် ၁၀ နာရီက ကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌနှင့် ဝန်ထမ်းများ၊ မြို့နယ် စိုက်ပျိုးရေး ကြီးကြပ်မှုကော်မတီဝင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်၊ ကျေးရွာ ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့နယ် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီ ဥက္ကဋ္ဌ ဦးကိုကိုဇော်က အမှာစကား ပြောကြားပြီး ဌာနဆိုင်ရာ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဖြည့်စွက် ဆွေးနွေးကြသည်။

ထို့နောက် ရပ်ကွက်၊ ကျေးရွာ အုပ်စု အလိုက် စိုက်ပျိုးရမည့် နွေစပါး၊ မိုးစပါးနှင့် အခြားသီးနှံများ၊ ခြံစည်းရိုး ကြက်ဆူပင် စိုက်ပျိုးရေး ကိစ္စများကို ဌာနအလိုက်လည်းကောင်း၊ တစ်ဦးချင်းစီ၌လည်းကောင်း တာဝန်များကို ပေးအပ်သည်။

(မြို့နယ် ပြန်/ဆက်)

မန္တလေး ဗုဒ္ဓဂယာ မြေမြတ် မဟာတွင် ဆောက်လုပ်နေဆဲဖြစ်သည့်အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင် မြန်မာရဟန်းတော်များ၏ အဖွဲ့ပိုင် သုံးထပ်ကျောင်းတော်ကြီး (ဗုဒ္ဓဘာသာပညာရေး ဗိမာန်တော်ကြီး) အတွက် ကျောင်းအလှူရှင် ဖခင် ဦးကျော်မြင့်–မိခင် ဒေါ်စမ်းစမ်းမြင့် တို့အား ရည်စူး၍ သမီး ဒေါ်ဥမ္မာကျော် (တွဲဖက်ပါမောက္ခ၊ ဓာတုဗေဒဌာန၊ တောင်ငူတက္ကသိုလ်)က ကျောင်းအလှူငွေ ကျပ်တစ်သိန်းကို ကျောင်းတော်ကြီးဖြစ်မြောက်ရေး အကျိုးတော်ဆောင်ဆရာတော် အထွေထွေ အတွင်းရေးမှူး အရှင်ဥက္ကဋ္ဌ (မြစ်ကျိုး)ရှေ့မှောက်၌ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

အခြေခံစိုက်ပျိုးရေး ဆင့်ပွားသင်တန်းဖွင့်

အင်းတော် ဇူလိုင် ၁

အင်းတော်မြို့နယ် သမဝါယမဦးစီးဌာနနှင့် မေတ္တာဖွံ့ဖြိုးရေးဖောင်ဒေးရှင်းတို့ပူးပေါင်းကျင်းပသော အခြေခံစိုက်ပျိုးရေး တောင်သူဆင့်ပွားသင်တန်းဖွင့်ပွဲအခမ်းအနားကို ဇွန်၁၇ရက်နံနက် ၁၀နာရီက အင်းတော်မြို့နယ် ကျွန်းတောကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သမဝါယမ ဦးစီးဌာန ဦးစီးမှူး ဦးစန်ညွန့်က အမှာစကားပြောကြားကြပြီး သင်တန်းဆရာ ဦးတူးချာနှင့် ဦးဘရမ်တို့က သင်တန်း၏ရည်ရွယ်ချက်နှင့် လုပ်ဆောင်ချက်များ၊ အခြေခံစိုက်ပျိုးရေး အကြောင်းအရာများကို ရှင်းလင်းတင်ပြကြသည်။ **(၁၃၃)**

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ လုပ်ငန်းညှိနှိုင်း၊ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဟောပြော

စစ်တွေ ဇူလိုင် ၁

ရခိုင်ပြည်နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၊ ခရိုင်နှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်းတို့၏ ဒုတိယအကြိမ် လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲနှင့် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း၊ ဆရာဖြစ်သင်တန်းပေးခြင်းအခမ်းအနားကို ဇွန် ၁၀ရက် နံနက် ၉နာရီက ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ရုံးတွင်ကျင်းပရာ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ကျော့ကျော့စံ တက်ရောက်ပြီး အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

ဆက်လက်၍ ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ အတွင်းရေးမှူး ကိုယ်စား ဒုတိယ ပြည်နယ် ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအေးငြိမ်းက ရှေ့လုပ်ငန်းစဉ်များကို လည်းကောင်း၊ ပြည်နယ်ပညာရေးမှူး (စစ်ဆေးရေး) ဒေါ်ခင်ရီက အသင်းဝင်များ ဆောင်ရွက်ရမည့် ပညာရေးလုပ်ငန်းများကို လည်းကောင်း၊ ပြည်နယ် လူမှုဝန်ထမ်း ဦးစီးဌာနမှူး ဦးစိုးမင်းက လူမှုဝန်ထမ်းလုပ်ငန်းများတွင် အသင်းဝင်များနှင့် ပူးပေါင်းဆောင်ရွက်ရမည့်လုပ်ငန်းများကိုလည်းကောင်း ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် ခရိုင်ကြီးကြပ်ရေးအဖွဲ့များက ခရိုင်အလိုက် တင်ပြဆွေးနွေးကြပြီး တွဲဖက်အတွင်းရေးမှူး ဒေါက်တာစမ်းစမ်းကြည်က ခရိုင်ကြီးကြပ်ရေးအဖွဲ့များ၏ တင်ပြဆွေးနွေးခြင်းအပေါ် ဖြည့်စွက်ဆွေးနွေးပြီး ပြည်နယ်ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက ခရိုင်ကြီးကြပ်ရေးအဖွဲ့များနှင့် ဝေးလံသည့် မြို့နယ်များဖြစ်သော မာန်အောင်၊ တောင်ပြိုလက်ဝဲနှင့် မြေပုံမြို့နယ်များသို့ စက်ဘီးများ လှူဒါန်းသည်။

ဇွန် ၁၁ ရက်တွင် မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာ ပြည်သူလူထုအတွင်း ပညာပေးခြင်းနှင့် အမူအကျင့်ပြောင်းလဲစေရန် ဆက်သွယ်ဆောင်ရွက်ခြင်း နည်းပြသင်တန်း ဖွင့်လှစ်ခဲ့ရာ မြို့နယ် ၁၇ မြို့နယ်မှ ဥက္ကဋ္ဌများနှင့် တွဲဖက်အတွင်းရေးမှူးများတက်ရောက်ခဲ့ကြောင်းသိရသည်။**(ခရိုင် ပြန်/ဆက်)**

မန္တလေး ပွဲစားကုန်သည် စက်ပိုင်များအသင်းသို့ ဒီဂျစ်တယ် ကတ္တားတစ်လုံးပေးအပ်လှူဒါန်း

မန္တလေး ဇူလိုင် ၈

မန္တလေးမြို့ ပွဲစားကုန်သည် စက်ပိုင်များ ကထိန်တော် အသင်းတွင် တိကျမှန်ကန်သော ကုန်ချိန်အတိုင်းအတာ ပြည့်ဝစွာ ရရှိစေရန် ခေတ်မီ ဒီဂျစ်တယ် ကတ္တားတစ်လုံး ပေးအပ် လှူဒါန်းပွဲအခမ်းအနားကို ဇူလိုင် ၃ရက် နံနက် ၉နာရီက အဆိုပါအသင်းတိုက်တွင်ကျင်းပရာ ကထိန်တော် အသင်းဥက္ကဋ္ဌ အရီးတောင်း ဦးကျော်သိန်း၊ အတွင်းရေးမှူး ဦးမြမောင်နှင့် ကော်မတီဝင်များ၊ အလှူရှင် ဇင်နိုင်းရောင်းဝယ်ရေးမှ တာဝန်ရှိသူများတက်ရောက်ကြသည်။

ပေးအပ်

ရှေးဦးစွာ အလှူရှင်ဇင်နိုင်းရောင်းဝယ်ရေး လုပ်ငန်းမှ ကိုယ်စားလှယ်က လှူဒါန်းရခြင်းကို ရှင်းလင်းပြောကြားပြီး ငွေကျပ် ၂၉၅၀၀၀ တန်ဖိုးရှိဒီဂျစ်တယ်ကတ္တားတစ်လုံး ပေးအပ်လှူဒါန်းရာ ကထိန်တော် အသင်းဥက္ကဋ္ဌ အရီးတောင်း ဦးကျော်သိန်းနှင့် အတွင်းရေးမှူး ဦးမြမောင်တို့က လက်ခံယူ၍ ဂုဏ်ပြု မှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။ (၁၁၃)

စာဖတ်ဆွေးနွေးဝိုင်းနှင့် စာအုပ်လှူဒါန်းပွဲကျင်းပ

ဆင်ဖြူကျွန်း ဇူလိုင် ၅

မကွေးတိုင်း ဆင်ဖြူကျွန်းမြို့ မြောင်းဘောင်ရွာ တက်သီဟစာကြည့်တိုက် ကော်မတီကကြီးမှူး၍ စာဖတ်ပွဲ၊ ဆွေးနွေးဝိုင်းနှင့် စာအုပ်စာစောင် လှူဒါန်းပွဲကို ဇွန် ၂၉ရက် မွန်းလွဲ ၂ နာရီက ကျေးရွာအမကတွင်ကျင်းပရာ စာကြည့်တိုက် နာယက ဦးမောင်မောင်အေးက အမှာစကားပြောကြား၍ အတွင်းရေးမှူး ဦးထွန်းရီက စာကြည့်တိုက်၏ ဆောင်ရွက်မှုအစီရင်ခံစာကို ဖတ်ကြားသည်။

ဆက်လက်၍ ကိုမောင်မောင်အေး (မဟာသိပ္ပံ)က ရက္ခဇေဒစာတမ်း မှတ်စုကိုလည်းကောင်း၊ မကြူကြူမာ(ဝိဇ္ဇာ)က ၂၀၀၇ခုနှစ် ဧပြီလ ပထမပတ်ထုတ် ဒို့ကျေးရွာဂျာနယ်မှ ဦးငယ်၏ အကျိုးရှိစွာသုံးပါ ပုလဲမြေဩဇာ ဆောင်းပါးကိုလည်းကောင်း၊ မအေးအေးသင်း(ဝိဇ္ဇာ)က ဧပြီ ၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေး ခေါင်းကြီးကိုလည်းကောင်း ဖတ်ကြားကြပြီး တက်ရောက်သူများက ဆွေးနွေးကြသည်။

ဆက်လက်၍ စာဖတ်သူအသီးသီးအား စာကြည့်တိုက်ကော်မတီက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် လက်ဆောင်စာအုပ်များ ပေးအပ်သည်။**(အပေါ်ပုံ)** **(က–ပ)**

သီပေါမြို့ ဈေးချိုတော်ဈေး သမဝါယမအသင်း အရပ်ရပ်ဆိုင်ရာ နှစ်ပတ်လည်စည်းဝေး

သီပေါ ဇူလိုင် ၆

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့ ဈေးချိုတော်ဈေး သမဝါယမအသင်း လီမိတက်၏(၁၅)ကြိမ်မြောက်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇွန် ၂၉ရက် မွန်းလွဲ ၁နာရီက မြို့လယ်ဓမ္မာရုံ၌ ကျင်းပသည်။

ပြောကြား

အစည်းအဝေးတွင် အခမ်းအနားမှူးအဖြစ် ဒါရိုက်တာအဖွဲ့ အတွင်းရေးမှူး ဒေါ်ခင်မြိုင်ကဆောင်ရွက်ပြီး သဘာပတိ ဈေးချိုတော်ဈေး သမဝါယမအသင်းလီမိတက်ဥက္ကဋ္ဌ ဦးအေးကျော် **(အောက်ပုံ)** နှင့် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးစောဖုန်းမြင့်တို့က အမှာစကား ပြောကြားကြသည်။

ဖတ်ကြားတင်သွင်း

ဆက်လက်၍ ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာကို အုပ်ချုပ်မှုဒါရိုက်တာ ဦးစိုင်းစိန်မောင်က ဖတ်ကြားတင်သွင်း၍ အသင်းသား ဒေါ်နန်းသိန်းသိန်းဦးက အကြံပြုဆွေးနွေးပြီး ဒါရိုက်တာအဖွဲ့၏ အစီရင်ခံစာနှင့် ၂၀၀၆–၂၀၀၇ ဘဏ္ဍာရေးနှစ် ရှင်းတမ်းများကို အတည်ပြုချက်ရယူရန် ဒါရိုက်တာအဖွဲ့ဝင်ဒေါ်မူမူက အဆိုတင်သွင်း၍ အသင်းသား ဦးကျော်ဇေယျက ထောက်ခံဆွေးနွေးကာ သဘာပတိ အသင်းဥက္ကဋ္ဌ ဦးအေးကျော်က အကြံပြုချက်များကို ရှင်းလင်းပြောကြားသည်။

ဆုချီးမြှင့်

ထို့နောက် တက္ကသိုလ်ဝင်တန်းစာမေးပွဲကို ထူးချွန်စွာ အောင်မြင်ခဲ့သည့် အသင်းသားများ၏ သားသမီးများ၊ ဝန်ထမ်းများအား အင်္ဂလိပ်စာဘာသာရပ်ကို အခမဲ့သင်ကြားပေးသည့် ဆရာ ဦးဇော်ထွန်း(ခရေရိပ်)နှင့် အသင်းရုံးကို အားကြိုးမာန်တက် ကူညီခဲ့သူ အသင်းသားငါးဦးတို့အား အသင်းဥက္ကဋ္ဌ ဦးအေးကျော်၊ မြို့နယ်သမဝါယမ ဦးစီးဌာနမှူး ဦးစောဖုန်းမြင့်၊ ဒါရိုက်တာအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက တစ်ဦးချင်း ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြသည်။ **(၁၀၆)**

ယာဉ်ကြံ့ခိုင်မှုစစ်ဆေး

မြောင်းမြမြို့နယ်တွင် ၂၀၀၇–၂၀၀၈ ဘဏ္ဍာရေးနှစ် အနေးယာဉ် (ဆိုက်ကား) လိုင်စင်များလဲလှယ်ခြင်းနှင့် ယာဉ်ကြံ့ခိုင်မှုစစ်ဆေးခြင်း လုပ်ငန်းများကို ဇွန်၂၆ရက်က မြို့နယ် စည်ပင်သာယာရေးအဖွဲ့က ဦးစီးအရာရှိ ဦးမျိုးဝင်းနှင့် ဒုတိယ ဦးစီးမှူး (အခွန်) ဒေါ်လှလှမြင့်တို့ ကြီးကြပ် ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

တင်ဒါသွင်းရန် ကုမ္ပဏီများ၊ အရောင်းဆိုင်များမှ မှတ်ပုံတင်ရန် အမည်စာရင်း ဖိတ်ခေါ်ခြင်း

၁။ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေး စက်မှုလုပ်ငန်းရှိ စက်ရုံများအတွက် အောက်ဖော်ပြပါ ပစ္စည်းအမည်များအား ပြည်တွင်း၊ ပြည်ပတင်ဒါများ ဖိတ်ခေါ်ဝယ်ယူရေး ဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ ပစ္စည်းအမယ်များ တင်သွင်းရောင်းချနိုင်သော ကုမ္ပဏီများ၊ အရောင်းဆိုင်များအနေဖြင့် ဤစက်မှုလုပ်ငန်းသို့ ဆက်သွယ်၍ မှတ်ပုံတင်နိုင်ရန် ဖိတ်ခေါ်အပ်ပါသည်–

(က) စတီးလ်ကွိုင်၊ သံပြား၊ သံလုံး၊ သံချောင်းကုန်ကြမ်းအုပ်စု
(ခ) ကြွေဆေး၊ ဓာတ်ဆေးနှင့် ဆက်စပ်ဓာတုဗေဒဆေးများ
(ဂ) လျှပ်စစ်ပစ္စည်းများ
(ဃ) ရေသန့်ပစ္စည်းများ
(င) အဆောက်အအုံနှင့် ပရိဘောဂသုံး သုတ်ဆေးများ
(စ) စက်ဘီးထုတ်လုပ်မှုနှင့်ဆိုင်သော ကုန်ကြမ်းများ၊ ပေါင်းဆေးများ၊ အစိတ်အပိုင်းများ
(ဆ) သဲ၊ ကျောက်စသည့် ဆောက်လုပ်ရေးသုံး ကုန်ကြမ်းများ
(ဇ) ရော်ဘာခြံသုံး ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် ဓာတုဗေဒဆေးများ
(ဈ) ပလတ်စတစ်ကော်စေ့ ကုန်ကြမ်းများ
(ည) မော်တော်ယာဉ်တာယာနှင့် ဘက်ထရီ
(ဋ) သားရေဓာတ်ဆေးများ
(ဌ) စက္ကူပုံး(Cartoon Box)ထုတ်လုပ်ရာတွင် အသုံးပြုသော စက္ကူများ(Liner Paper Fluting Paper)မင်များ(Flexo Ink)၊ချုပ်စက်ပင်များ(Stitching Wire)များ
(ဍ) ရော်ဘာဓာတ်ဆေးများ
(ဎ) ထီးကုန်ကြမ်းပစ္စည်းများ
(ဏ) အပ်ချုပ်စက်အပိုပစ္စည်းများ၊ ပေါင်းဆေးများ၊ ထုတ်လုပ်မှုဆိုင်ရာ ဆက်စပ်ပစ္စည်းများ

၂။ အဆိုပါမှတ်ပုံတင်ထားသော ကုမ္ပဏီနှင့် အရောင်းဆိုင်များကို တင်ဒါများခေါ်ယူသည့်အခါ ဆက်သွယ်အကြောင်းကြားမည် ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို စကားပြောကြေးနန်းအမှတ် ၀၆၇–၄၀၈၃၄၀နှင့် ၀၁–၅၆၀၆၈၇ မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်းသို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

မြန်မာ့အထွေထွေနှင့် ပြုပြင်ထိန်းသိမ်းရေးစက်မှုလုပ်ငန်း။

အများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်း တာမွေမြို့နယ် မေတ္တာညွှန့်ရပ်ကွက် သုဓမ္မစာရီလမ်း အမှတ်–၂၀၃နေ ဒေါ်ယုယုမော် ၁၂/သဃက(နိုင်)၀၆၂၆၁၄နှင့် ဦးဝဏ္ဏ ၁၂/လမန(နိုင်)၁၀၄၆၆၇တို့သည် ၂၄–၁၂–၁၉၉၈ရက်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့ပြီး သားတစ်ယောက် ထွန်းကားခဲ့ပါသည်။ ၁၃–၇–၂၀၀၃ရက်တွင် ဦးဝဏ္ဏမှာ အဝတ်တစ်ထည်ကိုယ်တစ်ခုဖြင့် အိမ်မှဆင်းလာခဲ့ပါသည်။ ဒေါ်ယုယုမော်မှ လုံးဝအဆက်အသွယ်မလုပ်တော့သဖြင့် ဤနေ့မှစ၍ တစ်ဦးနှင့်တစ်ဦး လုံးဝ ပတ်သက်ဆက်နွယ်မှုမရှိတော့ဘဲ လင်ခန်း၊ မယားခန်း ပြတ်စဲကြောင်း ကြေညာအပ်ပါသည်။

ဦးဝဏ္ဏ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သန်းသန်း
B.A(Law).,LL.B
တရားရုံးချုပ်ရှေ့နေ၊ စဉ်–၁၃၄၂
၂၁/၅၅၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ရန်ကုန်မြို့။

ကျေးဇူးဆပ်ပါမည်

ရန်ကုန်တိုင်း ကျောက်တံတားမြို့နယ်မှ တိုးတက်အောင်သမဝါယမအသင်း လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးရဲအောင်၊ S/OKA–၀၉၆၆၅၇၊ ယခင်နေရပ် လိပ်စာများ အမှတ်–၂၆၄ ပထမထပ်၊ ၃၉ လမ်း၊ ရန်ကုန်မြို့နှင့် အမှတ်(၁၅) မြေညီထပ် နှင်းပန်းလမ်း ပုဇွန်တောင်မြို့နယ် ရန်ကုန်မြို့ (ယခုနေရပ်လိပ်စာမသိ)သည် ရေငန်ပုစွန် ၁၀ တန်အတွက် ဇဟိုသမဝါယမအသင်းမှ ကြိုတင်ငွေကျပ် ၂၅သိန်းကို ၆–၉–၁၉၉၄ ရက်တွင် ကတိစာချုပ်ချုပ်ဆို၍ ထုတ်ယူသွားပြီး ရေငန်ပုစွန်များ ပေးသွင်းခြင်းမပြုသဖြင့် ကြိုတင်ငွေနှင့် ဘဏ်တိုး၊ ဒဏ်ကြေးများ ပေးသွင်းရန် တောင်းခံခဲ့ရာ ငွေကျပ်ကိုးသိန်းသာ ပေးသွင်းခဲ့ပါသည်။ ကျန်ငွေကျပ် ၁၆ သိန်းနှင့် ဘဏ်တိုး ၅၅၉၇၈၉ကျပ်၊ ဒဏ်ကြေး ၅၅၉၇၈၉ကျပ် စုစုပေါင်း ၂၇၁၉၅၇၈ကျပ်ကိုပေးသွင်းခြင်းမပြုသဖြင့် ရန်ကုန်တိုင်းတရားရုံးတွင် တရားမကြီးမှု အမှတ်(၂၆၄/၉၆)ဖြင့် တရားစွဲဆိုခဲ့ရာ ၁၇–၇–၁၉၉၇ရက်တွင် တရားလို ဇဟိုသမဝါယမအသင်းက အနိုင်ဒီကရီရရှိခဲ့ပါသည်။ ဒီကရီကျငွေနှင့် အတိုးငွေများ ရရှိရန် တရားမဇာရီမှုဖွင့်လှစ်ခဲ့ရာ တရားရှုံး ဦးရဲအောင်မှ အထက်ဖော်ပြပါ နေရပ်လိပ်စာများတွင် မနေတော့ဘဲ တိမ်းရှောင်နေသဖြင့် ဇာရီမှုနစ်ကြိမ်ဖွင့်လှစ်ပြီး ယာယီပိတ်သိမ်းခဲ့ပါသည်။ ၎င်းဦးရဲအောင်၏ နေရပ်လိပ်စာကို သတင်းပေးပို့သူအား ထိုက်သင့်သော ကျေးဇူးတုံ့ပြန်မှုပြုမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

ဇဟိုသမဝါယမအသင်းလီမိတက်
ဆရာစံပလာဇာ၊ (ဘီ)ဆောင်
တက္ကသိုလ်ရိပ်သာလမ်းသစ်နှင့် ဆရာစံလမ်းထောင့်
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့. ဖုန်း–၅၅၄၆၈၇၊ ၅၅၇၆၄၀။

ဒေါ်ကျော့ရီ
အထူးဆံပင်ဖြောင့်ဆိုင်
(၂ နှစ်အာမခံပါသည်။)
▲ ဆံပင်ဖြောင့်(30000/-Ks)တန် Discount(15000/- Ks)
▲ စက်ပြန်ဆွဲရန်မလိုပါ။
▲ ဗယောင်းတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေပါသည်။
▪ အမှတ်(၁၁၄၊ ၁၁၆)မြေညီ၊ ၄၆ လမ်းအထက်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
▪ ရွှေတိဂုံဘုရားလမ်းနှင့် ဦးဝိစာရလမ်းထောင့် အုံယန်းခြံအတွင်း အုံမြို့နယ်၊ ရန်ကုန်မြို့။

အိမ်ရောင်းရန်
မြောက်ဒဂုံ (၄၆)ရပ်ကွက်၊ ရုံးရှေ့မှတ်တိုင်အနီး။
၄၇ × ၆၀ ပေ၊ ဂရန်မြေ၊
၂၇ × ၄၃ ပေ၊
တစ်ထပ်တိုက် ရေမီးစုံ
ဖုန်း - ၆၆၃၀၅၈၊
၀၉ ၅၁၃၇၅၂၆။

ရောင်းရန်ကြော်ငြာစာ
(တရားမကျင့်ထုံး ဥပဒေအမိန့်–၂၁၊ နည်းဥပဒေ–၆၆)
ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့
၂၀၀၇ ခုနှစ် တရားမဇာရီမှုအမှတ်–၉ (အမ်)

မန်နေဂျာ မြန်မာ့စီးပွားရေးဘဏ်၊ တောင်ကြီးမြို့။ **တရားနိုင်** **နှင့်** ၁။ ဦးစိုးသိန်း ၂။ ဒေါ်အမာ **တရားရှုံး**

၂၀၀၆ ခုနှစ် တရားမကြီးမှုအမှတ် ၃၉ တွင် ရရှိခဲ့သော ဒီကရီအရ အောက်ပါပစ္စည်းများကို ၂၀၀၇ ခုနှစ် ဩဂုတ် ၂၀ ရက်၊ (၁၃၆၉ ခုနှစ် ဝါခေါင်လဆန်း ၇ ရက်) မွန်းမတည့်မီ နံနက် ၁၀ နာရီအချိန်တွင် ပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။

လေလံတင်ရောင်းချမည့် ပစ္စည်းစာရင်း

၁။ ကလောမြို့နယ်၊ အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ်ရှိ အကွက်အမှတ်(၂၀)၊ ဦးပိုင်အမှတ်(၁၇၀)၊ ဧရိယာ ၀ ဒသမ ၁၃၅ဧကရှိ မြေကွက်။
၂။ ကလောမြို့နယ်၊ အောင်ပန်းမြို့ ညောင်ပင်ထောင်ရပ် ဦးပိုင်အမှတ်(၁၇၁)၊ ဧရိယာ ၀ ဒသမ ၁၃၅ဧကရှိ မြေကွက်။
၃။ ယင်းမြေကွက်များပေါ်ရှိ နှစ်ထပ်တိုက်တစ်လုံး၊ တစ်ထပ်ဂိုဒေါင်တစ်လုံးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး ငွေကျပ်သိန်းသုံးရာတိတိ။

ရောင်းချရန် စည်းကမ်းချက်များ

၁။ စာရင်းတွင်ဖော်ပြပါအချက်များသည် တရားနိုင်က တရားရုံးသို့ တင်ပြချက်များအရ သိရှိသမျှဖြစ်သည်။ ကြော်ငြာစာတွင် မှားယွင်းခြင်း၊ မမှန်စကားပါခြင်း၊ သို့တည်းမဟုတ် ကြွင်းကျန်ခြင်းတစ်ခုခုအတွက် တရားရုံးက တာဝန်ခံလိမ့်မည်မဟုတ်ပါ။
၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။
၃။ လေလံစည်းကမ်းအချက်အလက်များကို ရောင်းချသူအရာရှိထံ လေလံတင်ရောင်းချမည့်ရက် မတိုင်မီ ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်သည်။

၂၀၀၇ ခုနှစ် ဇူလိုင် ၁၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်ကိုယ်တိုင် လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ဝင်းမြင့်ဦး
ပြည်နယ်တရားသူကြီး၊ ရှမ်းပြည်နယ်တရားရုံး၊ တောင်ကြီးမြို့။

သင့်သွေးဖြင့် အသက်ကယ်ပါ။

မော်လမြိုင်မြို့ ကျိုက်သလွံစေတီတော် ဘက်စုံပြုပြင်တည်ဆောက်ရေး လှူဒါန်းနိုင်

မော်လမြိုင် ဇူလိုင် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ သမိုင်းဝင်ဆံတော်ရှင် ကျိုက်သလွံစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်း ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိသည်။ ပြုပြင်တည်ဆောက်မှုလုပ်ငန်းများ အမြန်ဆုံးဆောင်ရွက်ပြီးစီးနိုင်ရေးအတွက် လှူဒါန်းလိုသူများသည် မော်လမြိုင်မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ဘက်စုံပြုပြင်တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးမောင်မောင် ဖုန်း–၀၅၇–၂၄၈၇၈၊ စေတီတော် ဖုန်း ၀၅၇–၂၁၃၃၄၊ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း ဖုန်း ၀၅၇–၂၃၀၀၄ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ကြောင်း သိရသည်။ **(၁၆၈)**

မန္တလေး ၃၇လမ်းနှင့် ၃၉လမ်းကြား ရေစီးရေလာကောင်းမွန်ရေး ရေဆိုးထုတ်မြောင်းဆယ်ယူ၊ လမ်းများပြုပြင်ဆောင်ရွက်

မန္တလေး ဇူလိုင် ၁၆

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်သည် အတွင်းရေးမှူးဦးမောင်ပု၊ ကော်မတီဝင် ဦးမြင့်သိန်းနှင့် ဌာနမှူးများလိုက်ပါလျက် ဇူလိုင် ၁၄ရက် နံနက် ၁၀နာရီက သန့်ရှင်းရေးဌာနမှ ၇၈လမ်း၊ ၃၇လမ်းနှင့် ၃၉လမ်းကြား ရေစီးရေလာကောင်းမွန်ရေးအတွက် ရေဆိုးထုတ်မြောင်းဆယ်ယူမှုလုပ်ငန်း၊ လမ်းတံတားဌာန၏ မန္တလေး–ပြင်ဦးလွင် ကားလမ်း ၂၆လမ်းဆုံမှ အလိုတော်ပြည့်ကျောင်းတိုက်အကြား လမ်းပြုပြင် ဆောင်ရွက်နေမှုလုပ်ငန်းများကို သွားရောက်ကြည့်ရှု စစ်ဆေးသည်။ (အပေါ်ပုံ)

ရှေးဦးစွာ မြို့တော်ဝန်နှင့်အဖွဲ့သည် ၇၈လမ်း၊ ၃၇လမ်းနှင့် ၃၉လမ်းကြား ရေစီးရေလာကောင်းမွန်ရေးအတွက် ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှု စစ်ဆေးရာ သန့်ရှင်းရေးဌာန ဌာနမှူးက လုပ်ငန်းဆောင်ရွက်ပြီးစီးမှုများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်အဖွဲ့သည် လမ်းတံတားဌာန၏ မန္တလေး–ပြင်ဦးလွင်ကားလမ်း ၂၆လမ်းဆုံမှ အလိုတော်ပြည့်ကျောင်းတိုက်အကြား လမ်းပြုပြင် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးပြီး လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာများအား လမ်းသားခိုင်မာကောင်းမွန်ရေး၊ သတ်မှတ်ချိန်အတွင်းပြီးစီးရေး၊ လုပ်ငန်းခွင်အန္တရာယ် ကင်းရှင်းရေးတို့အတွက် လုပ်ငန်းများကို စနစ်တကျကြီးကြပ်ဆောင်ရွက်သွားကြရန် မှာကြားပြီး လုပ်ငန်းလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

ဇူလိုင် ၆ ရက်က ထားဝယ်မြို့ ပကာရီကျေးရွာ ချောင်းကူးတံတား ပြန်လည်တည်ဆောက်ရန်အတွက် အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးကြည်သန်းနှင့် လက်ထောက်အင်ဂျင်နီယာ ဦးညွန့်လှိုင်တို့ ဦးဆောင်သော အင်ဂျင်နီယာများက တိုင်းတာဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

အလေးချိန်တိုင်းကိရိယာ

ဇန်းမော်မြို့နယ် စည်ပင်သာယာရေးအဖွဲ့ပိုင် သီရိရတနာဈေးတွင် Digital Electronicအလေးချိန်တိုင်းကိရိယာဖြင့် အသား၊ ငါးရောင်းချမှုကို ဇွန် ၁၃ရက်က ဈေးနှင့်သားသတ်ဌာနစိတ်မှ ဝန်ထမ်းများစစ်ဆေးရာ အမှုဆောင်အရာရှိဦးကျော်ဇေယျ ကြပ်မတ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

မြိုင်ဆရာတော် တရားပွဲကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၈

ဖြူးဆရာတော် ဘဒ္ဒန္တနရပတိ (ဓမ္မကထိက၊ ဗဟုဇနဟိတရေ)၏ တပည့် မြိုင်ဆရာတော် အရှင်ပညာဇောတ(ဓမ္မာစရိယ နည်းလှည့် ဓမ္မကထိက)အရှင်သူမြတ်သည် ဇူလိုင် ၂၉ရက်မှ အောက်တိုဘာ ၂၆ရက် (၁၃၆၉ခုနှစ် ဒုတိယဝါဆိုလပြည့်နေ့မှ သီတင်းကျွတ်လပြည့်နေ့)အထိ စစ်ကိုင်းတိုင်း ဖောင်းပြင်မြို့ သရောင်းစံပြကျေးရွာ မဟာစည်သာသနာ့ရိပ်သာ ဗိမာန်တော်ကြီး ဓမ္မသဘင်၌ နေ့စဉ်နိဗ္ဗာန်ရောက်ကြောင်း တရားတော်များ ဟောကြားမည်ဖြစ်သည်။ တရားပွဲပင့်လျှောက်လိုသူများသည် ရန်ကုန်တိုင်း လှိုင်မြို့နယ် အမှတ်(၅)ရပ်ကွက် ကမာရွတ်ဘူတာနောက်ကျော ဓမ္မရက္ခိတ ဖြူးမဟာစည် သာသနာ့ရိပ်သာ ဖုန်း–၀၁–၅၃၀၀၆၈ နှင့် ၀၁–၅၀၁၈၄၆၊ လိုင်းခွဲ ၁၈၁တို့သို့ ဆက်သွယ်ပင့်လျှောက်နိုင်ကြောင်း သိရသည်။ **(က–ပ)**

မြန်မာ့အသံ နားဆင်စရာ

၁၃၆၉ ခုနှစ်
ဒုတိယဝါဆိုလဆန်း ၆ ရက်
၂၀–၇–၂၀၀၇
(သောကြာနေ့)

နံနက်ပိုင်း

၀၇:၀၀ တရားတော် (မင်းကွန်းဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဗောဇ္ဈင်္ဂသုတ်)

နေ့လယ်ပိုင်း

၁၁:၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (ညောင်လေးပင်မြို့နယ် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းအောင်မြင်မှုများ)
၁၁:၃၅ ထူးဆန်းထွေလာသတင်းပဒေသာ
၁၂:၀၀ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (မရှိမဖြစ်နေရောင်ခြည်)
၁၂:၃၀ ဓာတ်လမ်းပမာနားဆင်စရာ (အချစ်ပဲလိုတယ်)

ညနေပိုင်း

၁၆:၁၀ ရာသီခါမီတေးပန်းချီ
(၁) မိုးတွေရွာတိုင်း မျက်ရည်ဝိုင်း (ပိုးအိစံ)
(၂) အလွမ်းမိုးစက်များ (အဲလက်စ်)
(၃) လွဲမှားမိုး (မီမီဝင်းဖေ)
၁၆:၃၀ နိုင်ငံ့စီးပွားကျေးလက်ထုတ်ကုန်များ (ကျောက်ဆည်ဒေသထွက်ကုန် သတ္တုလုပ်ငန်းစုံ)
၁၇:၃၀ ရေဒီယိုမဂ္ဂဇင်း
(၁) လင်နဲ့မယား (ခေါင်းကြီး)
(၂) အုန်းလက်နွားလေးထားခဲ့ကွယ် (ဆောင်းပါးသရုပ်ဖော်)
၁၇:၅၀ နိုင်ငံတကာစီးပွားရေးသတင်းပဒေသာ
၁၈:၂၅ ကျေးလက်ဇာတ်လမ်း (အတူတူပွားလို့ စားကြမှာ)
၁၈:၄၀ သိပ္ပံပညာသိကောင်းစရာ (နုပျိုခြင်းနှင့် အိုမင်းခြင်း– မောင်ဆုရှင်)
၁၉:၁၅ ကာလပေါ်တူရိယာအဖွဲ့ (ဂီတကြယ်စင်–ကာလပေါ်အဖွဲ့)
၂၀:၃၀ ခံစားနားဆင်မြန်မာတေးသံစဉ်
(၁) အမိုက်မလေးငှက်ငယ် (မောင်မောင်ကြီး)
(၂) ချစ်၍ရွာသောမိုး (ကြည်ကြည်ဌေး)
(၃) ပန်းလိုလှတဲ့သူ (မောင်မောင်စိုး)

အမျိုးသားညီလာခံ စုံညီအစည်းအဝေး

မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်စတင်ကျင်းပ

ရန်ကုန် ဇူလိုင် ၁၈

ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊ စစ်မှန်သော ပါတီစုံဒီမိုကရေစီစနစ် ထွန်းကားရေး၊ နိုင်ငံတော်၌ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းတည်းဟူသော လောကပါလတရားများ ပိုမိုထွန်းကားရေး၊ အနာဂတ်နိုင်ငံတော်၏ အမျိုးသားနိုင်ငံရေး ဦးဆောင်မှုအခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်နိုင်ရေးဟူသည့် အမျိုးသားညီလာခံဦးတည်ချက်များဖြင့် ၂၀၀၆ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ဒီဇင်ဘာ ၂၉ ရက်အထိ ကျင်းပခဲ့ပြီး ခေတ္တရပ်နားခဲ့သော အမျိုးသားညီလာခံ စုံညီအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ ပြန်လည်၍ စတင်ကျင်းပသည်။

စာမျက်နှာ ၄ ကော်လံ ၁ ■

အမျိုးသားညီလာခံကြီးကို အမျိုးသားရေးတာဝန်အဖြစ်ခံယူပြီး ဆွေးနွေးလျက်ရှိ တိုင်းပြည်နှင့် လူမျိုးအတွက် ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေကြီးရေးဆွဲရာ၌ အသေးစိတ်အခြေခံရမည့်မူများ ရရှိအောင် အကြံဉာဏ်ကောင်းများဖြင့် ညှိနှိုင်းဆောင်ရွက်

အမျိုးသား ညီလာခံ

ရန်ကုန်တိုင်း မော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ ပြည်ထောင်စုခန်းမ၌ အမျိုးသားညီလာခံ ကျင်းပစဉ်။ (သတင်းစဉ်)

ရန်ကုန် ဇူလိုင် ၁၈

ယနေ့ပြန်လည်စတင်ကျင်းပသည့် အမျိုးသားညီလာခံ စုံညီအစည်းအဝေးတွင် အမျိုးသားညီလာခံကျင်းပရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်စပ်လျဉ်း၍ အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်သည်–

အမျိုးသားညီလာခံကိုယ်စားလှယ်ကြီးများကို ယခုလို စုံစုံညီညီ ပြန်လည်တွေ့ဆုံရတဲ့အတွက်လည်း အထူးပင်ဝမ်းမြောက်ကြောင်း ပြောကြားလိုပါတယ်။

စာမျက်နှာ ၆ ကော်လံ ၁ ❒

အမျိုးသားညီလာခံကျင်းပရေး ကော်မရှင်အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း ပြည်တွင်းပြည်ပ သတင်းထောက်များ၏ မေးမြန်းချက်များကို ဖြေကြားစဉ်။ (သတင်းစဉ်)

နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေး တစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန် ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

19-7 (20) 1 7/19/07, 2:30 AM